www.burmeseclassic.com

ရွှေပဒေသာစာပေ

BURMESE CLASSIC

# ဥက္ကာရင်ခေါ

## ကျွန်တော်ဥက္ကာတစ်ရွှမ်းမဟုတ်ပါ

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၇၁၂၀၅၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၉၃၀၀၇၀၈ |
| ပုံနှိပ်ထုတ်ဝေခြင်း | - | ပထမအကြိမ်၊ ၂၀၀၈၊ နိုဝင်ဘာလ။ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက် တိုက် ၄၊ အခန်း ၁၀၊ ပြည်တော်သစ်ရိပ်သာ၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ်၃၀/၃၃၊ ၅၃လမ်း ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ |
| ဖြန့်ချေး | - | ၁၂၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |


BURMESE CLASSIC



## သေမင်းနိုင်ငံသို့အသွား...

"ကလင်...ကလင်...ကလင်...ကလင်"

တယ်လီဖုန်းသံ အဆက်မပြတ်ထွက်လာသည်။ ညနှစ်နာရီကျော် တယ်လီဖုန်းသံ ရုတ်တရက်ထွက်ပေါ်လာသောအခါ အိပ်မောကျနေသောအိမ်သားများ ထိတ်လန့်တုန်လှုပ်စွာနိုးလာကြကုန်၏။

"ကလင်...ကလင်...ကလင်...ကလင်"

အရင်ဆုံး ဒေါ်နီလာက သူမအိပ်ရာဘေးရှိ တယ်လီဖုန်း



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုင်လိုက်သည်။

"ဟဲလို. . ."

"သုခပြည့်စုံကလား. . ."

"ဟုတ်ပါတယ်"

"ဆေးရုံကြီး အရေးပေါ်ဌာနကို. . . အမြန်လာခဲ့ပါ။ အဲ့ဒီက ဥက္ကာရဲကျော်ဆိုတဲ့လူ ကားတိုက်မှုဖြစ်လို့ ဆေးရုံကိုရောက်နေပါတယ်"

"ရှင်"

ဒေါ်နီလာ ထိတ်လန့်တုန်လှုပ်စွာဖြင့် ဘာပြောရမှန်းမသိဖြစ်နေသည်။ ဒေါ်နီလာ၏ခင်ပွန်း ဦးခင်မောင်လွင် တယ်လီဖုန်းကိုယူ၍ အကျိုးအကြောင်းဆက်၍မေးနေသည်။

"ဟုတ်ကဲ့. . . လာခဲ့ပါ့မယ်။ အခုပြောတာ ဘယ်သူပါလဲ"

". . . . . . . . . . . . . . . . . . . . . . . . ."

"ဟုတ်ကဲ့. . . ဟုတ်ကဲ့"

ဦးခင်မောင်လွင် တယ်လီဖုန်းကိုချပြီ ဒေါ်နီလာအားပြော





လိုက်၏။

"ဥက္ကာအခြေအနေ စိုးရိမ်ရတယ်။ သွားရအောင်. . . မြန်မြန်လုပ်၊ ပိုက်ဆံလည်းယူခဲ့။ အခုဖုန်းဆက်တာ. . . ယာဉ်မှုစစ်အရာရှိတဲ့"

ဒေါ်နီလာ အဝတ်အစားလဲပြီး၊ ပိုက်ဆံများ လက်ကိုင်အိတ်ထဲထည့်လိုက်သည်။

"ရင်တုန်လိုက်တာ။ ဘယ်လိုများဖြစ်မလဲမသိဘူး"

"ငါတော့. . . ကော်ဖီဖျော်ခိုင်းလိုက်ပြီ။ ကော်ဖီတစ်ခွက်စီသောက်သွားရအောင်"

အိမ်မှာအလုပ်လုပ်သော ဒေါ်အေးကျင်က ကော်ဖီနှစ်ခွက် အမြန်ဖျော်ပေးသည်။

"ကျင်ကျင်. . . သမီးလေးနိုးရင် သူ့အဖေအကြောင်းမပြောနဲ့။ ရတနာရေ. . . ဆေးရုံရောက်မှဖုန်းဆက်မယ်၊ စောင့်နေနော်။ မလိုက်ခဲ့နဲ့ဦး"

အိမ်ပေါ်မှဆင်းလာသော ရတနာ့ကိုပြောရင်း၊ ဒေါ်နီလာ



www.burmeseclassic.com

www.burmeseclassic.com



တို့လင်မယား ဆေးရုံသို့အရောက်မြန်ရန်အတွက် ကားနှင့်အလော သုံးဆယ်ထွက်သွားကြလေသည်။

"ဥက္ကာဟာ. . . ဖြစ်လိုက်ရင်အသည်းအသန်ပဲ။ ဒီကောင် အတော့်ကိုပျက်စီးနေတာ"

"မပြောပါနဲ့တော့ရှင်။ ဘာဖြစ်မယ်ဆိုတာ မသိသေးဘူး။ ကျွန်မတော့ ဘုရားစာဆိုပြီး. . . ကံကောင်းပါစေလို့ဆုတောင်းနေတာ"

ဒေါ်နီလာ၏ဆုတောင်းကတော့ မပြည့်ခဲ့ရှာပါ။

ဆေးရုံရောက်သည်နှင့် ဥက္ကာရဲကျော်သည် ပြင်းထန်စွာရရှိထားခဲ့သောဒဏ်ရာများနှင့် သတိလစ်မေ့မြောနေသည်ကိုတွေ့ရလေသည်။

လိုအပ်သောကုသမှုများပြုလုပ်ရင်း ဥက္ကာရဲကျော်အား ဆေးရုံတွင် အချိန်ကြာကြာထားရှိရဦးမည်ဖြစ်လေသည်။

●





ဆေးရုံကြီးဝင်းအဝင်းသို့ အနက်ရောင်ပါရာဒိုကားတစ်စီး ဝင်လာလေသည်။ ကားပေါ်တွင် နေကာမျက်မှန်တပ်ထားသော မိန်းမလှလေးတစ်ဦးသာ ပါရှိလေသည်။ သူမ၏ဖြူဖွေးသော အသားအရေလှပမှုသည် အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသောကြောင့် ပို၍ပေါ်လွင်နေလေသည်။ ဖြောင့်တန်းနေသော၊ နီညိုရောင် ဆိုးထားသောဆံပင်သည် ကျောလယ်အထိရှည်သည်။

သူမ၏မျက်နှာကို ဘာမှလိမ်းခြယ်မထားသော်လည်း မျက်ခုံးမွေးထူထူနက်နက်ကလေးကို ကော့ပျံနေအောင် ပုံဖော်ထားလေသည်။ ဥက္ကာရဲကျော် ထားရှိသောအခန်းရှိရာသို့ သူမခြေလှမ်းမှန်မှန်နှင့်လျှောက်လာ၏။

အခန်းထဲမှ ထဘီအနီရောင်ဝတ်ထားသော သူနာပြုဆရာမတစ်ဦးထွက်လာသဖြင့် သူမ၏ခြေလှမ်းများ တုံ့ခနဲရပ်သွားကာ သူနာပြုဆရာမ အနားသို့ရောက်ရှိလာသည်အထိ စောင့်နေလေသည်။

"ဆရာမ. . . အဲဒီအခန်းက ဥက္ကာရဲကျော်ရဲ့အခန်းလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"လူနာအခြေအနေက ဘယ်လိုလဲ"

"မကောင်းဘူး. . . လုံးဝသတိမရဘူး။ ဆယ်ရက်လောက်ရှိနေပြီ။ သွားတော့. . . သွားမှာပါ"

"ကျွတ်. . . ကျွတ်. . . စိတ်မကောင်းစရာပဲ။ ဒါဆို ကျွန်မ မမေးတော့ဘူး"

သူနာပြုဆရာမလေးက ဘာမှမပြောဘဲ ဆက်ထွက်သွား၏။ အဝေးရောက်မှ သူနာပြုဆရာမက နောက်ပြန်၍လှည့်ကြည့်မိသည်။ မိန်းမချောလေးမှာ နေရပ်တွင်ပင် ရပ်နေဆဲဖြစ်သည်။

"တော်တော်ချောတဲ့မိန်းကလေးပဲ။ မင်းသမီးများဖြစ်နေမလားမသိဘူး။ နေကာမျက်မှန်တပ်ထားတယ်ဆိုတော့. . ."

သူနာပြုဆရာမလေးတွေးသလို မင်းသမီးတစ်ယောက်တော့ မဟုတ်ပါ။ မိန်းမချောလေး၏အမည်ကား သက်မှုံးဟေသီဖြစ်လေသည်။ မိုးကုတ်မှ ရတနာကုန်သည်ကြီးဦးသက်မောင်၏သမီးငယ်ဖြစ်ကာ၊ တက္ကသိုလ်မှဘွဲ့ရပြီးနောက် မိဘများ၏လက်ငုတ်လက်ရင်းဖြစ်သော ရတနာလုပ်ငန်းကိုပင် လုပ်ကိုင်နေသူဖြစ်၏။





သက်မှုံးဟေသီသည် ဥက္ကာရဲကျော်၏အခန်းတွင်းသို့ ဝင်ရကောင်းနိုး၊ မဝင်ရကောင်းနိုး၊ ချီတုံချတုံဖြစ်နေစဉ်မှာပင် အမျိုးသမီးတစ်ဦး သူမကိုကျော်ဖြတ်၍ အခန်းဝအနီးရပ်နေလေ၏။

သက်မှုံးဟေသီ ပြန်လှည့်၍လာခဲ့သည်။ အောက်ထပ်သို့ဆင်းမည့်လှေကားအရောက်မှာ တိုင်ကိုကွယ်၍ ဥက္ကာရဲကျော်၏အခန်းသို့ပြန်လှည့်ကြည့်သည်။

အခန်းထဲမှ ဥက္ကာရဲကျော်၏ညီမ ရတနာကျော်ထွက်လာပြီး အခန်းအနီးရပ်နေသော အမျိုးသမီးအားတွေ့သောအခါ တအံ့တသြအမူအရာဖြင့်ကြည့်လိုက်၏။

"မမ. . . ရောက်နေတာကြာပြီလား။ ကိုကို့အကြောင်းကြားလို့မဟုတ်လား။ လာ. . . အထဲမဝင်နဲ့၊ မမကြီးရှိတယ်။ ကြိုက်မှာမဟုတ်ဘူး"

အမျိုးသမီးအား ရတနာကျော်က လက်ဆွဲ၍ အခန်းနှင့်ဝေးရာသို့ခေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဥက္ကာ ဘယ်လိုနေလဲဟင်။ သူသတိမေ့နေတယ်ဆို"

"ဟုတ်တယ်၊ အခြေအနေက စိုးရိမ်ရတယ်။ ဒါပေမဲ့. . . မမ ကြည့်လို့မဖြစ်ပါဘူး"

"မမကြီးကြောင့်လား။ အေးလေ. . . တို့အပြစ်နဲ့တို့ဆိုတော့ လည်း. . . သမီးလေးကရော"

"အိမ်မှာထားခဲ့တယ်။ သူ့အဖေအကြောင်း မပြောပြဘူး။ အိမ်မှာ. . . ဆရာမနဲ့စာသင်နေတယ်။ သူ့အဖေနေမကောင်းလို့ ဆေးရုံတက်တဲ့အကြောင်းပဲပြောထားတယ်"

"သမီးကိုတွေ့ချင်လိုက်တာကွယ်။ ကိုဥက္ကာက သမီးကိုလုံး ဝမတွေ့ရဘူးဆိုလို့ မမ. . . ကျောင်းကိုတောင် သွားမတွေ့ရဲတော့ ဘူး။ သမီး. . . ဒီနှစ်စာမေးပွဲအောင်တယ်နော်"

"ဟုတ်ကဲ့။ အခုဆို ခုနစ်တန်းရောက်နေပြီလေ။ ကဲ. . . မမ ပြန်တော့နော်။ မမကြီးထွက်လာနေဦးမယ်"

"အေးလေ. . . တွေ့ခွင့်မရမယ့်အတူတူတော့ ပြန်တာပဲ ကောင်းပါတယ်။ သမီးလည်းမရှိဘူးဆိုတော့"





ပြောရင်းမှ အမျိုးသမီးမျက်ရည်ကျလာပါသည်။

"ကိုဥက္ကာကို မမရဲ့အမှားတွေအတွက်. . . ကျေနပ်အောင် တောင်းပန်ချင်လိုက်တာနော်"

"ခုမှတော့. . . မထူးတော့ပါဘူး။ ကိုကို့အကြောင်းလည်း သိတယ်မဟုတ်လား။ သိပ်စိတ်ကြီးတာ"

"ဟုတ်ပါတယ်။ အခုချိန်ဆိုတော့ မမကြီးလည်း စိတ်တွေ ရှုပ်ထွေးနေမယ်။ ကိုဥက္ကာအတွက် မမအနေနဲ့ ဘာမှလုပ်မပေး နိုင်တာ စိတ်မကောင်းပါဘူး။ ဒါဆို မမပြန်တော့မယ်။ သမီးလေး ကိုသာ မေးတဲ့အကြောင်းပြောပေးပါ။ သမီးနဲ့စကားပြောချင် လိုက်တာ။ ဖုန်းဆက်လို့ရမလားဟင်"

"မဆက်ပါနဲ့မမရယ်။ သမီးက ဖုန်းကိုင်ရတာလည်းမဟုတ် ဘဲနဲ့။ နောက်တော့ ကျွန်မဆီ မမဆက်သွယ်ပါ။ သမီးနဲ့ မမတွေ့ ခွင့်ရအောင် ကြိုးစားပေးပါ့မယ်"

ဥက္ကာရဲကျော်နှင့် ကွဲကွာသွားသော ဇနီးဟောင်း မရွှေဟန် ဖြစ်ကြောင်း သက်မှူးဟေသီသိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခင်က တွေ့ဖူးခဲ့သောရွှေဟသ်ာနှင့် ယခုတွေ့ရသော ရွှေဟသ်ာပုံစံက တခြားစီပါလားဟုတွေးရင်း အနီးမှထွက်လာခဲ့သည်။

● ● ●

## နှုတ်ဆက်တာလား။ ခြိမ်းခြောက်တာလား

"တစ်. . . တစ်. . . တစ်. . . တစ်"

တိတ်ဆိတ်လွန်းသောညအချိန်မို့ နာရီစက်မြည်သံကိုပင် ပီသစွာကြားနေရ၏။

"ရှိ"

လေချွန်သံ. . .

"ရှိ. . . ရှိ"

သက်မှူးဟောသီ အိပ်ရာက ဆတ်ခနဲထလိုက်၏။ ဒီအချိန်



www.burmeseclassic.com

www.burmeseclassic.com



ကြီးမှာ ဘယ်သူလေချွန်ပါလိမ့်။ မဖြစ်နိုင်တော့။

"ရှီ. . . ရှီ"

အခန်းတံခါးကို တစ်စုံတစ်ယောက်က လာရောက်တွန်းဖွင့်နေသလိုထင်လာ၍ ခြင်ထောင်ထဲမှနေပြီး အခန်းတံခါးဆီ စူးစိုက်ကြည့်မိ၏။ ထိုစဉ် အမွှေးနံ့တစ်ခုရလိုက်သည်။

"ဘုရား. . . ဘုရား"

ရင်ထဲမှ ဘုရားတမိ၏။ ထိုအနံ့သည် ချိုအီသင်းပျံ့၍ စွဲမက်စဖွယ်ကောင်း၍၊ ထိုအနံ့မျိုး အမြဲသင်းပျံ့နေတာ ဥက္ကာရဲကျော်ပင်မဟုတ်လား။

ဘာကြောင့် ဥက္ကာရဲကျော်၏ကိုယ်ရနံ့က ရနေရတာလဲ။ စိတ်ထင်၍လား။

"ရှီ. . . ရှီ"

ဟော. . . ကြားရပြန်ပြီ။

သည်လေချွန်သံ. . . ။

အိပ်ခန်းပြတင်းပေါက်မှ ခန်းဆီးစသည် လှုပ်နေလေသည်။





ခန်းဆီးစက ပါးလွှာသောဇာအဖြူရောင်။ အပြင်မှ လရောင်က ခန်းဆီးစကိုဖြတ်၍ အိပ်ခန်းတွင်းသို့ကျနေ၏။ အိပ်ခန်းထဲမှာတော့ အပြာရောင်မီးလုံးလေးတစ်လုံးသာ ထွန်းထား၏။

"ဟေ. . . သီ"

ရုတ်တရက် တုန်ယင်အက်ကွဲသောအသံဖြင့်ခေါ်လိုက်တာကြား၍ ဖျတ်ခနဲလှည့်ကြည့်လိုက်၏။ ခန်းဆီးစ၏နောက် ပြတင်းပေါက်အပြင်ဘက်မှာ ဥက္ကာရဲကျော်ကိုတွေ့ရသည်။

"ဟင်"

အံ့ဩထိတ်လန့်တုန်လှုပ်စွာဖြင့် ကြည့်နေရင်းက သက်မှူးဟေသီသည် အော်လိုက်မိ၏။ ဒါပေမဲ့. . . အသံက လုံးဝထွက်မလာ။ လည်ချောင်းဝမှာပဲ အသံပျောက်သွားသည်။ ထူးဆန်းလိုက်တာနော်။

"ဟေ. . . သီ"

"ဟင်"

အသံကြားပြီး ပုံသဏ္ဌာန်က,ပျောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟေသီ"

"အမယ်. . . လေး"

ဥက္ကာရဲကျော် ခြင်ထောင်အပြင်မှာ ရောက်နေပြန်ပြီ။

"ရှင်. . . ဘာလာလုပ်တာလဲ"

မရဲတရဲဖြင့် သူမ,မေးလိုက်သည်။

"မင်း. . , ဘာလို့ကြောက်နေတာလဲ"

"မကြောက်ဘူး။ ကျွန်မ ရှင့်ကိုမကြောက်ဘူး"

"တကယ်လား"

မခို့တရို့ပြုး၍ မထီတထိပြောနေသော ဥက္ကာရဲကျော်၏ ပုံစံက အရင်တုန်းကသာဆိုလျှင် ဘယ်လောက်စွဲမက်ဖို့ကောင်းလိုက်မည်လဲ။

ခုတော့. . . ဒါ လူ,မဖြစ်နိုင်။

"မင်းက ငါသေမယ်ဆိုတာ သေချာသိနေတာလား"

"ဟုတ်တယ်။ ရှင်. . . ရှင်. . . ဒီကထွက်သွားပါ။ ဒီနေရာနဲ့ ရှင်ဘာမှမပတ်သက်ဘူး"





"အေး. . . မင်းက ငါ့ကိုသေစေချင်တာ မဟုတ်လား။ သေအောင်လည်း မင်းလုပ်လိုက်တာပဲလေ"

"မဟုတ်ဘူး. . . မဟုတ်ဘူး။ အဲဒါ ရှင့်အကုသိုလ်ကံနဲ့ ရှင်ဖြစ်တာ။ ရှင့်အလောင်းက ဆေးရုံမှာ။ ရှင်ပြန်သွားလေ။ ရှင့်ကိုကျွန်မမုန်းတယ်. . . မုန်းတယ်"

"မုန်းတယ်. . . ဟုတ်လား။ ညာပြောနေပြန်ပါပြီ။ အရင်က၊ မင်း. . ငါ့ကိုအရှူးအမူးစွဲလမ်းခဲ့တယ်လေ"

သက်မှုဟေသီသည် ကြောက်စိတ်လုံးဝမရှိသလောက်ဖြစ်သွား၏။ ဒေါသဖြင့် မျက်နှာသည် နီစွေးနေ၏။

"ဟုတ်တယ်။ ရှင်ဟာ. . . လုံးဝမုန်းဖို့ကောင်းတဲ့လူ။ ရှင့်ကြောင့် ကျွန်မအစ်မဟာ ရူးသွားရပြီ။ ရှင်ရက်စက်တယ်။ ရှင်သစ္စာမရှိဘူး။ ရှင်ဟာ ဖောက်ပြန်တဲ့လူ"

"စွပ်စွဲချက်တွေ. . . များလှချည်လား။ မင်းတို့မိန်းမတွေဖောက်ပြန်တာ၊ သစ္စာမဲ့တာ ထည့်ပြောဦးလေ"

"အဲဒါ. . . မိန်းမတွေအားလုံး မဟုတ်ဘူး။ ရွှေဟသာတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ပဲဖြစ်တာ၊ ရွှေဟင်္သာကိုသွားပြော။ အဲဒီရွှေဟင်္သာအတွက် တခြားမိန်းမတွေကို ရှင်အရှုးလုပ်တာလား။ ရှင်. . . တော်တော် ကောက်ကျစ်စဉ်းလဲတာပဲ"

"ရွှေဟင်္သာရော၊ တခြားမိန်းမတွေရော အားလုံးအတူတူပဲ ကွ။ ငါလုံးဝအထင်မကြီးဘူး။ ငါ့ကိုချစ်ပါ၊ စွဲလမ်းပါလို့ ဘယ်သူ့ကို မှ ငါမပြောခဲ့ဘူး။ မင်းတို့ဖာသာ. . . ရူးသွပ်တာ"

"ရှင်. . . ထွက်သွား။ ရှင့်မျက်နှာ မကြည့်ချင်ဘူး။ ရှင် သေသင့်ပြီ။ သေတော့. . . သေပစ်လိုက်တော့"

သက်မှုးဟေသီ ဒေါသတကြီးအော်ဟစ်ပြောဆိုနေသည်။ ဥက္ကာရဲကျော်ကတော့ မထီတထီပြုံးလျက်ပင်။

"ငါမသေဘူး။ ငါမသေနိုင်သေးဘူး။ မင်းတို့မိန်းမတွေကို ရူးသွပ်အောင်လုပ်ဖို့အတွက် ငါ့အသက်ဆက်ရှင်ဦးမယ်။ မသေ ဘူးကွ။ သိလား. . ."

"မသေလို့မရဘူး။ ရှင်မသေသေအောင် လုပ်ရမယ်။ ရှင့် ကို လူ့လောကမှာ အသက်ရှင်ခွင့်မပေးနိုင်ဘူး။ ရှင်သေရမယ်။





သေကိုသေရမယ်"

"ငါ့ကိုသေစေချင်တာ. . . မင်းလား။ မင်းလည်း ငါနဲ့အတူ လိုက်သေရမယ်။ သေရွာကိုအတူသွားဖို့ မင်းကိုလာခေါ်တာ။ လိုက်ခဲ့"

ခြင်ထောင်တွင်းသို့ ဥက္ကာရဲကျော် တိုးဝင်လာ၏။ ကြောက် လန့်တကြားဖြင့် သက်မှုးဟေသီ အော်ဟစ်မောင်းထုတ်လိုက်မိ သည်။

"မလိုက်ဘူး. . ."

"မလိုက်ဘူး။ ရှင့်ဖာသာသွားသေစမ်း. . . သေလိုက်စမ်း။ ကျွန်မကိုမခေါ်နဲ့။ ကျွန်မကိုမခေါ်နဲ့။ မလိုက်ဘူး"

"ဒေါက်. . . ဒေါက်. . . ဒေါက်"

သက်မှုးဟေသီ၏အိပ်ခန်းတံခါးကို ပြင်းထန်စွာခေါက်၍ ခေါ်သံကိုကြားလိုက်ရသည်။

"ဟေသီ. . . ဟေသီ. . . ဘာဖြစ်နေလဲ"

အန်တီနု၏အသံကြောင့် သက်မှုးဟေသီ ရုတ်တရက်ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



သက်သွား၏။

"ဟေသီ. . . ဘာတွေဖြစ်နေလဲ။ တံခါးဖွင့်စမ်း"

သက်မှူးဟေသီက ခြင်ထောင်အမိုးကိုကြည့်ရင်း စဉ်းစားလိုက်၏။

"ဥက္ကာရဲကျော်. . . သူဘယ်ရောက်သွားပါလိမ့်"

အိပ်မက်မက်နေတာလား။ ဥက္ကာရဲကျော် တကယ်ရောက်လာတာလား။ ဇဝေဇဝါအတွေးဖြင့် ခြင်ထောင်တွင်းမှထွက်ပြီး တံခါးဖွင့်ပေးလိုက်သည်။

စိုးရိမ်တကြီးအမူအရာဖြင့် အန်တီနု အခန်းထဲဝင်လာ၏။

"ဘာဖြစ်နေတာလဲ. . . ဟေသီ။ အော်သံကြားလို့ လာကြည့်တာ။ အခန်းထဲ ဘယ်သူရောက်နေလဲလို့. . .။ တစ်ခုခုများဖြစ်နေသလား။ စိုးရိမ်လိုက်ရတာဟယ်"

အခန်းထဲဝင်လာချင်းချင်း မီးခလုတ်ကိုဖွင့်၍ပြောလိုက်၏။ မီးချောင်းဖွင့်လိုက်သဖြင့် တစ်ခန်းလုံးလင်းသွား၏။ အန်တီနုက အခန်းထဲက ပစ္စည်းတွေအနေအထားကိုကြည့်သည်။ ပြီးတော့ တစ်





စုံတစ်ခုကိုထိတ်လန့်နေပုံရသောသက်မှူးဟေသီအား ခြေဆုံးခေါင်းဆုံးကြည့်လိုက်သည်။

ပန်းနုရောင်ညဝတ်အင်္ကျီပါးပါးလေးနှင့် သက်မှူးဟေသီ၏ ပါးပေါ်မှာ မျက်ရည်စတွေ စိုစွတ်နေသည်။ အန်တီနုက သက်မှူးဟေသီ၏ပါးပေါ်မှ မျက်ရည်စများအား လက်ဖမိုးဖြင့်သုတ်ပေးလိုက်၏။

"အိပ်မက်ဆိုးတွေမက်ပြီးငိုနေတာလား ဟေသီ။ ဘုရားရှိခိုးပြီးမှအိပ်လို့ အန်တီနုပြောထားတယ်မဟုတ်လားကွယ်"

"အိပ်မက်ဆိုးပဲဖြစ်ရင်တော်သေးတာပေါ့ အန်တီနုရယ်"

သက်မှူးဟေသီက အန်တီနု၏ရင်ခွင်ထဲ ခေါင်းတိုးဝင်ကာ ရှိုက်ငိုလိုက်သည်။ အန်တီနု စိတ်မကောင်းဖြစ်ရသည်။ မိခင်မရှိသော သည်ညီမနှစ်ယောက်ကို မိမိက သားသမီးလိုပြုစုစောင့်ရှောက်ခဲ့ရသည်မဟုတ်လား။

တကယ်ဆို အန်တီနုက အပျိုကြီးဖြစ်သည်။ သက်မှူးဟေသီတို့အမေ၏ ညီမတစ်ဝမ်းကွဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အစ်မဖြစ်သူနှင့်အတူလာနေရင်းမှ အစ်မသေဆုံးသွားချိန်မှာ သည်တူမလေးနှစ်ယောက်အပေါ် သနားကြင်နာသံယောဇဉ်တွယ်ကာ မိမိနေရပ်သို့မပြန်ဘဲ ခုချိန်အထိ အတူနေခဲ့ခြင်းဖြစ်၏။

သက်မှူးဟေသီ၏အစ်မ သက်ဦးကေသီက ယခုအခါ စိတ်ရောဂါဝေဒနာရှင်အဖြစ် ဆေးရုံတွင်ရောက်နေသည်မဟုတ်ပါလား။

"ဥက္ကာရဲကျော်ဆိုတဲ့လူလေ. . . သမီးကိုလာခြောက်တယ် အန်တီနု"

"ဟင်. . . လာခြောက်ရအောင် သူကသေသွားလို့လား။ ဆေးရုံမှာဆို"

"ခုလောက်ဆို. . . သေချင်သေနေမှာ။ သူ့အခြေအနေက အရမ်းဆိုးတယ်။ လုံးဝမျှော်လင့်စရာမရှိဘူး။ သေမယ့်နေ့ကိုစောင့်နေရတဲ့လူ။ သေဖို့က. . . ကိုးဆယ်ရာခိုင်နှုန်းပဲလေ"

"ဥက္ကာရဲကျော်လိုလူမျိုးက သေလည်း ဘာမှလွမ်းလောက်





စရာမရှိပါဘူး။ သူက လူဆိုးပဲ။ သစ္စာမရှိတဲ့လူ။ ကလိမ်ကကျစ်တစ်ယောက် မဟုတ်လား။ သူ့လိုလူအတွက် တို့များ. . . သမီးကြီးသက်ဦးကေသီ ရူးရတယ်လို့။ တန်တောင်မတန်ပါဘူးကွယ်။ သူ့အကြောင်းစိတ်စွဲလို့ အိပ်မက်မက်တာဖြစ်ပါလိမ့်မယ်။ စိတ်အေးလက်အေးထားပြီး အိပ်ပျော်အောင်အိပ်တော့. . . သမီး"

"မဟုတ်ဘူး. . . အိပ်မက်မက်တာမဟုတ်ဘူး။ သူ လာကိုခြောက်တာ။ သူ့ကိုယ်အနံ့က ဟောဒီအခန်းထဲမှာ ကျန်နေတာ။ သူသုံးတဲ့ရေမွှေးနံ့လေ။ အန်တီနု အနံ့မရဘူးလား"

အန်တီနု နှာခေါင်းကို ရှုံ့ပွရှုံ့ပွလုပ်ရင်း အနံ့ခံကြည့်၏။ ဘာအနံ့မှ ထူးထူးခြားခြားမရ။

"မရပါဘူး. . . သမီးရယ်။ သမီးလေး ရင်အေးသွားအောင် ရေတစ်ခွက် သောက်အိပ်လိုက်"

အန်တီနုက ရေတစ်ခွက်ခပ်ပေးပြီး၊ သက်မှူးဟေသီအား သောက်စေကာ ချော့မော့၍ပြန်အိပ်ခိုင်းလေသည်။

သက်မှူးဟေသီသည် ခုတလော စိတ်ညစ်တာများ၊ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ထွေးတာရောပေါင်းပြီး ဘုရားမရှိခိုးဖြစ်တာအပြင် အစ်မဖြစ်သူအတွက် စိတ်ယောက်ယက်ခတ်ကာ၊ အစ်မဖြစ်သူ၏ကိုယ်စား ဥက္ကာရဲကျော်အား ကလဲ့စားချေချင်နေမိသည်မဟုတ်လား။

ဒေါသမောဟတွေကြောင့် ဘုရားတရားအလုပ်တွေလည်း မေ့ထားခဲ့သည်လေကွယ်။

## သွားတော့. . .နော်

"ဆရာဝန်ကြီးက လူနာကို အိမ်ပြန်ခေါ်သွားနိုင်ပြီဆိုတော့လည်း ခေါ်လာရတော့မှာပေါ့။ သူက အန်ကော့ရှက်စ်ဖြစ်နေတာ။ ကြာကြာလေး. . . အချိန်ယူကုရမှာ။ အိမ်မှာတော့ သူ့ကိုပြုစုဖို့ စပယ်ရှယ်နပ်စ် ငှားထားရမှာလေ"

ဒေါ်နီလာက သူငယ်ချင်းဖြစ်သူ ဒေါ်သွယ်သွယ်ဝင်းအား ဥက္ကာရဲကျော်အကြောင်း ရှင်းပြနေသည်။ ဥက္ကာရဲကျော် ဆေးရုံတွင် ရက်နှစ်ဆယ်လောက်နေပြီးသည်အထိ သတိပြန်မရသေး။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ခန္ဓာပေါ်မှာရှိသောဒဏ်ရာတွေက ပျောက်သလောက်ပင် ရှိတော့မည်။ နှာခေါင်းပိုက်တပ်ပြီး အစာသွင်းပေးရ၏။

အိမ်သို့ပြန်ခေါ်လာပြီး ဆယ်ရက်အကြာမှာ ဥက္ကာရဲကျော်၏အသက်ရှူသံပြင်းပြင်းကြားရ၏။ အသက်ရှူမရအောင် မောနေသည့်အသွင်ဖြစ်၍ ဆရာဝန်ကို အိမ်သို့ပင့်၍ပြရသည်။

"အမောဖောက်နေပြီ။ မနက်ဖြန်. . . သန်ဘက်ခါလောက်တော့ သူမွေးနေ့လည်းဖြစ်တယ်။ နေ့မကူးခင်တောင် သွားမလားမသိဘူး"

ဒေါ်အေးကျင်ဆီမှပြောသံကို ကြားရခြင်းဖြစ်၏။ ပိုပြီးသေချာအောင် သက်မှူးဟေသီကိုယ်တိုင် အိမ်သို့သွား၍ ဥက္ကာရဲကျော်၏အခြေအနေကိုကြည့်သည်။

ဥက္ကာရဲကျော်အား အောက်ဆီဂျင်ပေးထားရသည်။ မျက်နှာပေါ်မှာရှိနေသော ဒဏ်ရာတွေပျောက်သွားကာ အသားအရေမှာ ဝင်းဖန့်နေ၏။ အောက်ဆီဂျင်ပေးထားတောင် အသက်ရှူသံက တရှိုက်ရှိုက်နှင့်ထွက်နေ၏။ အတော်လေး နေရခက်သည့်ပုံပင်။

ဒီလိုမြင်ရတော့လည်း ဥက္ကာရဲကျော်က သနားစရာကောင်း





နေသား။ ဒါပေမဲ့. . . မသနားနိုင်ပေါင်။ ဒီလိုလူမျိုးက စောစောကတည်းက မရှိသင့်တာ။ သူ့ကြောင့် မိန်းမတွေ ဒုက္ခရောက်ခဲ့တာ။

သက်မှူးဟေသီက ဥက္ကာရဲကျော်၏မျက်နှာကို သေချာစိုက်ကြည့်နေ၏။ ဒီလူကို သူမကိုယ်တိုင်လည်း ရင်ခုန် စွဲလမ်းခဲ့ဖူးတာ မဟုတ်လား။

သူမှသူဖြစ်ခဲ့တဲ့အကြောင်းတွေ စဉ်းစားရင်း မလုံမလဲစိတ်နှင့် သူမကိုယ်သူမ ရှက်မိ၏။

အတိတ်အကြောင်းများတော့ ပြန်မတွေးချင်ပါဘူး။ သူ့အကြောင်းတွေ မဖြစ်ခဲ့ဘူး၊ မရှိခဲ့ဘူးပဲထားလိုက်ပါတော့။

●

အိမ်သို့ပြန်ရောက်သည်နှင့် ဥက္ကာရဲကျော်၏နာရေးသတင်းကိုပင် စောင့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းအချိန်ရောက်တော့. . .

"ကလင်. . . ကလင်. . . ကလင်. . . ကလင်"

တယ်လီဖုန်းသံမြည်လာ၏။ လက်ကိုင်ဖုန်းကမဟုတ်ဘဲ အိမ်ဖုန်းကမြည်တာဆိုတော့ ဥက္ကာရဲ့ကျော်အိမ်က ဒေါ်နီလာတို့ဆက်တာဖြစ်နိုင်သည်။

"ဟဲလို"

"မသက်မှူးဟေသီတို့အိမ်ကလား"

"ဟုတ်ပါတယ်။ အခုပြောနေတာ ကျွန်မပါ"

"ဩော်. . . မဟေသီလား။ ကျွန်မ,ဒေါ်အေးကျင်ပါ"

"ပြောပါ. . . ကျင်ကျင်။ ဘာထူးခြားလဲ"

သူ့အိမ်သားတွေခေါ်သလိုပင် ဒေါ်အေးကျင်အား 'ကျင်ကျင်' ဟု တရင်းတနှီးခေါ်လိုက်သည်။

"ဟိုဟာ. . .ကိုလေးကိုဥက္ကာရယ်လေ သတိရလာပြီ"

"ရှင်"

တယ်လီဖုန်းပင် လက်ကလွတ်ကျမတတ်၊ အံ့ဩတုန်လှုပ်





သွားရသည်။

"သတိရလာတယ်ဆိုတာက. . ."

"ပြန်ကောင်းလာတာပေါ့. . . အသက်ရှုရကျပ်နေပြီဆိုပြီး အောက်ဆီဂျင်ပေးထားရာက ဖြုတ်လိုက်ရပြီ။ မျက်လုံးလည်းပွင့်လာပြီ။ ညည်းလည်းညည်းနေတယ်"

"အဲဒါကောင်းလာတာလား. . . အခြေအနေ ပိုဆိုးသွားတာလား။ ဆရာဝန်ခေါ်သေးလား"

"ဆရာဝန်ခေါ်တာပေါ့။ ဆရာဝန်တောင် အံ့ဩနေတယ်။ အောက်ဆီဂျင်ပေးတဲ့ပိုက်ကို သူ့ဘာသာဆွဲဖြုတ်တာ။ အစာသွင်းတဲ့ပိုက်လည်းမရှိဘူး။ ရေသောက်ချင်တယ်ပြောလို့ ရေတိုက်ပြီးပြီ. . ."

"ဟယ်. . . တော့။ ဒါဆို သူ,မသေတော့ဘူးပေါ့"

"ဟုတ်တယ်။ အဲဒါမဟေသီတို့ဝမ်းသာရအောင် ကျွန်မဖုန်းဆက်တာ"

သက်မှူးဟေသီနှာခေါင်းရှုံ့လိုက်၏။ ဘယ်ကဝမ်းသာရမှာ



www.burmeseclassic.com

www.burmeseclassic.com



လဲ။ သူ့ကိုသေစေချင်နေတာ။

ဒေါ်အေးကျင် အကဲခတ်လွဲနေပြီလေ။ သက်မှူးဟေသီက ဥက္ကာရဲကျော်အကြောင်း စုံစမ်းမေးမြန်းနေတာကို စိုးရိမ်ပူပန်လို့ဟုထင်နေတာကိုး။

"ဒါပဲနော်. . . မဟေသီ။ အိမ်ကိုလာမေးချင်မေးလေ။ မနီလာတို့လည်း ဝမ်းသာနေကြတယ်"

"ဟုတ်. . . ဟုတ်. . . ကျေးဇူးတင်ပါတယ်"

သက်မှူးဟေသီ သက်ပြင်းတစ်ချက်ရှိုက်လိုက်၏။

● ● ●



## မယုံနိုင်စရာ

သတိမေ့မြောနေတော့လည်း ပြန်ပြီးသတိလည်မလာနိုင်တော့ဘူးလို့ ထင်ရလောက်အောင်ဖြစ်သည်။ လေးဆယ့်ငါးရက်ကြာလောက် သတိမေ့နေပြီး ပြန်သတိရလာတော့လည်း အရင်က အိပ်ရာထဲမှာ မေ့မြောနေပြီး သေမယ့်လမ်း ခြေလှမ်းနေတဲ့လူလို့ မထင်ရအောင် ဥက္ကာရဲကျော်၏အသွင်က လျှင်မြန်စွာထူထောင်လန်းဆန်းနေသည်။

"ဘုရားတရားရဲ့တန်ခိုးပဲ။ သူ့ကို အသက်ရှင်ခွင့်ပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ဆန်ပြုတ်ကျဲကျဲလေး စတိုက်မယ်။ မနေ့ကတော့ ကော်ဖီနဲ့ နွားနို့ဆယ်ခွက်လောက် သောက်တာ။ ဆာတယ်. . . ဆာတယ်နဲ့ အစာချည်း. . . တောင်းနေတာလေ"

ဒေါ်နီလာက ဥက္ကာရဲကျော်၏သတင်း လာမေးသောမိတ်ဆွေအား ပြောနေခြင်းဖြစ်သည်။ ဒေါ်အေးကျင်က ဆန်ပြုတ်ပန်းကန်အား ဥက္ကာရဲကျော်၏အခန်းထဲသို့ ယူသွားပေးသည်။

"မနီလာရဲ့ဆရာကလည်း. . . တော်တော်စွမ်းတာပဲနော်"

ဒေါ်မိမိဆွေက ပြောသည်။

"အင်း. . . ကျွန်မမေးတဲ့ဆရာတွေလည်း စုံပြီလေ။ သံလျင်က အကြားအမြင်ဆရာမက မသေနိုင်သေးဘူးတဲ့။ နတ်သွားမေးတော့ မြောနေပြီ၊ မျှော်လင့်ချက်မရှိဘူးတဲ့။ နောက်ဆရာတစ်ယောက်ကတော့ ဘဝဟောင်းက ဆွေမျိုးတွေက လာခေါ်နေလို့တဲ့။ အစုံပါပဲ. . . တစ်ယောက်တစ်မျိုး။ နီလာကတော့ မယ်မယ်ပေးတဲ့ဖယောင်းတိုင်နဲ့အင်းကို အမြဲထွန်းပေးထားတာ"

ဥက္ကာရဲကျော်၏အိပ်ခန်းထဲသို့ လှမ်းမြင်နေရသည်။ ဧည့်





ခန်းကခုံမှာထိုင်ပြီး စကားပြောနေကြခြင်းဖြစ်၏။

ဥက္ကာရဲကျော်အား သေလူပြန်ဟုသဘောထားရာက ခုလိုနေပြန်ကောင်းလာသည်ဟုကြားသည်နှင့် မိတ်ဆွေများက ဝမ်းသာစွာလာပြီး သတင်းလာမေးနေကြခြင်းဖြစ်သည်။

"ဒီဆန်ပြုတ်တွေက ဘာလုပ်ရမှာလဲ. . . မစားချင်ဘူး။ ကြက်သားကြော်ယူလာခဲ့"

ဥက္ကာရဲကျော်၏မာထန်စွာ ပြောလိုက်သံကို ဧည့်သည်တွေကြားလိုက်ကြသည်။ ဒေါ်နီလာက အိပ်ခန်းထဲဝင်သွား၏။

"ဘာဖြစ်သလဲ. . . ကျင်ကျင်"

ဒေါ်အေးကျင် မျက်စိမျက်နှာပျက်နေ၏။

"ဆန်ပြုတ်မသောက်ချင်ဘူးတဲ့။ ကြက်သားကြော်စားချင်တယ်ပြောနေတယ်"

"ဩော်. . . ဥက္ကာက လူမမာမို့ ဆန်ပြုတ်ပဲတိုက်တာပါ။ ဆရာဝန်ကလည်း အစာပျော့ပျော့ပဲကျွေးဆိုလို့. . .၊ ကြက်သားကြော်စားချင်ရင် ကြက်သားကြော်ကျွေးမှာပေါ့။ ရေခဲသေတ္တာထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ကြက်သားရှိသေးတယ်မဟုတ်လား။ ကြော်ပေးလိုက်ပါ ကျင်ကျင်ရယ်"

ဒေါ်နီလာက သူမောင်ကိုအလိုလိုက်ပေးနေကျမို့ ဒေါ်အေးကျင်အား ချက်ချင်း ကြက်သားကြော်ခိုင်းလိုက်၏။

"ဩော်. . . လူမမာနာလန်ထက ကြက်သားစားချင်နေတာကိုး။ ကောင်းတယ်. . .၊ စားချင်စိတ်ရှိတယ်ဆိုတာ ကောင်းတာပေါ့"

ဒေါ်မိမိဆွေက ပြောလိုက်၏။

ဒေါ်အေးကျင်သည် ရေခဲသေတ္တာထဲမှ ကြက်သားများကို ရေနွေးဖြင့်ဆေး၊ ဆားနနွင်းနယ်၊ ချင်း၊ ကြက်သွန်ဖြူတို့ဖြင့် ကြော်ပေးလေသည်။

အောက်ထပ်မီးဖိုခန်းမှ ကြက်သားကြော်အနံ့သည် အပေါ်ထပ်ဧည့်ခန်းသို့ပင် မွှေးလာ၏။

"ဟယ်. . . ကြက်သားကြော်က တော်တော်ကောင်းမှာပဲ။ အနံ့ရတာနဲ့ လူမမာမပြောနဲ့၊ ငါတို့တောင် စားချင်စိတ်ပေါက်လာ





ပြီ"

ဒေါ်အေးကျင်ကိုယ်တိုင် ကြက်သားကို ဂရုတစိုက်ကြွပ်ကြွပ်ကလေးကြော်လာပေး၏။ နောက်နေ့ ဟင်းချက်ရန်ဝယ်ထားသော ကြက်သားထဲမှ တစ်ဝက်ကိုကြော်ပေးခြင်းဖြစ်၏။

ဥက္ကာရဲကျော်အား ကြက်သားကြော်ကျွေးနေစဉ် လူမမာမေးသည့်ဧည့်သည်တွေ ပြန်သွားပြီဖြစ်၏။

"အမယ်လေး. . . ဖြည်းဖြည်းစားပါဥက္ကာရယ်။ ကြက်သားကြော်စားနေလိုက်တာ. . . အားပါးတရပဲ"

ဒေါ်နီလာက ဥက္ကာရဲကျော်စားနေပုံကိုကြည့်၍ ပြောလိုက်၏။ သူနာပြုဆရာမလေးဒေါ်ဝတ်မှုန်စံလည်း အနားမှာရှိသည်။ ဥက္ကာရဲကျော်အစာစားနေတာ ကြည့်၍ပြုံး၏။ ကြက်သားတုံးငါးတုံးကိုစားလိုက်တာ ပြိုက်ခနဲဆိုကုန်သွား၏။

"ကောင်းလား. . . ကိုဥက္ကာ"

ဒေါ်အေးကျင်က မေး၏။

"အင်း. . . ရှိသေးလား"



www.burmeseclassic.com

www.burmeseclassic.com



ကြက်အရိုးကိုစုပ်နေရာက ဥက္ကာ့ရဲကျော်မေးလိုက်၏။

"ဟဲ့. . . မဝသေးဘူးလား။ နေကောင်းခါစ. . . လူမမာက အများကြီးစားလို့မရဘူးလေ။ အစာမကြေဘဲဖြစ်နေဦးမယ်"

ဒေါ်နီလာက ပြောလိုက်၏။

"ဝမှမဝသေးတာ။ ကျင်ကျင်. . . ရှိသေးလား။ လုပ်ဗျာ"

"မရှိတော့ဘူး။ နောက်နေ့မှ. . . ကြက်တစ်ကောင်လုံးဝယ်ကြော်ပေးမယ်နော်။ အစာစားပြီးရင် ဆေးသောက်လိုက်ဦး"

ဝတ်မှုန်ဂုဏ်က သောက်ရမည့်ဆေးကိုပေး၏။

"ဘာဆေးတွေလဲ။ မသောက်ဘူး။ ဘာဆေးမှမလိုဘူး"

ဆေးကိုလက်နှင့်ပုတ်ချကာပြောသဖြင့် ဝတ်မှုန်စံခမျာ ဥက္ကာရဲကျော်၏အမူအရာအား ထိတ်လန့်တုန်လှုပ်သွားလေသည်။

"အခုမသောက်ချင်ရင် ခဏထားလိုက်ဦးမယ်။ ဆရာဝန်ကြီးသောက်ခိုင်းထားတဲ့ဆေးကတော့. . . သောက်ကိုသောက်ရပါ့မယ်"

ဝတ်မှုန်စံက လေသံပျော့ပျော့လေးနှင့် ချော့မော့ပြော၏။





ဥက္ကာရဲကျော် အိပ်ရာထက်မှထလိုက်၏။ ပိုးသားလို ပျော့အိနူးညံ့သောအသားဖြင့်ချုပ်ထားသော အင်္ကျီရှည်၊ ဘောင်းဘီရှည်ပွပွကို ဝတ်ထား၏။

အိပ်ခန်းထဲမှာ လမ်းလျှောက်သည်။ ပြီးတော့ မှန်ရှေ့တွင် ရပ်၍ သူ့ပုံရိပ်ကိုသူကြည့်၏။

မနေ့ကပင် မုတ်ဆိတ်တွေ ပါးသိုင်းမွေးတွေ ရိပ်ပေးထားသဖြင့် မျက်နှာသည် ပြောင်ချောစင်ကြယ်နေ၏။ ဆံပင်က အနည်းငယ်ရှည်နေသဖြင့် ညှင်းသိုးသိုးဖြစ်နေ၏။ ကိုယ်ပေါ်တွင်ဝတ်ထားသောအဝတ်အစားများကို သူချွတ်လိုက်၏။

"ဘာလုပ်မလို့လဲ. . . ဟင်"

သူနာပြုဆရာမလေးဝတ်မှုန်စံက မေး၏။

"ရေချိုးမလို့"

"ဖြစ်ပါ့မလား။ ခုမှ သတိရလာခါစလူ၊ အားမရှိသေးဘူး။ ကျွန်မ ရေပတ်တိုက်ပေးထားတယ်လေ"

"ရေချိုးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောမရဆိုမရ၊ တားဆီး၍မရသော ဥက္ကာရဲကျော်သည် ရေချိုးခန်းသို့ ဖွတ်ဖတင်းဝင်၍ ရေချိုးသည်။ ဗရက အနည်းငယ်အေးသော်လည်း စိတ်ထဲမှာ ပေ့ါပါးလန်းဆန်းသွား၏။ အဝတ်အစားများလဲပြီးသောအခါ ဥက္ကာရဲကျော်၏သမီးလေး ကျောင်းကပြန်လာသည်။

"ဟာ. . . ဖေကြီးက ဒီနေ့ချောနေတယ်။ တော်တော်ချောနေတာပဲ"

သမီးလေး ဆန်းစသော်တာသည် ဖခင်ဖြစ်သူ၏ရင်ခွင်ထဲတိုးဝင်ကာ ချွဲချွဲနွဲ့နွဲ့ပြောလိုက်၏။ ဖခင်ဖြစ်သူ နေကောင်းလာခြင်းအတွက် ဆန်းစသော်တာလေး ဝမ်းသာနေသည်။

"သမီးတောင်. . . ကျောင်းက ပြန်လာပြီပဲ။ ဘာစားပြီးပြီလဲသမီး။ ဖေဖေ ဗိုက်ဆာတယ်။ တစ်ခုခုလုပ်နိုင်းလိုက်သမီး"

ဆန်းစသော်တာ အဝတ်အစားလဲပြီးသည်နှင့် ဖခင်ဖြစ်သူလက်ကိုဆွဲ၍ အောက်သို့ဆင်းလာသည်။ ကျောင်းက ပြန်လာလျှင်တစ်ခုခုအဆာပြေစား၊ ခဏနားပြီး ဆရာမနှင့်စာဆက်သင်ရမည်





မဟုတ်လား။

ဆန်းစသော်တာလေးအတွက် အိမ်ဖော်မလေး အသန်းက မိုင်လိုအအေးတစ်ခွက် ဖျော်ပေးထား၏။ ပေါင်မုန့်အရှည်တွင်ကြက်အူချောင်း အစာသွပ်ထားသောမုန့်လည်း ချပေးထား၏။

ကလေးအတွက်ထားသောမုန့်ကို ဥက္ကာရဲကျော်က ယူစားလိုက်၏။

"ရှိသေးလား. . . ပေးဦး"

အသန်းတ ကြောင်အိမ်ထဲထည့်ထားသော ပေါင်မုန့်ကိုယူပေးသည်။ ဆန်းစသော်တာက မုန့်စားချင်စိတ်မရှိ၍ မိုင်လိုအအေးကိုသောက်နေ၏။

ဥက္ကာရဲကျော် ပေါင်မုန့်အရှည်ကို ပြုက်ခနဲကုန်အောင်စားပြီး ထပ်တောင်း၏။

"မရှိတော့ဘူးအစ်ကိုလေး။ ဒါအကုန်ပဲ"

"ဟာ. . . ငါဗိုက်ဆာနေတယ်။ ဘာရှိလဲ"

ရေခဲသေတ္တာကို ဥက္ကာရဲကျော်ဆွဲဖွင့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အသီးအနှံတွေကိုကြည့်ပြီး နှာခေါင်းရှုံ့သည်။

ကြက်ဥများ အစီအရီထည့်ထားသည့်အထဲမှ ကြက်ဥနှစ်လုံး ယူလိုက်၏။ ပြီးတော့ ကြက်ဥကို စားပွဲထောင့်စွန်းနှင့်ရိုက်ကာ အစိမ်းလိုက်စားလေသည်။

အသန်း ဘာမှမပြောရဲ။

အံ့အားသင့်သလိုကြည့်နေ၏။

"ငါဗိုက်ဆာနေတယ်။ မနက်ဖြန်ကျရင်. . . ထမင်းများများ ချက်၊ အသားဟင်းကောင်းကောင်းချက်"

ဥက္ကာရဲကျော် အိမ်ပေါ်သို့ပြန်တက်သွား၏။

သူနာပြုဆရာမလေးဝတ်မှုန်စံက အိမ်သို့ပြန်ရန်အတွက် အပေါ်မှဆင်းလာ၏။

"ကြက်သားကြော်တွေလည်း အများကြီးစားလိုက်တယ်။ ကြက်ဥနှစ်လုံး အစိမ်းလိုက်ဖောက်စားတယ်။ ဒါလည်းမဝသေး ဘူးတဲ့။ ဟုတ်မှဟုတ်ရဲ့လား. . . မသိဘူး"

အသန်းက ဒေါ်အေးကျင်အားပြောနေတာကို ဝတ်မှုန်စံ





ကကြား၍ အနီးသို့လျှောက်လာ၏။

"ဟုတ်တယ်. . . အန်တီရယ်။ ကျွန်မတောင်ကြောက်လာပြီ၊ လူမှဟုတ်ရဲ့လားမသိဘူး"

ဝတ်မှုန်စံက ပြောသည်။

"ဘာဖြစ်တယ်ကင်လို့လဲ"

"ဖုတ်ဝင်နေတဲ့အတိုင်းပဲ"

"ဟုတ်တယ်. . . ဟုတ်တယ်"

အသန်းက ထောက်ခံသည်။

"လွှမမာ နလန်ထမိုပါ။ အရင်ကလည်း အစ်ကိုလေး ကို ဥက္ကာက. . . အစားအသောက် အင်မတန်တပ်မက်တာ။ အသား ပဲစားတာ။ အသီးအရွက်. . . လုံးဝမကြိုက်ဘူး။ မဟုတ်တာတွေ မထင်ပါနဲ့"

"ကျွန်မပြန်မယ်နော်. . . အန်တီကျင်။ မနီလာကို ကျွန်မ မနက်ဖြန်မလာဘူးဆိုတဲ့အကြောင်းပြောပေးပါ။ စောစောကပြော မလို့. . . ညှိသည်တွေများနေတာနဲ့ အခုတော့ အပြင်ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



ယ်ဆိုတော့"

"ဟုတ်ကဲ့ပါဆရာမလေး။ ဖုန်းဆက်လိုက်ပါဦးနော်"

ဝတ်မှုန်စံ အိမ်ထဲမှ ခပ်သုတ်သုတ်လျှောက်၍ ထွက်သွား တော့သည်။

● ● ●

## အစားကြီးတဲ့ ဖုတ်ကောင်

"ရှီး . . . ရှီး . . . ရှီး"

လေချွန်သံ အဆက်မပြတ်ကြားနေရသဖြင့် အသန်းသည် လုပ်လက်စအလုပ်ကိုထားခဲ့ပြီး မီးဖိုခန်းထဲကထွက်လာ၏။

သည်အိမ်မှာ လေချွန်တတ်တာ အစ်ကိုလေးကိုဥက္ကာပဲရှိ တာမဟုတ်လား။

ဧည့်ခန်းထဲမှာ မည်သူမျှမရှိ။

ညမအိပ်ခင် ဒေါ်အေးကျင်ကိုယ်တိုင် အိမ်တံခါးတွေ သေ



www.burmeseclassic.com

www.burmeseclassic.com



နှာပိတ်ခဲ့လားလို့ စစ်ဆေးကြည့်တတ်သည့်အတိုင်းကြည့်၍ပြီးကာ အပေါ်ထပ်မှဆင်းလာ၏။

"ဘာလုပ်မလို့လဲ. . . အသန်း"

"လေချွန်သံကြားလို့။ အစ်ကိုလေးကိုဥက္ကာများလားလို့"

"ဟိုကဖြင့် အိပ်ပျော်နေပြီ။ ကဲ. . . အိပ်ကြစို့"

"ဟုတ်ကဲ့။ ဘော်လီအင်္ကျီချိတ်ပြုတ်လို့ တပ်နေတာပါ။ ပြီးပါပြီ"

အောက်ထပ်မီးဖိုခန်းနှင့် စတိုခန်းကြား အခန်းငယ်လေးထဲမှာ ဒေါ်အေးကျင်နှင့်အသန်းတို့အိပ်ကြရ၏။

ထုံးစံအတိုင်း ဒေါ်အေးကျင်က ဘုရားရှိခိုးပြီးမှအိပ်သည်။ အသန်းကတော့ ဘုရားရှိခိုးဖို့အမြဲမေ့တတ်၏။ အိပ်မယ်ဆိုပြီး ခြင်ထောင်ထဲဝင်၊ ခေါင်းအုံးပေါ်ခေါင်းချလိုက်တာနှင့် အိပ်ပျော်သွားတော့၏။

"ရှပ်. . . ရှပ်. . . ရှပ်. . . ရှပ်"

ကြမ်းပြင်နှင့်ပွတ်တိုက်၍ တစ်စုံတစ်ခုလှုပ်ရှားနေသံကို





အသန်းကြားလိုက်ရ၏။ အသန်း၏မျက်လုံးများ ပွင့်လာသည် မီမိတို့အိပ်သည့်အခန်း၏အပြင်မှာ တစ်စုံတစ်ယောက်လှုပ်ရှားသွားလာနေသည်ဟုထင်မိ၏။

ဒီအချိန် မည်သူရှိမှာလဲ. . .။

သူခိုးဝင်တာလား။ အသန်းရင်တွေလှုပ်ရှားကာ စိုးရိမ်စိတ်တွေဖြစ်လာ၏။

"ဂျစ်. . . ဂျစ်. . . ဂျစ်. . . ဂျစ်. . . ဂျစ်"

တံခါးကို တစ်စုံတစ်ခုနှင့် ခြစ်နေသောအသံလား။ ပွတ်တိုက်နေသောအသံလား။ တစ်ခုခုတော့တစ်ခုခုပင်။ အိပ်ချင်စိတ်မရှိတော့။ မျက်ခွံများပွင့်လာကာ တံခါးဆီသို့ကြည့်မိ၏။

အခန်းထဲမှာ မှောင်နေသည်။ မီးရှိသော်လည်း ပိတ်ထား၏။ ဒေါ်အေးကျင်က မီးလင်းနေလျှင် မအိပ်တတ်ဟုဆိုပြီး အိပ်ခါနီးလျှင် အခန်းထဲကမီးကိုပိတ်ထားသည်။

"ကျွီ. . . အီ. . . အီ"

ကြည့်နေဆဲမှာပင် အခန်းတံခါးသည် ဖြည်းဖြည်းချင်းပွင့်



www.burmeseclassic.com

www.burmeseclassic.com



သား၏၊ အပြင်ကအခန်းမှာ မီးလုံးများဖွင့်ထား၏။ လေးဆယ်ဝပ် အားမီးလုံး၏အလင်းရောင်က အခန်းထဲသို့ဝင်လာသဖြင့် တံခါးဝမှာ လူတစ်ယောက်ရပ်နေတာကို သိသာထင်ရှားစွာ မြင်လိုက်ရသည်။

"ဘုရား. . . ဘုရား. . . ဒုက္ခပါပဲ၊ သူခိုးလား။ ငါတို့အခန်းကိုဝင်တော့မှာလား"

စိတ်ထဲမှ စိုးရိမ်ထိတ်လန့်စွာပြောမိ၏။ အခန်းဝမှာ တံခါးကိုဖွင့်၍ အတွင်းခန်းသို့ကြည့်နေသူသည် ညဝတ်အင်္ကျီလိုမျိုးဝတ်ထား၏။ အတန်ကြာ အတွင်းခန်းသို့ ထိုလူရပ်ကြည့်နေစဉ် အသန်းအသက်ပင်မရှူရဲအောင် ကြောက်လန့်နေမိ၏။ မလှုပ်။ လုံးဝမလှုပ်။ အသက်တောင် အောင့်ထားမိသည့်အဖြစ်။

"ကျွိ. . . အိ. . . အိ"

တံခါးကိုပြန်ပိတ်လိုက်တော့မှ အသန်းသက်ပြင်းချမိသည်။ ခုမှ မိမိစိုးရိမ်ကြောက်လန့်သည့်အဖြစ်ကိုတွေး၍ ပြုံးမိသည်။ တကယ်ဆို မိမိတို့အခန်းထဲမှာ ဘာအဖိုးတန်ပစ္စည်းမှမရှိ။ ဒေါ်





အေးကျင်နှင့် မိမိတို့အိမ်ဖော်နှစ်ဦးမှာ ရသမျှလစာကို အိမ်ပြန်ပို့ပေးနေရတာမဟုတ်လား။

မိမိတို့လက်ထဲမှာ ငွေများများစားစားလည်း မရှိ။ သူခိုးက ခိုးစရာမရှိလို့ တော်တော်စိတ်ပျက်သွားမှာ။ ဒါပေမဲ့. . . အဲဒါသူခိုးနဲ့မတူဘူး။ ဘယ်သူခိုးက ညဝတ်အင်္ကျီနဲ့ လာခိုးပါ့မလဲ။

အဲဒါ အစ်ကိုလေးကိုဥက္ကာများလား။ စိတ်ထဲမှာ ကြောက်စိတ်သိပ်မရှိတော့။ အစ်ကိုလေးကိုဥက္ကာ ဘာခိုင်းစရာရှိလို့ အခန်းတံခါးဖွင့်ကြည့်တာလဲလို့တွေးကာ အိပ်ရာမှအသာအယာထကာ တံခါးကို အသံမထွက်ရန် ဖြည်းဖြည်းသာသာလေးတွန်းဖွင့်သည်။

ထမင်းစားခန်းကို ရှင်းလင်းစွာမြင်ရ၏။ တံခါးလေးဟရုံဟပြီး အပြင်သို့ကြည့်သောအခါ. . .

"ဟောတော့. . . ကုန်ပါပြီ။ ကြက်သားတုံးတွေ ယူစားနေပါလား"

မနက်စောစော ကျောင်းသို့ ထမင်းဘူးထည့်ပေးရမည်မို့ ညကတည်းက ချက်ထားသောကြက်သားကို အိုးလိုက်ချ၍ ဥက္ကာ

www.burmeseclassic.com

www.burmeseclassic.com



ရဲကျော်က တစ်တုံးပြီးတစ်တုံးယူစားနေချေသည်။ ဘယ်လိုဖြစ်လို့ ဒီလောက်အစာတွေ စားနေရတာလဲ။ အစ်ကိုလေးကိုဥက္ကာအစစ် မှဟုတ်ရဲ့လား။

အသန်း ကျောထဲစိမ့်အောင် တုန်လှုပ်ချောက်ချားသွားသည်။ ဖုတ်ဝင်နေတယ်ဆိုတာ အဲဒီလိုမျိုးလား။ ညဘက်လူသူအိပ်လို့ တိတ်ဆိတ်တဲ့အချိန်မှာ ဟင်းအိုးတွေ မွှေနှောက်ရှာဖွေပြီးစားတတ်တယ်တဲ့။

အမယ်လေး. . . ဒုက္ခပါပဲ။

သူ့ကိုကြည့်နေတာ သိသွားရင်တော့. . .

အသန်း တံခါးကို အသံမမြည်အောင် ပြန်ပိတ်ပြီး အိပ်ရာထဲဝင်ကာ ငြိမ်နေလိုက်၏။ ဒုက္ခပဲ။ ကြောက်လိုက်တာနော်။ အစ်ကိုလေးမသေဘဲ ပြန်သတိရလာပုံက ထူးဆန်းတယ်လို့ထင်မိတာ။

လက်စသတ်တော့ ဖုတ်ဝင်နေတာပါလား။

တွေးတောင်မတွေးရဲ။ သူ့ကိုကြည့်တာများ သိသွားပြီလား။ ကြောက်လွန်းလို့ တုန်တုန်ယင်ယင်ဖြင့် စောင်ကိုခေါင်းမြီးခြုံ၍





မျက်လုံးစုံမှိတ်ကာ အိပ်ပျော်ချင်ယောင်ဆောင်နေလိုက်သည်။

"ကျွီ. . . အီ. . . အီ"

ရုတ်တရက် တံခါးဖွင့်သံကြားရ၏။

ဟော. . . ဒုက္ခပဲ။ သူသိသွားပြီထင်ပါရဲ့။

"ရှပ်. . . ရှပ်. . . ရှပ်"

ခြေသံကလည်း ပြင်းသည်။ ဥက္ကာရဲကျော် အခန်းထဲသို့ခြေကို ဒရွတ်တိုက်လျှောက်ပြီးဝင်လာသည်။ ဘယ်လိုလုပ်မလဲ။ ဒုက္ခပဲ။ ဘုရားကယ်ပါ။ ဖုတ်ကောင်ကြီး သိသွားပြီထင်ပါရဲ့။

"ဘုရား. . . ကယ်ပါ"

"ဘုရား. . . ကယ်ပါ"

အရေးဆို ဘုရားစာတွေကလည်း ဘယ်ရောက်ကုန်မှန်းမသိ။ သေချာကျက်ထားတဲ့ ရှိခိုးသား ဘုရားစာတွေ ဘာတစ်ခုမှသတိမရတော့။ ကြောက်တာတစ်ခုပဲ သိနေသည်။

ကျွန်းကွက်ကြမ်းပြင်သည် အရောင်တင်ဆီများဖြင့် ပွတ်တိုက်ထားသဖြင့် ချောမွေ့လွန်းကာ လမ်းလျှောက်တိုင်း ကျွီ. . . ကျွီ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ကြမ်းခင်းတုံးများက မြည်နေ၏။ အိပ်ခန်းထဲမှာ ခုတင်နှိမ့်နှိမ့် ကလေးတစ်ခုတင်စီမှာ ဒေါ်အေးကျင်နှင့် အသန်းတို့အိပ်နေကြ၏။

ခုတင်နှစ်ခုကြားမှာ စားပွဲခုံလေးတစ်လုံးရှိ၏။ ထိုစားပွဲခုံလေးနားမှာရပ်ပြီး ဥက္ကာရဲကျော်သည် ဟိုဘက်ဒီဘက်ကြည့်သည်။ မှောင်ထဲမှာပေမယ့် သူ့မျက်လုံးတွေက တလက်လက်တောက်ကာ မြင်နိုင်စွမ်းသည်။

စောင်ခေါင်းမြီးခြုံထဲက အသန်းက အပြင်သို့ ခိုးကြည့်နေရာက သူ့ဘက်လှည့်လာသော ဥက္ကာရဲကျော်ကြောင့် ရင်တွေအခုန်မြန်လာ၏။ ခြင်ထောင်ကို ဥက္ကာရဲကျော် မ,လိုက်၏။ ခေါင်းမြီးခြုံစောင်ကိုဖယ်လိုက်သည်။

"အမယ်လေး. . . အစ်ကိုလေး၊ သတိထားပါ. . . ကျွန်မကြောက်လို့ပါ။ အစ်ကိုလေးအကြောင်း ဘယ်သူ့ကိုမှမပြောပါဘူး"

အသန်းကြောက်လွန်း၍ လက်အုပ်ချီကာ တောင်းပန်နေသည်။ ဥက္ကာရဲကျော်က အသန်း၏ခန္ဓာကိုယ်အား လက်တစ်ဖက်





တည်းဖြင့် ကိုင်မြှောက်လိုက်၏။ စောင်ကိုပတ်လျက် အသန်း၏ ခန္ဓာကိုယ်၊ အပေါ်သို့မြှောက်တက်သွားသည်။

ကြောက်လိုက်တာ တုန်လို့ အသန်းမျက်စိစုံမှိတ်ထားသည်။ အရုပ်ကလေးတစ်ရုပ်လို လွှင့်ပစ်ပေါက်ချတာခံရပြီး အသန်းသည် လေထဲမှာလွင့်ကာ မြေပေါ်သို့ ကျသွားလေ၏။ မြက်ခင်းများပေါ် ကျသွားပြီး ခေါင်းတွေ ချာချာလည်အောင်မူးသွားသည်။

"ဟား. . . ဟား. . . ဟား. . . ဟား. . . ဟား"

ဥက္ကာရဲကျော်၏ ပြောင်လှောင်ရယ်မောသံနှင့်အတူ မိမိအနီး ဥက္ကာရဲကျော်ရောက်လာသည်။

"ဟား. . . ဟား. . . ဟား. . . ဟား. . . ဟား"

ရယ်နေရင်းမှ ဥက္ကာရဲကျော်၏ခန္ဓာကိုယ်သည် အဆမတန်ကြီးထွားလာ၏။

"အမယ်လေး. . . ကြောက်လိုက်တာ၊ ကြောက်လိုက်တာ၊ ချမ်းသာပေးပါ။ ကျွန်မကိုသနားပါ"

နှုတ်မှတတွတ်တွတ်ပြောရင်း တောင်းပန်နေသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



အသန်း၏စကားတွေကို ကြားဟန်မတူ။ တစ်စတစ်စကြီးထွားလာသော ဥက္ကာရဲကျော်၏အရပ်သည် ထန်းပင်လောက် မြင့်မားနေပြီး အသန်းက ပိစိကွေးလေးဖြစ်နေ၏။

လွန်စွာချောမောခန့်ထည်၍ ဆွဲဆောင်မှုရှိပါသည်ဆိုသော ဥက္ကာရဲကျော်၏မျက်နှာသည် ကြောက်စရာအသွင်အပြင်သို့ တဖြည်းဖြည်းကူးပြောင်းသွားသည်။

မျက်လုံးသည် ရဲရဲနီနေ၏။ နှာခေါင်းကြီးက ရှည်ထွက်လာပြီး အဖျားက ပွယောင်းယောင်းဖြစ်နေသည်။ နှုတ်ခမ်းက ထူကား၊ မေးစေ့က ချွန်ထွက်လာ၏။ ဥက္ကာရဲကျော်မှ ဟုတ်ပါရဲ့လား။

မထင်ရအောင် ပြောင်းလဲသွားပုံမှာ အံ့ဩရင်တုန်စရာကောင်းပါလား။ ပါးစပ်မှ သွားရှည်တွေ တမြားမြားကျလာသည်။ အသန်းအား လက်ဖြင့်ကောက်ယူကာ သူ့ပါးစပ်ဖြင့်ကိုက်လိုက်၏။

"အမယ်လေး. . . လေး၊ သေပါပြီ။ ဘုရား. . . ကယ်ပါ။ ကျွန်မကို. . . ဘုရား. . . ကယ်ပါ"

အသံကုန်အော်ဟစ်လိုက်သောအသန်းကြောင့် ဒေါ်အေး





ကျင် ခြင်ထောင်တွင်းမှထွက်ကာ မီးခလုတ်ကို ဖွင့်လိုက်၏။

"ဟဲ့. . . အသန်း. . . အသန်း။ ထစမ်း. . . ဘာတွေအော်နေတာလဲ"

အသန်း၏ခန္ဓာကိုယ်အား ခပ်ကြမ်းကြမ်းဆွဲခါ၍ နှိုးလိုက်၏။

"အမယ်လေး. . .၊ ကျွန်မကို ကယ်ပေးပါကျင်ကျင်ရယ်။ ကျွန်မကို အစ်ကိုလေး. . . စားတော့မလို့"

ဒေါ်အေးကျင်အားဖက်၍ အသန်းအော်လိုက်သည်။

"ဟဲ့. . . ကောင်မ၊ ဘာတွေအော်နေတာလဲ။ ပေါက်ကရတွေ"

"ဘုရားကယ်ပါ။ ကျွန်မကို. . . ဘုရားကယ်ပါ"

"ခုမှ ဘုရားတ,နေ။ ဘုရားရှိခိုးပါဆိုတော့ မရှိခိုးဘဲ၊ ညည်းအိပ်မက်မက်နေတာ။ ဒါမှမဟုတ်. . . ထမင်းလုံးတစ္ဆေခြောက်ခံရတာဖြစ်မှာ"

အသန်းမျက်လုံးများ ဖွင့်ကာကြည့်သည်။ မီးခြင်ထောင်



www.burmeseclassic.com

www.burmeseclassic.com



တွင်း ပြန်ရောက်နေပါလား။

"ထမင်းလုံးတစ္ဆေခြောက်ခံရတာ မဟုတ်ဘူး။ အစ်ကိုလေး တစ္ဆေ. . . ခြောက်ခံရတာ"

"တော်စမ်း. . . ပေါက်ကရတွေ"

ခြင်ထောင်မ၍ထွက်လိုက်၏။ အခန်းတံခါးသည် ပိတ်လျက် သားရှိချေသည်။

"ကျင်ကျင်. . . အပြင်ထွက်သေးလား"

"မထွက်ဘူး"

"ကျွန်မအိပ်မက်မက်တာကလည်း တကယ်လိုပဲ။ ဟို. . . တကယ်လည်းပါတယ်"

"ဘာလဲဟ. . . အရူးမ။ ပြန်အိပ်တော့"

"ကျင်ကျင်. . . ညက ဘာသံမှမကြားဘူးလား"

"ညည်း သွားချင်းကြိတ်ပြီး ညည်းသံကြားတယ်။ အခုထ အော်တယ်။ ကျုပ်တောင် ရင်တွေတုန်တယ်"

"ညကတွေ့တာ. . . တကယ်ပါ။ အစ်ကိုလေးကိုဥက္ကာလေ





ကြက်သားဟင်းတွေ. . . ထစားနေတယ်"

"အိပ်မက်ထဲကဟာကို. . . တကယ်လုပ်ပြောနေပြန်ပြီ။ လူ မမာက ဒီလောက်ငတ်ကြီးကျပ့်မလား"

"ကျင်ကျင်. . . ကျွန်မတကယ်ပြောတာ။ ဘယ်က လူမမာ လဲ။ နေ့လယ်က ဆန်ပြုတ်မစားဘဲ ကြက်သားကြော်တွေစား၊ ကြက် ဥစိမ်းတွေဖောက်သောက်နဲ့ ရေခဲသေတ္တာထဲက ကြက်သားဟင်း တွေ သွားကြည့်ပါဦး"

ဒေါ်အေးကျင်က မယုံကြည်စွာဖြင့် အိပ်ခန်းထဲကထွက်ကာ ကြက်သားဟင်းအိုးကို သွားကြည့်သည်။

"ဟောတော့. . . ကြက်သားတွေ မရှိတော့ပါလား။ ဘယ် ရောက်ကုန်ပြီလဲ"

မနက်အတွက် ညကတည်းက ကြက်သားကို ဆီပြန်အောင် ချက်ထားတာဖြစ်သည်။ မနက်မိုးလင်းလျှင်နွှေးပြီး ကျောင်းနှင့် အလုပ်အတွက် ထည့်ပေးရုံပင်။

ခုတော့ မရှိတော့ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ကြက်သားက တစ်တုံးနှစ်တုံးပျောက်တာလည်းမဟုတ်။ တစ်အိုးလုံးနီးပါး မရှိတော့တာ။

"ဘယ်လိုလုပ်မလဲ။ ဒီအကြောင်း. . . မနီလာကိုနှိုးပြောလို့လည်းမဖြစ်။ မနက်ကျရင် ငါးသေတ္တာဘူးပဲဖောက်ပြီး ထမင်းချိုင့်ထည့်ပေးရမှာပဲ။ ညည်းတကယ်တွေ့တာနော်. . . အသန်း"

"ဘာဖြစ်လို့ ညာပြောရမှာလဲ။ သူ ညက ကြက်သားအိုးကြီးစားပွဲပေါ်တင်ပြီး တစ်တုံးပြီးတစ်တုံးနှိုက်စားနေတာတွေ့လို့ ကျုပ်ပြန်ပြီး အိပ်ရာထဲဝင်ပြီး ငြိမ်ငြိမ်ကလေးနေတာ။ အဲဒီအိပ်မက်ထဲမှာ. . . သရဲအဖြစ်ရောက်လာပြီး ကိုက်စားတာ။ တကယ်သရဲဖြစ်နေတာလားမသိဘူး။ ကြောက်လိုက်တာ။ ဘယ်လိုလုပ်မလဲကျင်ကျင်ရဲ့။ ဒီအိမ်မှာတောင် မနေရဲတော့ဘူး"

သူတို့နှစ်ယောက် ပြန်အိပ်လို့မရသည်အထိ သို့လော၊ သို့လောတွေးရင်း ကြောက်နေကြလေသည်။

● ● ●



## ကျွန်တော် ဥက္ကာ၊ တကယ်အမှတ်ပါ

"ဟဲလို"

"မဟေသီလားရှင့်"

"ဟုတ်ကဲ့ပါ"

"ကျွန်မ ဒေါ်အေးကျင်ပါ။ ကိုဥက္ကာအကြောင်းပြောမလို့"

"ဟုတ်ကဲ့. . . ကျင်ကျင်။ ပြောပါ. . . ဘာတွေထူးခြားသေးလဲ"

သက်မှူးဟေသီက ဥက္ကာရဲ့ကျော်အကြောင်း နေ့စဉ်ဖုန်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပေးပါဟုပြောထား၍ ဒေါ်အေးကျင်က အိမ်ရှင်များမသိအောင် ဖုန်းဆက်ကာ အကျိုးအကြောင်းပြောပြသည်။

"မနေ့က ဒံပေါက်ထမင်းစားချင်တယ်ဆိုလို့ ဝယ်ကျွေးတာ။ သူတစ်ယောက်တည်း. . . ဒံပေါက်နှစ်ထုပ်ကုန်တယ်လို့ပြောပြီးပြီနော်။ ညနေကျတော့ အိမ်က ထမင်းဟင်းခံတွင်းမတွေ့ဘူးဆိုလို့ ကြေးအိုးဝယ်ကျွေးရတယ်။ ဒီနေ့မနက်စောစော. . . စိန်လျံကိုသွားပြီး နံရိုးပေါင်းတွေ သူဖာသာဝယ်စားတယ်လေ"

"ဟုတ်ပြီ။ တော်တော်အစားသောင်းကျန်းတာပဲ။ ကျွန်မသူ့အတွက်စိုးရိမ်မိတယ်။ ကျင်ကျင်တို့ဘယ်လိုသဘောရလဲ"

"ကျွန်မလည်း ဒီအိမ်မှာနေတောင်မနေရဲအောင် နေ့ကြောက်နေပြီ။ မနီလာကို ကျွန်မတို့မပြောရဲဘူး။ ရတနာ့ကိုတော့ ကိုဥက္ကာမူမမှန်ဘူးလို့ပြောပြမိတယ်"

"အဲဒီတော့"

"ရတနာလည်း ဇဝေဇဝါဖြစ်နေတယ်။ ဆရာဝန်ကတော့ ဘာမှမဖြစ်ပါဘူး။ ဆေးအရှိန်နဲ့ အစာအရမ်းစားချင်နေတာလို့





ပြောတယ်။ သူက တစ်နေ့လုံးအိပ်ပြီး. . . ညကျရင် ထစားတာ မပဟေသီ့လာကြည့်ပါဦးလား"

"ဟုတ်ကဲ့. . . လာချင်ပါတယ်။ ကျွန်မလာရင် မနီလာက သိပ်သဘောမကျသလိုဘဲ။ သူတို့အပူနဲ့သူတို့ ရှိနေတာ။ အနှောင့်အယှက်မပေးချင်ပါဘူး။ ကျွန်မခရီးထွက်ရမှာမို့. . . ကျွန်မရဲ့လက်ကိုင်ဖုန်းကို အကြောင်းရှိရင်ဆက်ပါနော်. . . ဖုန်းနံပါတ်မှတ်ထားပါ"

သက်မှူးဟေသီ၏လက်ကိုင်ဖုန်းနံပါတ်ကို ဒေါ်အေးကျင်က စာရွက်တစ်ရွက်ပေါ်တွင် ရေးမှတ်ယူထားရသည်။

"ဒိုး. . . ဂလုံး. . . ဂွမ်း. . . ဂွမ်း. . . ဂွမ်း"

ဆူညံသောအသံကြောင့် ဒေါ်အေးကျင်သည် တယ်လီဖုန်းကိုချပြီး ကပျာကယာ အခန်းပြင်သို့ ပြေးထွက်လာမိ၏။ အသံသည် အပေါ်ထပ်လှေကားမှ အောက်သို့ ပြေးဆင်းလာ၏။ လှေကားမှာလည်း ခွက်တွေ၊ ဇလုံတွေ လိမ့်ဆင်းလာ၏။

"ဘာဖြစ်တာလဲ. . . ဘာဖြစ်တာလဲ. . . အားသန်း။ ရင်ဝ

www.burmeseclassic.com



လိုက်တာအေ့"

"အစ်ကိုလေး. . . အစ်ကိုလေး ဥက္ကာ သောင်းကျန်းနေတာ"

"ငါ့ကိုလာပြီးမစမ်းနဲ့၊ ဘာကောင်မှတ်လို့လဲ။ ဒီမှာ ကျင်ကျင်. . . အသန်းကိုမေးကြည့်စမ်း။ ကျုပ်ကိုဘာလုပ်တာလဲလို့"

ဥက္ကာရဲကျော် လှေကားမှဆင်းလာသည်။ ဒေါသဖြင့်ပေါက်ကွဲနေသောအမူအရာဖြင့် ဒေါ်အေးကျင်အား ပြောလိုက်၏။

အသန်းက အိပ်ခန်းထဲပြေးဝင်ကာ တံခါးပိတ်ထား၏။

"ဖြည်းဖြည်းဆေးဆေးပြောပါ. . . အစ်ကိုလေးရယ်။ ဘာများလုပ်လိုက်လို့လဲကွယ်"

"ကျွန်တော့်အိပ်ရာအောက်မှာ ဘာရွက်တွေလဲမသိဘူး။ လာထားတယ်"

"ဟင်"

"ဗိုက်ဆာလို့စားစရာတောင်းလည်း မကျွေးချင်သလိုလို၊ ဘာလိုလိုနဲ့ကြည့်နေတယ်။ ဘာလဲ. . . ဒီကောင်မ ဘာအချိုးလဲ။ ဒါကျွန်တော့်အိမ်. . . ကျွန်တော်ကြိုက်သလိုစားမယ်။ ဆရာဝန်က





တောင် ကျွန်တော့်ကို ဘာစားစားရတယ်. . .၊ ကြိုက်တာစားမို့ ပြောထားတာ။ မေးကြည့်စမ်းပါဦး။ ဒီအရွက်တွေက ဘာလုပ်ထားတာလဲ"

"ဟုတ်ပါပြီကွယ်, . . ဟုတ်ပါပြီ။ အသန်းအကြောင်းလည်း သိသားနဲ့၊ ဒီကောင်မဟာ အရူးမကွဲ့။ အခု အစ်ကိုလေးဗိုက်ဆာနေပြီလား၊ ဘာစားချင်လဲ။ ထမင်းစားတော့မလား"

"ထမင်းမစားချင်ဘူး. . . လမ်းထိပ်မှာ အမဲအူပြုတ်ရောင်းတယ်မဟုတ်လား။ အဲဒါဝယ်ပေး. . . "

"ဘုရား. . . ရေ၊ ဒီအိမ်မှာ ဘယ်တုန်းက အမဲသားတင်လို့လဲ။ အမဲအူပြုတ်သည်ကလည်း လမ်းဘေးမှာရောင်းတာ"

"ဘာပဲဖြစ်ဖြစ်. . . ကျွန်တော်စားချင်တယ်။ ဆရာဝန်က သွေးအားကောင်းအောင် အမဲသားစားလို့ပြောထားတာပဲ။ အဲဒါဝယ်ပေးပါ"

"အေး. . . ပါ။ အခုပဲဝယ်ပေးပါ့မယ်။ ဖိုးတွတ်ကိုလွှတ်လိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးကျင်၏တူ ဖိုးတွတ်က ခြံရှင်းရန်အတွက် ငှားထားရာ ဖိုးတွတ်အား လမ်းထိပ်မှာရောင်းသော အမဲအူပြုတ်နှစ်ပွဲကို အမြန်ဝယ်ခိုင်းလိုက်ရ၏။

အမဲအူပြုတ်နှစ်ပွဲကိုလည်း ဥက္ကာရဲကျော် မြိန်ရေယှက်ရေ ဖြင့်စားသောက်လိုက်၏။

"မနက်ဖြန်. . . အမဲသားတစ်ပိဿာဝယ်ခဲ့။ အမဲနှပ်၊ အမဲ ကြော် အစုံလုပ်ပေးထား။ အမဲသားစားမှ. . . ကျွန်တော်မြန်မြန် အားရှိမှာတဲ့"

ဒေါ်အေးကျင်က သူ့အား ကြောက်ရွံ့ထိတ်လန့်စွာနှင့်ပင် ခေါင်းညိတ်ပြလိုက်ရ၏။

●

"ဟာ. . . ဘယ်တုန်းက အမဲသားစားလို့ သူ့ကိုအမဲအူပြုတ် ဝယ်တိုက်ရတာလဲ။ ကျင်ကျင်ကလည်း. . ."





ဒေါ်နီလာတို့ ပြန်လာသောအခါ အကျိုးအကြောင်းပြောပြ ကြ၏။

"သူက အစုံဝယ်ပေးဆိုတော့လည်း ဝယ်ပေးရတာပေါ့။ နို့ မဟုတ် သောင်းကျန်းနေတာ။ အသန်းဆို မနေရဲတော့ဘူး။ တော ပြန်မယ်ချည်း. . . လုပ်နေတာ"

"အဲဒီအသန်းကလည်း အဖြစ်ကို. . . သည်းတာ။ ကြောက် တတ်လိုက်တာလည်း လွန်ရော။ ဒါနဲ့ မာလကာရွက်တွေက ဥက္ကာ ရဲ့အိပ်ရာအောက်. . . ဘာဖြစ်လို့သွားထားရတာလဲ"

ဒေါ်နီလာက မေးသည်။

"အပ,တွေဘာတွေ ဝင်ပူးနေမှာစိုးလို့တဲ့။ တောမှာတော့ ဖုတ်ဝင်တယ်ထင်ရင်. . . အိပ်ရာအောက် မာလကာရွက်ခင်းထား တာ"

"မကြားဖူးပါဘူး။ မဟုတ်တရုတ်တွေးပြီး မဟုတ်တာတွေ လည်း တော်တော်လုပ်တတ်မြဲ. . .။ ဟိုကသိတော့ စိတ်တိုတာ ပေါ့။ ဥက္ကာက နဂိုကတည်းက အစားအသောက်မက်တာ သိရက်



www.burmeseclassic.com

www.burmeseclassic.com



သွားနဲ့"

"အရင်က အရက်မူးမှ သွေးဆိုးတာ။ အခု စိတ်ကလည်း အရမ်းတိုတာ။ မကျေနပ်ရင် မကျေနပ်သလို တွေ့ကရာနဲ့ကောက်ပေါက်တာ။ တစ်နေ့လုံး . . . အကြောတက်လို့ညောင်းတယ်ဆိုပြီး အနှိပ်ခံတာလည်းကြည့်ဦး။ အရင်က ဘယ်မှာအနှိပ်ခံဖူးလို့လဲ"

ဒေါ်နီလာ စဉ်းစားနေသည်။

ဥက္ကာရဲကျော်သည် အရင်လိုမဟုတ်တာတော့အမှန်။

မှုမမှန်တာက တစ်နေ့တခြားသိသာလာသည်။ ဥက္ကာရဲကျော်အတွက် ငှားထားသည့်ဝတ်မှုန်စံ၊ သီတာဝင်းဆိုသော သူနာပြုဆရာမလေးများလည်း ဥက္ကာရဲကျော်၏ဒဏ်ကိုမခံနိုင်လို့ ပြန်ပြေးကြပြီ။

ဒေါ်နီလာသည် ဥက္ကာရဲကျော်အတွက် ဆရာဝန်ကြီးများဖြင့် ရောဂါရှာဖွေစမ်းသပ်မှုများကို အကြိမ်ကြိမ်ပြုလုပ်သည်။

ဥက္ကာရဲကျော်က ဘယ်ဆရာဝန်နှင့်မျှ မကုသလို၊ မစစ်ဆေးလို။ အမြဲတမ်းအကြောက်အကန်ငြင်းတတ်၏။





နောက်ဆုံး ဒေါ် နီလာတို့နှင့် ဆွေရိပ်မျိုးရိပ်မကင်းသော စိတ်ရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာစောဝဏ္ဏကိုယ်တိုင် ပင် အိမ်တိုင်ရာရောက်လာ၍ ဥက္ကာရဲကျော်အားကြည့်ရှုသည်။

● ● ●

www.burmeseclassic.com

www.burmeseclassic.com

# အတိတ်၏အရိပ်

"မောင်ဥက္ကာနဲ့ တို့က. . . သူစိမ်းတွေမှမဟုတ်ဘဲ။ ဆွေမျိုးလည်းတော်တယ်။ ပြီးတော့. . . မောင်ဥက္ကာရဲ့မိဘများကျေးဇူး တို့အပေါ်မှာရှိတယ်။ ဒီအကြောင်းတွေ မောင်ဥက္ကာ သိချင်မှသိမှာ။ အဲဒီတုန်းက မောင်ဥက္ကာက ငယ်သေးတာ။ ငယ်တာမှ တော်တော့်ကိုငယ်သေးတာ. . .။ မောင်ဥက္ကာရဲ့မိဘ၊ တို့ရဲ့အစ်ကိုကြီး ကျေးဇူးကြောင့် တို့ဘဝ. . . ဒီလိုမြင့်ခဲ့ရတာ"

ဒေါက်တာစောဝဏ္ဏပြောနေတာကို ဥက္ကာရဲ့ကျော်သိပ်နား

www.burmeseclassic.com

www.burmeseclassic.com



မလည်ပါ။

နိုင်ငံခြားမှာ နှစ်ပေါင်းများစွာနေထိုင်ခဲ့ပြီး ဆွေမျိုးလည်း တော်စပ်သည်ဆိုပါသော ဒေါက်တာစောဝဏ္ဏ၏ ခန့်ညားသော အသွင်အပြင်ကိုလည်း လေးစားကြည်ညိုသဖြင့် ဥက္ကာရဲကျော် ယခုကဲ့သို့ ငြိမ်ငြိမ်လေးအိပ်၍ ကုသခံယူနေခြင်းဖြစ်၏။

"တို့ဆရာဝန်ဖြစ်ပြီး နိုင်ငံခြားသွားတဲ့အချိန်မှာ မောင်ဥက္ကာ အသက်နှစ်ဆယ်လောက်ပဲရှိဦးမှာ။ အဲဒီတုန်းက ဥက္ကာရဲကျော် ဆိုတဲ့လူငယ်ချောချောလှလှလေး. . . မိန်းမတွေဝိုင်းဝိုင်းလည်နေတဲ့အချိန်ပေါ့။ ဟုတ်တယ်မဟုတ်လား"

ဥက္ကာရဲကျော်နှုတ်ခမ်းများက ပြုံးတွန့်တွန့်ဖြစ်လာ၏။

"ဟုတ်ပြီ. . . အဲဒီလိုပြုံးစမ်းပါ။ အားရပါးရပြုံးစမ်းပါ။ ဒါမှ ဥက္ကာရဲကျော်အစစ်၊ မျက်စိကိုမှိတ်၊ စိတ်ကိုလျှော့ထား။ ကိုယ့်အကြောင်းကိုယ်ပြန်စဉ်းစား။ ကြည့်စမ်းပါဦး။ အခုမောင်ဥက္ကာ အသက်ဘယ်လောက်ရှိပြီလဲ"

အတန်ကြာငြိမ်နေပြီးမှ ဥက္ကာရဲကျော်ဖြေသည်။





"အသက်. . . သုံးဆယ်"

"ငယ်ငယ်လေး ရှိသေးတာပဲ။ မောင်ဥက္ကာရဲ့အဖေနဲ့ အမေကိုမှတ်မိလား"

ဒေါက်တာစောဝဏ္ဏက တစ်လုံးချင်း ဖြည်းဖြည်းလေးပြောနေ၏။ သို့သော် အသံဩဇာက အလွန်ကောင်းပြီး နားဝင်ချိုစရာဖြစ်နေသည်။ အဖေနှင့်အမေကို ဘာဖြစ်လို့မမှတ်မိရမှာလဲ။ မှတ်မိတာပေါ့။ ဥက္ကာရဲကျော်အား တစ်ဦးတည်းသောသားမို့ အလွန်ချစ်အလွန်အလိုလိုက်သည်။ အဖေက သူသွားလေရာ အမြဲခေါ်တတ်၏။

သူတို့မောင်နှမသုံးယောက်ရှိရာ၊ အကြီးဆုံးသမီး နီလာကျော်မွေးပြီး ဆယ်နှစ်ကြာမှ ဥက္ကာရဲကျော်အား မွေးခြင်းဖြစ်သည်။ ဥက္ကာရဲကျော်မွေးပြီး သားတစ်ယောက်မွေးရာ ဆုံးသွား၏။ ဥက္ကာရဲကျော် ခြောက်နှစ်အရွယ်ရောက်မှ သမီးငယ် ရတနာကျော်အား မွေးသည်။

အဖေဦးရဲကျော်က ငယ်စဉ်က ဆင်းရဲနွမ်းပါးသည်။ မိုး



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမြို့ရှိ ကျောက်စိမ်းတွင်းမှာ အလုပ်လုပ်ရင်း လော်ပန်၏ သမီးနှင့်ချစ်ကြိုက်ပြီး သူ့ဌေးဘဝသို့ရောက်လာခဲ့သည်။

ဦးရဲကျော်၏ကျောက်စိမ်းလုပ်ငန်းမှာလည်း အောင်မြင်ခဲ့သည်။ ဥက္ကာရဲကျော်က ပညာရေးထက် ကျောက်စိမ်းတူးဖော်သည့် လုပ်ငန်းကိုစိတ်ဝင်စားသည်။ အဖေဖြစ်သူနှင့် လုပ်ငန်းသို့လိုက်သွားရင်းမှ ရွှေဟသာ်ဆိုသော မိန်းမချော၊ မိန်းမလှလေးနှင့်တွေ့ခဲ့ကြ၏။

ရွှေဟသာ်အဖေက ဆင်ဦးစီးအလုပ်ကိုလုပ်ကိုင်သည်။ ရွှေဟသာ်၏အဘိုး ဦးစိုင်းလုံက ဆင်ရိုင်းများ ဖမ်းဆီး၍ရောင်းစားသောအလုပ်ကိုလုပ်ခဲ့ပြီး အဘွားဒေါ်မယ်ညိုက သူချစ်သောဆင်မကလေးရွှေဟသာ် ဝင်စားသည်ဟုထင်ပြီး မြေးမကလေးအား ရွှေဟသာ်ဟုနာမည်ပေးခဲ့ခြင်းဖြစ်သည်။

ရွှေဟသာ်တို့နေထိုင်ရာ ရွာလေးသည် မိုးကောင်းမြို့အနီးမှာရှိပြီး တစ်ရွာလုံးလိုလိုပင် ဆင်ဖမ်းသောအလုပ်ကိုလုပ်ကြလေသည်။ ထိုအချိန်က ဆင်ဖမ်းလိုသောသူသည် သစ်တောဝန်ထံ



သို့ လျှောက်လွှာတင်သွင်း၍ မည်သည့်တောမှ ဆင်ကောင် မည်၍မည်မျှဖမ်းဆီးလိုကြောင်းဖော်ပြပြီး အာမခံကြေးငွေ ပေးရသည်ဟုဆို၏။

တောထဲမှာရှိသော ဆင်ရိုင်းအုပ်များအား ခြောက်လှန့်၍ အသင့်ဆောက်ထားသောကျုံးများထဲ မောင်းသွင်းကာ ယဉ်အောင်လေ့ကျင့်ပြီးမှ ဆင်များကိုရောင်းချလေ့ရှိသည်။

ရွှေဟသာ်ကို မိုးကောင်းမြို့မှာ နေစဉ်ကတည်းက ဥက္ကာရဲကျော်က စွဲလမ်းနှစ်သက်နေတာဖြစ်၏။ ရွှေဟသာ်တို့ရွာကလူတွေ ရာသီအလိုက် ဆင်ရိုင်းဖမ်းတာကို ဥက္ကာရဲကျော်က သွားရောက်လေ့လာရင်းမှ ရွာမှာအချိန်ဖြုန်းနေထိုင်ကာ ရွှေဟသာ်၏အချစ်ကို ရအောင်ယူနိုင်ခဲ့သည်။

ဥက္ကာရဲကျော်နှင့် ရွှေဟသာ်တို့ လက်ထပ်ချိန်တွင် ဥက္ကာရဲကျော်၏အသက် နှစ်ဆယ်ပြည့်ရုံသာရှိသေးသည်။ ရွှေဟသာ်က အသက်ဆယ့်ရှစ်နှစ်သာရှိသေး၏။ ရန်ကုန်တက္ကသိုလ်မှာ ကျောင်းဆက်တက်ရင်းမှ သမီးလေး ဆန်းစသော်တာကို မွေးဖွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ဥက္ကာရဲကျော်၏မိဘနှစ်ပါးမှာ မမျှော်လင့်ဘဲ ရုတ်တရက် နှလုံးရောဂါဖြင့် ရှေ့ဆင့်နောက်ဆင့်သေဆုံးကြသည်။

မိဘများမရှိသောအခါ ဥက္ကာရဲကျော်တို့မှာ မိဘ၏လုပ်ငန်းများကိုပင် ဆက်လက်လုပ်ကိုင်ရသည်။ လုပ်ငန်းများက အဆင်မပြေပါ။ ဥက္ကာရဲကျော်၏အဖေ ဦးရဲကျော်နှင့် မိတ်ဆွေဖြစ်သူ ဦးသက်မောင်တို့၏ ကျောက်မျက်ရတနာလုပ်ငန်းတစ်ခု စပ်တူလုပ်ထားရာ ထိုလုပ်ငန်းတွင် ဥက္ကာရဲကျော်က ဝန်ထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်ရသည်။

အစ်မဖြစ်သူဒေါ်နီလာကလည်း အိမ်ထောင်မကျသေး။ ဒေါ်နီလာက သူမဘာသာ အရောင်းအဝယ်လုပ်နေ၏။ ဖားကန့်တွင် ကျောက်စိမ်းတူးရန်အတွက် ခွင့်ပြုချက်ယူထားရာ ကုမ္ပဏီ၏ကိုယ်စား ဥက္ကာရဲကျော်က ဖားကန့်သို့သွား၍ ကြီးကြပ်ကွပ်ကဲနေရသည်။ ရန်ကုန်မှာ ရွှေဟသာနှင့် သမီးကလေးကိုထားခဲ့ရသည်။ သမီးကလေးနှင့်ဇနီးကိုလွမ်း၍ ဥက္ကာရဲကျော် ဖားကန့်မှနေပြီး ရန်ကုန်သို့ ခိုးပြန်လာတတ်သည်။





သမီးလေးက ဖြူဖြူဖွေးဖွေးနှင့် ချစ်စရာကောင်းလှသည်။ အလုပ်တွေပင်ပန်းသမျှ သမီးလေး၏မျက်နှာ မြင်ရလျှင် အမောတွေပြေသွားသည်။ သမီးလေးကို တရှုံ့ရှုံ့နမ်းရင်း ရင်ခွင်ထဲပိုက်ထွေးမိလျှင်ပင် အင်အားသစ်တွေ တိုးလာသလိုထင်မိ၏။

"ကို. . . တော်တော်ပိန်သွားတာပဲ။ အသားတွေလည်း မည်းခြောက်နေတယ်။ တော်တော်ပင်ပန်းမှာပဲနော်"

ရွှေဟသာက ခင်ပွန်းဖြစ်သူ၏မျက်နှာကို ကရုဏာသက်စွာကြည့်ရင်းပြောသည်။

"ဟိုမှာ တစ်ယောက်တည်းနေရတဲ့အခါ မိန်းမနဲ့သမီးကို လွမ်းပြီး ပိုပင်ပန်းတယ်လို့ထင်ရတယ်။ ဒါကြောင့်. . . အလွမ်းပြေ ဒီကိုပြေးလာရတာပေါ့ကွာ"

"ဒါဆို ကျွန်မတို့ကိုပါခေါ်သွားလေ။ ဒီမှာ သားအမိနှစ်ယောက်တည်းနေရတာ။ ဘာလုပ်ဖို့လဲ"

"ဟာ. . . သမီးက ငယ်ပါသေးတယ်။ မိန်းမလည်း ပင်ပန်းမှာပေါ့။ မလိုက်ပါနဲ့။ လိုက်လာလည်း. . . အလုပ်ထဲမှာ ကိုယ်က



www.burmeseclassic.com

www.burmeseclassic.com



တစ်နေကုန်နေရတာ"

"အစားအသောက်ဆင်းရဲမှာပဲ. . . ကိုယ်ရယ်"

"ရပါတယ်။ ဖြစ်သလိုစားသောက်တာ အကျင့်ပါနေပြီ"

"ကျွန်မကလည်း တောမှာနေလာခဲ့တာပါ။ နေပူပူ၊ မိုးရွာရွာ တဲကလေးနဲ့ နေရနေရ အကြွမ်းခံနိုင်ပါတယ်။ ကလေးကြောင့်သာ. . . နို့မဟုတ်ရင် လိုက်လာတယ်"

"အေးအေးဆေးဆေးသာနေစမ်းပါ။ မမကြီး ဒီကိုလာမယ်ပြောတယ်။ ကိုယ်နဲ့လွဲနေမှာစိုးတယ်။ ကိုယ်ပြန်သွားမှ မမကြီးရောက်လာခဲ့ရင် ဟောဒီပစ္စည်းတွေပေးလိုက်"

"ဘာတွေလဲ"

ကျောက်စိမ်းအရိုင်းတုံးတွေ ပေးခဲ့ခြင်းဖြစ်သည်။

"ဒါတွေ မမကြီး သူ့ဖာသာ ထုခွဲရောင်းချလိမ့်မယ်။ ကိုယ်ဒီလာတဲ့အကြောင်း ဘယ်သူ့မှမသိစေနဲ့။ မကေသီတို့မသိအောင် ခိုးလာခဲ့တာ"

"အင်းပါ. . .။ မဟာသ်နားလည်ပါတယ်"





ဥက္ကာရဲကျော် တစ်ခေါက်လာတိုင်း အရိုင်းတုံးတွေ ပေးသွားခဲ့ရာ ဒေါ်နီလာက သူ့အစီအစဉ်နှင့်သူ ထုခွဲရောင်းချရာ ငွေများစုဆောင်းပေးခဲ့၏။ အချို့တစ်ဝက်ကို ရွှေဟသ်ာအား ပေးခဲ့သည်။ သမီးလေးနှစ်နှစ်ပြည့်သည့်အချိန်မှာ ရွှေဟသ်ာက ကားတစ်စီးဝယ်ထားခဲ့၏။

● ● ●

www.burmeseclassic.com

www.burmeseclassic.com

## အပျိုကြီးမမ

ကျောက်စိမ်းတူးသည့်နေရာမှ ရန်ကုန်သို့ ဥက္ကာရဲကျော်အား ပြောင်းရွှေ့အလုပ်လုပ်စေခြင်းမှာ ဦးသက်အောင်၏သမီး သက်ဦးကေသီ၏အမိန့်ဖြစ်သည်။

ရန်ကုန်မှာ ကျောက်မျက်ကုမ္ပဏီဖွင့်ထားပြီး သက်ဦးကေသီက အုပ်ချုပ်မှုမန်နေဂျာအဖြစ်တာဝန်ယူ၏။ ကျောက်စိမ်းတွင်းတွင်တော့ ဦးသက်မောင်၏တူတော်သူတစ်ယောက်အား ကြီးကြပ်လုပ်ကိုင်ရန်တာဝန်ပေးကာ ရန်ကုန်ရုံးတွင် ဥက္ကာရဲကျော်အား



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းရွှေ့တာဝန်ယူစေသည်။

သက်ဦးကေသီသည် စီးပွားရေးဘွဲ့၊ ကျောက်မျက်ဒီပလိုမာဘွဲ့လည်းရယူထားပြီး မာနအလွန်ကြီးသည်။ အလုပ်ကိုရှိသေကာ၊ စည်းကမ်းတကျနေထိုင်တတ်သူဖြစ်ရာ ရုံးတွင်လည်း ဝန်ထမ်းအားလုံးအပေါ် စည်းကမ်းတင်းကျပ်ထား၏။

မနက်ရှစ်နာရီ ရုံးသို့ရောက်ပြီး ညနေငါးနာရီမှ ရုံးဆင်းရသည်။ ဝန်ထမ်းတွေကို တူညီဝတ်စုံပေးထား၏။ သက်မှူးဟေသီက စာရင်းဌာနမှာ စာရင်းစစ်အဖြစ် တာဝန်ယူလုပ်ကိုင်နေသည်။

"ကျောက်မျက်ရတနာပြပွဲအတွက် အစည်းအဝေးခေါ်ထားတာ. . . ကိုးနာရီအရောက်သွားရမယ်။ ခုထိဥက္ကာဆိုတဲ့လူ မလာသေးပါလား"

သက်ဦးကေသီပြောရင်းမှ အပေါက်ဝမှာ ရုံးဆင်းရုံးတက်လက်မှတ်ထိုးသည့်စာအုပ်ကို ယူကြည့်လိုက်၏။

"ရှစ်နာရီခွဲပြီ၊ စာအုပ်ကိုသိမ်းလိုက်တော့"





ထိုစဉ်ပင် ဥက္ကာရဲကျော် အပြေးအလွှားရောက်ရှိလာကာ လက်မှတ်ထိုးသည့်စာအုပ်ကိုဆွဲယူ၏။

"ဟို. . . ကျွန်တော် လက်မှတ်မထိုးရသေးလို့"

"ရှင်က ခုမှလက်မှတ်ထိုးမလို့ဟုတ်လား။ နာရီကြည့်ဦး"

သက်ဦးကေသီက မာထန်နေသလောက် ဥက္ကာရဲကျော်၏ မျက်နှာက ပြုံးဖြဲဖြဲဖြစ်နေသည်။

"ရှစ်နာရီကျော်ကျော်လေးပဲ ရှိပါသေးတယ်"

"ဘာရှင့်. . . ရှစ်နာရီ မိနစ်လေးဆယ်ရှိပြီ။ ရှင့်နာရီအချိန်မမှန်ဘူးလား"

"ဟုတ်တယ်ထင်ပါရဲ့"

"နာရီစုတ်ကြီးလွှင့်ပစ်လိုက်။ နာရီအကောင်းစား ဝယ်ပတ်လေ"

"မကေ. . . ဝယ်ပေးမှာလား"

"ဘာပြောတယ်။ ရှင့်မှာ ကျောက်စိမ်းတွင်းကရတဲ့ ပိုက်ဆံတွေနဲ့ ကားတစ်စီးတောင်ဝယ်ထားတာ။ နာရီလောက်တော့ မဝယ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်စရာမရှိပါဘူး"

"ဗျာ"

"သဘောပေါက်တယ်. . . မဟုတ်လား။ ရှင်ကျောက်စိမ်းတွင်းကနေခိုးပြီး ခဏခဏပြန်လာတာ မသိဘူးထင်နေလား။ ဒါကြောင့် ကျွန်မပြန်ခေါ်လိုက်တာ။ အလုပ်လုပ်ရင် သစ္စာလည်းရှိရမယ်။ စည်းကမ်းလည်းရှိရမယ်။ အခုအစည်းအဝေးသွားရမယ်။ စာရွက်စာတမ်းတွေစုံအောင်ယူခဲ့"

သက်ဦးကေသီက သူ့ရှေ့မှ ခေါင်းမော့ရင်ကော့၍ ကြော့ကြော့ကလေးထွက်သွားတာကြည့်ရင်း ဥက္ကာရဲကျော် ခေါင်းကုတ်ကာ သူ့အလုပ်စားပွဲဆီပြေးလာခဲ့၏။

"ဟာ. . . ဒီအပျိုကြီးတွေနဲ့မလွယ်ပါဘူး။ အားကြီး. . . ဂျီဂကြောင်ကျတာ။ ရုံးလာရတာ. . . လုံးဝစိတ်မချမ်းသာဘူးဗျာ။





မနက်ကတည်းက ဗျစ်တောက်ဗျစ်တောက်နဲ့. . . ဒါကြောင့်လည်း ယောကျ်ားမရတာနေမှာ"

"ဘာရှင့်"

အာဘောင်အာရင်းသန်သန်နှင့်ပြောနေသော ဥက္ကာရဲကျော်သည် သက်ဦးကေသီ၏ ဒေါသတကြီးအော်လိုက်သံကြောင့် လည်ပင်းပင် ပုဝင်သွား၏။ ယောကျ်ားလေးတွေ စကားပြောနေရာသို့ သက်ဦးကေသီ ဒေါနှင့်မောနှင့်ရောက်လာသည်။

"ပြောစမ်း. . . ရှင်ပြန်ပြောစမ်း။ စောစောကစကားကို"

"အပျိုကြီးတွေအကြောင်းပြောတာပါ"

"ဘယ်အပျိုကြီးအကြောင်းပြောတာလဲ"

"အန်တီချိုပါ။ နားငြီးလွန်းလို့ဗျာ။ ရုံးရောက်ကတည်းက ဟိုလူ့အော်လိုက်၊ ဒီလူ့ခေါ်လိုက်နဲ့"

အန်တီချိုဆိုတာ ရုံးက ဝန်ထမ်းတစ်ဦးပင်ဖြစ်သည်။

"ရှင်. . . စကားကိုလွှဲမပစ်နဲ့"

"တကယ်ပါ. . . သူ့ဖန်ခွက်ပျောက်လို့တဲ့။ တစ်ရုံးလုံးကို



www.burmeseclassic.com

www.burmeseclassic.com



နေစရာမရှိအောင်ဆူနေတာ"

သက်ဦးကေသီသည် ဘာဆက်ပြောရမှန်းမသိဘဲ ဒေါသမျက်လုံးများဖြင့် ယောကျ်ားလေးအုပ်စုကိုကြည့်လိုက်၏။ အားလုံးက သက်ဦးကေသီရှေ့မှာ အပိုးကျိုးသောပုံနှင့် ငြိမ်သက်နေကြ၏။

"ဟင် . . . ယောကျ်ားဖြစ်ပြီး မိန်းမလိုမိန်းမရ အတင်းတော်တော်ပြောတတ်တယ်။ အဲဒီလိုစောင်းမြောင်းပြီး . . . ကွယ်ရာကမပြောနဲ့။ ရှေ့မှာမျက်နှာချင်းဆိုင်ပြီးပြော . . . ကြားလား"

"ဟုတ်"

စာရေးမောင်ဇော်ထွေးက ခေါင်းညိတ်ပြီး ဖြေလိုက်တာကို ဥက္ကာရဲကျော်က မျက်လုံးပြူးကာ ဟန့်တားလိုက်၏။

"ရှင် . . . ဒီနေ့လည်း ရုံးနောက်ကျတာပဲမဟုတ်လား"

"ကလေးနေမကောင်းလို့"

"ကလေးနေမကောင်းတာ ရှင့်အလုပ်လား။ ကလေးအမေတစ်ယောက်လုံးရှိနေတာပဲ။ ရှင်က ဘာလုပ်တတ်မှာလဲ"





"ကျွန်တော်က ဆေးခန်းလိုက်ပို့ပေးရတယ်။ နေမကောင်းတော့ကလေးက ဂျီကျတယ်။ ကျွန်တော်ချီထားရတယ်"

သက်ဦးကေသီ နှာခေါင်းရှုံ့လိုက်သည်။

"ကလေးနေကောင်းလည်း အကြောင်းအမျိုးမျိုးပြပြီး ရှင်နောက်ကျတာပဲ။ အပြင်ကို ကိစ္စရှိလို့လွှတ်လည်း ပြန်မလာဘူး။ အလုပ်ကိုစိတ်ဝင်စားရဲ့လား"

"ဟုတ် . . . ဟုတ်ကဲ့ . . . စိတ်ဝင်စားပါတယ်။ အဟဲ . . ."

"စိတ်ဝင်စားလား၊ မဝင်စားလားဆိုတာ . . . လုပ်လိုက်ရင်အလွဲလွဲအချော်ချော်ချည်းပဲ။ ရှင် အခု ကျွန်မအခန်းထဲလာခဲ့ဦး"

သက်ဦးကေသီ ပြောပြီး ချာခနဲလှည့်ထွက်သွားသည်။

"ကဲ . . . လိုက်သွား လိုက်သွား။ အပျိုကြီးတင်းနေပြီ"

မျိုးမင်းသိမ်းက လက်တို့ပြီး ခပ်တိုးတိုးပြောသည်။ ဥက္ကာရဲကျော်က သက်ဦးကေသီနောက်က လိုက်သွားသည်။ သက်ဦးကေသီ၏အခန်းက ကျယ်ဝန်းပြီး အဖိုးတန်ပစ္စည်းများဖြင့် ခမ်းနားသည်။ မဟော်ဂနီရောင် ကျွန်းစားပွဲကြီးရှေ့မှာ ဆုံလည်ကုလား



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ဖြင့် သက်ဦးကေသီက ခြေထောက်ချင်းချိတ်၍ထိုင်နေ၏။

ဥက္ကာရဲကျော်က စားပွဲရှေ့ကခုံမှာ ခပ်ရို့ရို့ဝင်ထိုင်သည်။ သက်မှူးဟေသီက စာရင်းစာအုပ်များယူ၍ အခန်းထဲဝင်လာ၏။

"ကဲ. . . နှစ်ဆယ့်ငါးရက်နေ့က ပစ္စည်းဝင်တဲ့စာရင်းရယ်၊ မန္တလေးက ငွေလွှဲပို့လိုက်တဲ့စာရင်းရယ်၊ ရှင်ပေးတဲ့စာရင်းရယ်၊ ဟောဒီမှာ ပြန်ကြည့်ပါဦး။ တစ်ခုမှမကိုက်ဘူး။ လွဲချော်နေတယ်။ ရှင်လုပ်ရင် အမြဲအလွဲလွဲအချော်ချော်ပဲ"

သက်မှူးဟေသီက စာရင်းစာအုပ်ကိုဖွင့်ပြ၍ တစ်ခုချင်း ပြန်စစ်ခိုင်းနေသည်။

"ကင်ဒါကားအဖြူကြီးလည်း အင်ဂျင်ချရဦးမယ်။ အရင် ကားပြင်စရိတ်တွေပြထားတာ အရမ်းဈေးကြီးတယ်"

"ဟင်း. . . ဖားကန့်လွှတ်လည်း စိတ်မချရလို့ပြန်ခေါ်ထား တာ။ ဒီကျတော့လည်း အလုပ်ကောင်းကောင်းမလုပ်ဘူး။ ငွေလည်း အရမ်းသုံးတာပဲ။ အလုပ်ကို အလုပ်နဲ့တူအောင်လုပ်မှပေါ့"

"စည်းကမ်းရှိဖို့၊ သစ္စာရှိဖို့အရေးကြီးတယ်"



ညီအစ်မနှစ်ယောက် ဝိုင်းညှပ်ပြီး ဥက္ကာရဲကျော်အား အပြစ် တင် ဆူပူနေလိုက်ကြတာ၊ နားနှစ်ဖက်စလုံးထူပူပြီး မီးခိုးတွေ တောင် ထွက်လောက်ပါရဲ့။

"အလုပ်သမားတန်းလျားက. . . အမိုးပြန်ပြင်ရမှာ။ အဲဒါ လည်း မြန်မြန်လုပ်။ ဘယ်သူ့နဲ့ခေါ်ပြင်မှာလဲ. . . ဆေးသုတ်တဲ့ ကုလားကိုလည်း စုံစမ်းဦး"

"ဟုတ်. . . ဟုတ်ကဲ့"

"ဒီမှာ. . . ဟုတ်ကဲ့၊ ဟုတ်ကဲ့နဲ့ ခေါင်းညိတ်ရုံညိတ်ပြီး ဘာ အလုပ်မှမဖြစ်ဘူး။ စာအုပ်နဲ့ဘောပင်ယူပြီး သေချာလိုက်မှတ်"

အဲဒီလောက်အထိ လူကိုခိုင်းတာလေ။

အပျိုကြီးမကေသီဟာ ဥက္ကာရဲကျော်ကို အော်ငေါက်ပြောရ ခိုင်းရမှ ကျေနပ်သည်ထင်၏။

"အခုပြောနေတယ်မဟုတ်လား. . . ဘောပင်ထုတ်။ မှတ်စု စာအုပ်တစ်အုပ်ယူပေးလိုက်ပါ. . . ဟေသီ"

သူ့အခန်းထဲမှာ အဆင်သင့်ရှိနေသောစာအုပ်ကို သက်မှူး



www.burmeseclassic.com

www.burmeseclassic.com



ဟေသီက ယူပေးသည်။

"ကဲ. . . လိုက်ရေး။ နံပါတ်တစ်"

ကလေးတစ်ယောက်ကိုခိုင်းသလို ခိုင်းနေပုံကိုကြည့်ဦး။

"တစ်က အလုပ်သမားတန်းလျား အမိုးပြင်ရန်။ ရေးပြီးပြီးလား။ အဲဒါ နှစ်ရက်အတွင်း အမိုးပြင်မယ့်လူ့ခေါ်ခဲ့။ ဘယ်လောက်ပေးရမလဲ။ အချိန်ဘယ်လောက်ကြာမလဲ။ တစ်ခါတည်းသိချင်တယ်"

"နှစ်က ဆေးသုတ်မယ့်ကိစ္စ။ အဲဒါလည်း အပြည့်အစုံသိချင်တယ်။ သုံးက. . . ဂျပန်က ရောက်လာတဲ့ပစ္စည်းတွေအတွက် အကောက်ခွန်ရှင်းလင်းရေးကိစ္စ"

သက်ဦးကေသီပြောတာတွေ မှတ်စုစာအုပ်မှာ ရေးမှတ်ရသည်။ ပြီးသွားပြန်တော့လည်း သက်မှူးဟေသီက စာရင်းစာရွက်တွေ ပြန်ပေး၏။

"ရှင့်စာရင်းတွေက မပြည့်စုံသေးဘူး။ ဘောက်ချာနဲ့ ရှင့်လက်ထဲမှာကျန်တဲ့ငွေနဲ့မကိုက်ဘူး။ ပြန်လုပ်ပေးဦး"





သေရောပဲ. . .။

အဲဒီစာရင်းလုပ်တဲ့ကိစ္စကို ဥက္ကာရဲ့ကျော် အရမ်းစိတ်ညစ်တာ။

ငွေထုတ်ပြီးလျှင် လွယ်လွယ်ပဲသုံးပစ်တာမဟုတ်လား။

● ● ●

www.burmeseclassic.com

www.burmeseclassic.com

## ရွှေဟင်္သာ

"တီ. . . တီ. . . တီ. . , တီ"

ကားဟွန်းကို အဆက်မပြတ်တီးရင်းမှ ဥက္ကာရဲကျော်စိတ်တိုလာသည်။ အလုပ်မှ ပင်ပင်ပန်းပန်းပြန်လာသောအခါ အိမ်ရောက်သည်နှင့် သူ့အတွက် အစစအရာရာအဆင်သင့်ဖြစ်နေစေချင်သည်။

"တီ. . . တီ. . . တီ. . . တီ"

ခြံရှေ့မှကားကို ဆယ်မိနစ်လောက်ရပ်ပြီးဟွန်းတီးမှ ရွှေ



www.burmeseclassic.com

www.burmeseclassic.com



ဟသ်ာ တံခါးလာဖွင့်၏။ ဥက္ကာရဲကျော်မှာ မိဘအမွေဟူ၍ ဒီမြေ နေရာလေးသာရှိ၏။ ပေလေးဆယ် ခြောက်ဆယ်ပတ်လည်ကျယ် သောခြံဝင်းထဲမှာ တစ်ထပ်အိမ်လေးသာ ဆောက်ထား၏။

"အိပ်ပျော်နေတာလားကွ။ ငါ. . . ဟွန်းတီးနေတာကြာပြီ။ သမီးရော"

အိမ်ထဲရောက်သည်နှင့် မေးလိုက်၏။

"သူ့ကိုသိပ်ရင်း ကျွန်မပါအိပ်ပျော်သွားတာ"

"မငယ်က ဘာလုပ်နေလဲ"

အိမ်ဖော်မလေးအား မေးခြင်းဖြစ်သည်။

"သူ့အမေနေမကောင်းလို့ ခဏပြန်တယ်"

"အိမ်မှာ ဘာဟင်းချက်လဲ"

"ထမင်းမစားခဲ့ရသေးဘူးလား။ စားခဲ့မယ်မှတ်လို့"

"ဘာမှမရှိဘူးလား"

"ရှိပါတယ်။ ကြက်သားကြော်ရှိတယ်။ ပဲဟင်းလေး ပြန်နွေး ပေးမယ်။ တော်ပါသေးရဲ့ ချန်ထားမိလို့။ ကို. . . မစားတော့ဘူး ဆိုပြီး မသွန်ပစ်လိုက်မိတာ"





"မြန်မြန်လုပ်. . . ရေချိုးမယ်။ ဘီယာနဲ့မြည်းဖို့ဘာရှိလဲ"

"အာလူးကြော်ရှိတယ်"

ဥက္ကာရဲကျော် ရေဝင်ချိုး၊ အဝတ်အစားဝတ်ပြီးချိန်တွင် ထမင်းပွဲမှာ ထမင်းနှင့်ဟင်းအဆင်သင့်ဖြစ်နေပြီ။

"ခုတလော. . . အလုပ်ကပြန်လာတာ အရမ်းနောက်ကျ တယ်။ ခုလည်း ညကိုးနာရီကျော်နေပြီ"

"အင်း. . . ကျောက်မျက်ပြပွဲကလည်း နီးနေပြီကိုး။ အလုပ် က အရမ်းရှုပ်တာ။ ဖားကန့်က ပို့လိုက်တဲ့ပစ္စည်းတွေ၊ ပြီးတော့ ရုံးကိစ္စ။ ပြပွဲကိုလာမယ့် ကုမ္ပဏီက ဖိတ်ထားတဲ့ နိုင်ငံခြားဧည့်သည် တွေကိစ္စနဲ့ လုံးလည်ချာလည်ကိုလိုက်နေတာပဲ"

သူ ညည်းညဲညည်းညူညူပြောလိုက်၏။

"ပြီးတော့ အပျိုကြီး မကေသီကလည်း အရမ်းစိတ်တို။ ခိုင်း ရင်ကောင်းကောင်း မခိုင်းဘူး။ လူကို ဝေါက်လိုက်ဟောက်လိုက်နဲ့ ငါမတတ်သာလို့သာ။ အဲဒီမှာလုပ်တာ အလုပ်က ထွက်ပြီးချင်

www.burmeseclassic.com



စိတ်ပေါက်တယ်။ ကျောက်စိမ်းတွင်း သွားလုပ်တာက တော်သေး တာ။ လူသာ ပင်ပန်းတယ်၊ စိတ်မပင်ပန်းဘူး။ ဟိုမှာက အိမ်က မိသားစုနဲ့ ခွဲနေရတာတစ်ခုပဲ. . . ၊ အေးဆေးနေရတာ။ ဒီမှာက တာဝန်ကြီးတယ်"

"ဟိုမှာနေခဲ့လို့ ရှင်အရက်စွဲနေတာလေ"

"ဒါတော့ ယောက်ျားပဲကွာ။ ပင်ပန်းတော့လည်း နည်းနည်း ပါးပါးသောက်တာ"

သူ ဘီယာနှင့် အာလူးကြော်မြည်းနေစဉ် ရွှေဟင်္သာ အနား က ထသွား၏။ ဘုရားခန်းထဲမှာ ရွှေဟင်္သာ ဘုရားဝတ်ပြုနေသည် ဟုသူထင်၏။ သူကလည်း သူ့ဖာသာ အေးအေးဆေးဆေးဘီယာ မြုံ့ရင်း အနားယူနေ၏။

"တော်တော်အသုံးမကျတဲ့လူ၊ စည်းစနစ်ကလည်း မရှိ။ ဒါ ကြောင့်. . . မိဘတွေမရှိတော့ ဘာမှမကျန်ခဲ့တာ။ ပေါ့ပေါ့နေ ပေါ့ ပေါ့စားရင် ဘယ်လိုလုပ်ကြီးပွားမလဲ"

နားထဲမှာ အပျိုကြီးသက်ဦးကေသီ၏အသံက ကိုးလို့ကန့်





လန့်ဝင်လာသည်။ လူတစ်ဖက်သားကို တော်တော်အထင်သေး တတ်သည့် အပျိုကြီးညီအစ်မပါလား။

သက်ဦးကေသီက အသက်သုံးဆယ်ကျော်ပြီ။ သက်မှုန ဟေသီက အသက်နှစ်ဆယ့်လေးနှစ်လောက်ရှိပြီ။ သူမတို့မိခင် ဆုံး သွားတာကြာပြီ။ ဖခင်ဖြစ်သူဦးသက်မောင်က ဖားကန့်၊ မန္တလေး နှင့်ရန်ကုန် သွားလိုက်လာလိုက်လုပ်နေသည်။

ဦးသက်မောင်က နောက်အိမ်ထောင်ပြုပြီး မန္တလေးတွင် အနေများ၏။ ဖခင်ဖြစ်သူ သဘောကောင်းသလောက် သမီးဖြစ် သူများမှာ အလွန်မာနကြီးကာ၊ လူတွေကို အဖက်မတန်သလိုဆက် ဆံတတ်လွန်းသည်ဟု ဥက္ကာရဲကျော်က ထင်သည်။

ဥက္ကာရဲကျော်၏မိဘများ ရုတ်တရက်သေဆုံးသွားရသော ကြောင့် သူတို့မောင်နှမတွေမှာ ဘာမှမလုပ်တတ်၊ မကိုင်တတ်ဘဲ လုပ်ငန်းများတွင် ငွေကြေးအလိမ်ခံရမှုတွေပါ ရောထွေးကာ တစ် ခုပြီးတစ်ခုဆုံးရှုံးသွားရသည်။

မကေသီတို့အဖေနှင့် စပ်တူလုပ်ကိုင်ထားသည့် ကျောက်



www.burmeseclassic.com

www.burmeseclassic.com



မှုက်တုမွဏ္ဏီလုပ်ငန်းသာ ကျန်ခဲ့သော်လည်း ကုမ္ပဏီ၏လုပ်ငန်းများတွင် ငွေများသာ ဝင်နေပြီး အကျိုးအမြတ်ခွဲမပေးသေးပေ။ ဥက္ကာရဲကျော်အား ဝန်ထမ်းအဖြစ်သာ လုပ်ခွင့်ပေးထားပြီး အလုပ်တာဝန်တွေပိအောင် တမင်တကာများ ခိုင်းနေတာလားလို့ တွေးမိ၏။

"တောက်"

မခံချင်စိတ်တွေ တွန်းကန်ပြီး 'တောက်'ပင် ခေါက်မိ၏။ ထမင်းစားပြီး၍ သူ့အိပ်ရာထဲမဝင်ခင် ဘုရားခန်းရှေ့ ရပ်လိုက်၏။

အခန်းထဲမှာ ဖယောင်းတိုင်အကြီးကြီးထွန်း၍ ပါးစပ်က တတွတ်တွတ်နှင့် ဂါထာမန္တန်တွေရွတ်နေသော ရွှေဟသ်ာကို အထူးအဆန်းတွေ့ရသလို မျက်မှောင်တွန့်၍ကြည့်လိုက်၏။

"ဟသ်ာ. . . ဒါဘာလုပ်နေတာလဲ"

"ကို့အတွက် လုပ်ပေးနေတာ"

"မင်းက ဘာလုပ်တတ်လို့လဲ"





"ဆရာ သင်ပြပေးသွားတာပေါ့။ ကို့မှာ အတိုက်အခံတွေ ရှိတယ်မဟုတ်လား။ မကောသီတို့ညီအစ်မကလည်း သိပ်ပြီးနှိမ်တယ်ဆို"

"မင်းရဲ့ဆရာက စွမ်းလို့လား။ ဘယ်မှာတွေ့လာတာလဲ"

"ဘုရားမှာ ပုတီးသွားစိပ်ရင်းတွေ့တာ။ နောက်မှ ကိုယ်နဲ့ မိတ်ဆက်ပေးဦးမယ်။ ဆရာပေးတဲ့အင်းနဲ့ ဖယောင်းတိုင်၊ လာကြည့်လေ. . . ကိုရဲ့"

"တော်ပါပြီကွာ။ ပင်ပန်းလာလို့ လှုပ်တောင်မလှုပ်ချင်ဘူး။ အနက်စိတ်တွေလည်း လေးလာပြီး။ အင်း. . . ကမ္ဘာပေါ်မှာ အလေးဆုံးအရာဟာ မျက်ခွံပဲ။ ငါအိပ်တော့မယ်ကွာ"

ဥက္ကာရဲကျော် အိပ်ခန်းထဲဝင်ကာ နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေသောသမီးအား နမ်းရှိုက်ပြီးမှ အိပ်ပျော်သွားလေသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## မကောသိ ပြီးတော့…မဟောသိ

"ဥက္ကာရဲကျော်ဆိုတဲ့လူ ရောက်ပြီလား…ဟော့"

အဝင်ဝက မှတ်တမ်းစာအုပ်မှာ လက်မှတ်ထိုးရုံပဲရှိသေးသည်။ အတွင်းခန်းထဲမှ အသံစူးစူးဖြင့်အော်မေးသံကြားရ၏။

"ဟာ…ဒီမှာ လက်မှတ်ထိုးရုံပဲရှိသေးတယ်။ အသည်းအသန်ပါပဲလား"

"အဲဒါပဲ…ဆရာကိုဥက္ကာရဲ့။ အယ်ဒီတာချုပ်ကြီးကတော့ မိုးလင်းတာနဲ့ ကိုဥက္ကာကိုတ,နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါ။ ဒီငှက်ဆိုးထိုးသံကြီး မကြားချင်တော့ပါဘူး"

သူစိတ်ပျက်စွာပြော၍ အခန်းထဲဝင်ခဲ့သည်။

"ကြွလာပြီလားရှင့်။ လာပါ. . . အထဲကိုကြွပါလူကြီးမင်း"

သူ့အသံက တမင်တကာထေ့ငေါ့ မဲ့ရွဲ့ဟန်ပေါ်နေ၏။

"ကဲ. . . ထိုင်။ မနေ့က. . . ကျောက်မျက်ကော်ပိုရေးရှင်း အစည်းအဝေးသွားပြီးကတည်းက. . . ပြန်ပေါ်တော်မူမလာဘူး။ ဘယ်များဆက်ပြီး ခြေစကြာဖြန့်နေသလဲ။ ပြောပါဦးရှင့်"

ဥက္ကာရဲ့ကျော့်မျက်နှာက မှုန်ကုပ်ကုပ်ဖြစ်သွား၏။

"အစည်းအဝေးက ညနေခြောက်နာရီမှပြီးတာ။ ပြီးတော့ သဘော်ကျင်းဆင်းသွားရသေးတယ်။ အပ်ထားတဲ့ပစ္စည်းပြီးအောင် စောင့်ယူရတယ်"

"ဒါဖြင့်. . . ပစ္စည်းကပြီးပြီလား"

"ပြီးသွားပြီ။ ဒီနေ့ သူတို့စက်စမ်းမယ်။ ညနေကျ လာယူဖို့ မှာထားတယ်"

"အဲဒီအတွက် ငွေကအပြီးထုတ်သွားပြီနော်။ နောက်ထပ်





ပေးစရာမလိုဘူးမဟုတ်လား"

"ဟုတ်ကဲ့"

"အစည်းအဝေးတက်ခဲ့တဲ့အကြောင်း ၊ ဘာတွေဆွေးနွေးခဲ့သလဲ၊ ဘာတွေပြောသလဲဆိုတာ မှတ်တမ်းရေးတင်"

"ပါးစပ်နဲ့ပြောလို့မရဘူးလား"

"မရဘူး။ ဘာဖြစ်လို့ စာရေးဖို့ပျင်းရတာလဲ။ ခိုင်းထားတဲ့ စာရင်းကိုပြန်ကြည့်ဦး။ ဘာပြီးပြီလဲ၊ ဘာတွေမပြီးသေးဘူးလဲဆိုတာ"

ပြော၍ဆို၍ မှာ၍ဆူ၍မပြီးတော့။ နားထဲ ဂွမ်းထည့်ထားရင်ကောင်းမှာပဲဟုတွေးလိုက်၏။

"ကျောက်မျက်ပြပွဲမှာ ပြမယ့်ပစ္စည်းတွေ အသင့်လုပ်ထား။ ဒီနေ့ဖားကန့်က အရိုင်းတုံးတွေရောက်မယ်။ ကားငါးစီးနဲ့လာမှာ။ ပစ္စည်းတွေထားဖို့ ဂိုဒေါင်ရှင်းထားပါ"

သူခိုင်းတာတွေ စာနဲ့ရေးမှတ်ရင်းမှ ခေါင်းကိုက်လာသည်။ နားတွေပူ၊ ခေါင်းတွေကျိန်းပြီး သက်ဦးကေသီအခန်းထဲက ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သော သက်မှူးဟေသီက ခေါ်ပြန်သည်။

"ဟောဒီမှာ ရှင်တင်ပြတဲ့စာရင်းတွေ ကွန်ပျူတာနဲ့ရိုက်ပြီး ပြီး မှန်ရဲ့လား. . .၊ စစ်ပြီးရင်လက်မှတ်ထိုး"

"မဟေသီစစ်ကြည့်တော့ မှန်တယ်မဟုတ်လား"

"စာရင်းတွေကွာနေတာ တွေ့တာပေါ့။ တချို့ဟာကလည်း မဖြစ်နိုင်တဲ့ဈေးတွေတင်ပြီး ရှင်စာရင်းကိုက်အောင် လုပ်ထားတာ သိသာလွန်းတယ်။ ရှင့်ကိုတော့ ကျွန်မတို့က လုံးဝယုံကြည်လို့မရဘူး။ တကယ်ဆို ရှင်က ဒီဌာနမှူးရဲ့ ရှယ်ယာဝင်။ အလုပ်ကို တိကျသေချာအောင်လုပ်ရမယ်။ ရှင်လမ်းပြတာနဲ့ တခြားလူတွေပါ ခိုးတတ်သွားမယ်"

"ဗျာ. . . ကျွန်တော်ကခိုးတယ်လို့ ဆိုလိုတာလား"

"ရှင်စာရင်းတွေပိုပြပြီး ငွေလိမ်ထုတ်နေတာပဲဟာ"

ဟာ. . . ဘယ်လောက်မခံချင်စရာကောင်းလဲ။ ယောကျ်ားလေးချင်းဆိုရင် လက်သီးနဲ့ထွပ်ထိုးပစ်ဖို့ကောင်းတာ။

"မဟေသီတို့ကိုယ်တိုင်. . . လုပ်ကြည့်မှသိမယ်။ ကျွန်တော့်





အိပ်ထဲက မစိုက်ရတာကံကောင်း"

"ရှင်ကသူဌေးဆိုတော့. . . အိပ်ထဲက စိုက်နိုင်မှာပေါ့။ ဒီလောက်ထိလည်း ရက်ရောစရာမလိုဘူး။ တိတိကျကျမဲလုပ်ပါ"

ဥက္ကာရဲကျော် စာရင်းစာရွက်များယူပြီး ထွက်လာခဲ့သည်။ တော်ပါပြီ။ ခုနေ ထိပေါက်ရင်ကောင်းမယ်။ ဒီအလုပ်ကထွက်ချင်လို့လေ။

အပျိုကြီးနှစ်ယောက်နဲ့ဝေးရာကိုသွားပါရစေ။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## မှန်းလိုက်ပြီ . . . ရွှေဟသာ

"ဒီအပျိုကြီးနှစ်ယောက်ကြောင့် . . . မောင်ဥက္ကာက မိန်းမတွေကိုစိတ်နာတာလား"

ဒေါက်တာစောဝဏ္ဏက မေးလိုက်သည်။ ဥက္ကာရဲကျော်သည် မှိန်းနေရာ မျက်လုံးများပွင့်လာ၏။ သူ၏မျက်လုံးသည် အဝေးတစ်နေရာကိုကြည့်နေသလိုထင်ရပြီး မျက်လုံးမှ မျက်ရည်ကြည်များ ပြည့်လျှံလာ၏။

"မိန်းမနဲ့ပတ်သက်ပြီး စိတ်နာရှိပဲလား။ မင်းမုန်းတဲ့မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ဘဝထဲမှာ ဘယ်သူပါသေးလဲ"

"ရွှေဟင်္သာ. . ."

အက်ရှရှအသံဖြင့် ဖြေလိုက်၏။

"ရွှေဟင်္သာက ဘာတွေလုပ်သွားခဲ့သလဲ. . . မောင်ဥက္ကာ။ တကယ်ဆို သူဟာ မင်းသိပ်ချစ်ခဲ့တဲ့ချစ်သူပဲမဟုတ်လား"

"ဟုတ်တယ်။ ကျွန်တော် ဆယ့်ခြောက်နှစ်အရွယ်ကတည်းက ရွှေဟင်္သာကိုချစ်ခဲ့တာ။ ကျွန်တော်. . . ကျောင်းပိတ်တိုင်း ရွှေဟင်္သာတို့ရွာကိုသွားလည်ပြီး ရွှေဟင်္သာရဲ့အချစ်ကိုရအောင် ကြိုးစားခဲ့တာ"

"ရွှေဟင်္သာက. . . ရိုးသားတယ်၊ ဘာသာရေး တအားလုပ်တယ်။ ဗေဒင်မေးတာ၊ နတ်မေးတာလည်း အရမ်းဝါသနာပါတယ်။ သူနဲ့ကျွန်တော် ယူပြီးတာနဲ့ ကျွန်တော့်မိဘတွေ ဆုံးသွားတော့ ကျွန်တော်တို့မှာ မိဘလုပ်ငန်းတွေ နားမလည်ဘဲ အရှုံးတွေနဲ့ရင်ဆိုင်ကြရတယ်။ မမကြီးနဲ့ရတနာက မန္တလေးမှာနေပြီး ကျွန်တော်တို့က ရန်ကုန်မှာနေခဲ့ကြတယ်။ ကျွန်တော် ဖားကန့်သွားနေတဲ့





အချိန်တွေမှာလည်း ရွှေဟင်္သာက သမီးနဲ့နှစ်ယောက်တည်း နေ တာ။ ကျွန်တော့်အတွက်ပူပန်ပြီး ဗေဒင်မေး၊ နတ်မေးလုပ်ရင်း သူ့ရဲ့ပဋ္ဌာန်းဆက်လို့ပြောတဲ့ဆရာတစ်ယောက်နဲ့တွေ့တယ်"

"ကျွန်တော် ရန်ကုန်မှာရှိတဲ့အချိန်တွေမှာလည်း ကျွန်တော်က အလုပ်နဲ့ တစ်နေကုန်သွားလာနေရတော့ ကလေးကို ကျောင်းပို့ပြီးရင် မဟင်္သာဟာ အားလပ်နေတော့ အဲ့ဒီဆရာနဲ့သူ တွေ့ဆုံရင်းနှီးတာ ပိုများလာမှာပေါ့"

သမီးလေး ဆန်းစသော်တာ အသက်လေးနှစ်ပြည့်မှာ မူကြိုထားသဖြင့် ကျောင်းကားက သမီးလေးအား လာခေါ်သွားလျှင် ရွှေဟင်္သာမှာ အလုပ်တွေအားနေလေသည်။

ရပ်ကွက်အနီးမှာနေသောမယ်အား အိမ်ဖော်အဖြစ် ခေါ်ထားရာ မယ်ကပင် အဝတ်လျှော်၊ မီးပူတိုက်၊ အိမ်သန့်ရှင်းရေး တွေလုပ်လေသည်။

တစ်နေ့ ရွှေဟင်္သာက အိမ်သို့ဆရာတစ်ယောက်ကို ခေါ်လာပြီး ဘုရားခန်းထဲမှာ အုန်းငှက်ပျောပွဲပြင်ကာ ဆရာဆို၊ သူ

www.burmeseclassic.com



က ရွှတ်ဖတ်သရရှှာယ်နေသည်။

ဆရာ့အတွက် ထမင်းဟင်းအသင့်ချက်ထားရ၏။ သက်သတ်လွတ်စားသည်ဆို၍ သီးစုံချဉ်ရည်ဟင်း၊ မှိုစ်နှင့် ပဲပြုတ်ကြော်၊ အာလူးကတ်တလစ် စသည်တို့လုပ်ထားရ၏။

ဆရာကား အသက်လေးဆယ်လောက်ပင်ရှိဦးမည်။ အသားမဖြူမညို၊ မျက်ခုံး၊ မျက်လုံးများက အလွန်ကြည့်ကောင်းသည်။ ဆံပင်အရှည်ထားသည်။

ဆရာ့အား ရွှေဟသ်ာက အလွန်ကြည်ညိုလေးစားပုံရသည်ဟု မငယ်ကထင်သည်။ သူတို့နှစ်ယောက် ထမင်းစားနေရင်းပြောသည့်စကားတွေကို မငယ်က ခပ်လှမ်းလှမ်းမှာအလုပ်လုပ်နေသဖြင့် ကြားနေရ၏။

"ဒီနေ့ကစပြီး အခိုက်အညှံ့တွေ ပြေပါပြီ ညီမရယ်။ ညီမရဲ့ခင်ပွန်းလည်း အလုပ်အကိုင်တွေ အကုန်အဆင်ပြေမယ်။ ညီမသာ အမိဋ္ဌာန်တွေ မှန်မှန်လုပ်။ ကောင်းမှုပြုပြီးတိုင်း သိုက်နန်းမှာ ကျန်ခဲ့တဲ့အဆက်အနွယ်တွေကို. . . မေတ္တာပို့အမျှဝေရမယ်။





မကြာခင်မှာ ရတနာပစ္စည်းတွေ ဖြိုးဖြိုးဝေပြီး ညီမရဲ့ခင်ပွန်းလည်း အရင်လိုပြန်ချမ်းသာလာမယ်"

"ဟုတ်ကဲ့ပါ. . . ဆရာ။ မဟသ်ာ ဆရာလုပ်ခိုင်းထားတဲ့ အမိဋ္ဌာန်တွေ သေချာလုပ်ပါ့မယ်။ ဆရာပေးတဲ့ ဓနသိဒ္ဓိအင်းတ နေ့တိုင်းမီးပူဇော်ရမှာလား".

"ဟုတ်တယ်. . . ဒီအင်းက အင်းဝိဇ္ဇာဘိုးဘိုးကြီးကိုယ်တိုင် ကိုယ့်မနောမှာလာပေးပြီး ဆွဲထားတဲ့အင်း။ ဒီနေ့ကစပြီး ကိုးရက်တိတိ အရဟံမေစနံသိဒ္ဓိကို တစ်နေ့ ကိုးပတ်စိပ်ရမှာ။ ကိုးရက်ပြည့်ပြီး ခဏနားလို့ရတယ်။ နောက်တစ်ခါ. . . ပွဲလှူပြီး တစ်နေ့ ဆယ့်ရှစ်ပတ် ဆယ့်ရှစ်ရက်စိပ်ရမှာ. . .။ အဲဒါပြီးရင် တစ်နေ့ နှစ်ဆယ့်ခုနစ်ပတ်၊ နှစ်ဆယ့်ခုနစ်ရက်စိပ်ရမှာ"

"ဟုတ်ကဲ့။ ဟသ်ာ စာနဲ့ရေးမှတ်ထားတာပါ"

"စာနဲ့ရေးမှတ်စရာမလိုပါဘူး. . . ညီမရယ်။ ကိုယ်လည်း ရှိနေတာပဲ။ ဒီအမိဋ္ဌာန်က စိတ်တော့ရှည်ရမယ်နော်. . . ညီမ"

"ဟုတ်ကဲ့ပါ။ ဆရာကိုယ်တိုင် ဂရုတစိုက်နဲ့ ကျွန်မတို့ ထူညီ



www.burmeseclassic.com

www.burmeseclassic.com



သော ကျေးဇူးတင်ပါတယ်”

“ဆရာ. . . ဆရာလို့ မခေါ်ပါနဲ့ညီမရယ်။ ကိုယ်နဲ့ ညီမဟာ အဆက်အနွယ်က လာခဲ့ကြတာပါ။ ကိုယ်ပြောတာကိုသာ ယုံယုံကြည်ကြည်နဲ့လုပ်။ အားလုံးအောင်မြင်စေရမယ်”

ရွှေဟသ်ာသည် ဆရာပေးသော အမိန့်ဒ္ဓာန်တွေလုပ်နေရင်းမှ ဆရာသုတအောင်အပေါ်မှာ ပို၍ယုံကြည်အားကိုးလာခဲ့၏။ အမိန့်ဒ္ဓာန်မပြီးခင်မှာပင် ဥက္ကာရဲကျော် ဖားကန့်မှဝယ်လာသော ကျောက်စိမ်းတုံးကိုခွဲကြည့်ရာ အတွင်းမှ အရည်အသွေးကောင်းပြီး အလွန်အဖိုးတန်သောကျောက်စိမ်း ရရှိခဲ့သည်မဟုတ်လား။

ထိုကျောက်ကို ဒေါ်နီလာက သိန်းနှစ်ဆယ်ဖြင့် ရောင်းချဖြစ်ခဲ့သည်။ ကုသိုလ်ကံကောင်းလာခြင်းကို ဆရာသုတအောင်ကြောင့်ဟုထင်၍ ရွှေဟသ်ာက ကျေးဇူးတွေတင်နေလေသည်။

ဥက္ကာရဲကျော် မရှိသည့်အချိန်၊ အိမ်သို့ ဆရာသုတအောင် မကြာခဏရောက်ရှိလာခြင်းကို ကြာတော့ အိမ်ဖော်မလေး မငယ်က သံသယဝင်လာ၏။ တစ်ခါတွင် မငယ်အပြင်မှ ပြန်လာစဉ်





ဆရာသုတအောင်နှင့် ရွှေဟသ်ာတို့ အိပ်ခန်းထဲမှာ ရှိနေကြသော တွေ့ရလေသည်။ မငယ်မှာ ရင့်နှုတ်ပိတ်မနေနိုင်တော့ဘဲ ဥက္ကာရဲကျော်အား ပြောပြမိလေရာ ဥက္ကာရဲကျော်သည် မငယ်စကား ယုံရအခက်၊ မယုံရအခက်ဖြင့် ရွှေဟသ်ာ၏အရိပ်အခြေကို အကဲခတ်နေမိသည်။

ရွှေဟသ်ာ၏အမူအရာ ပျက်ယွင်းနေတာ၊ တစ်ခါတလေ အံတွေးလွန်နေတတ်တာတွေကို ဥက္ကာရဲကျော် ရိပ်မိနေပြီ။ ထိုအတောအတွင်း ဥက္ကာရဲကျော် ဖားကန့်သို့ ခဏခဏခရီးထွက်ရသည်။

တစ်နေ့တွင် မန္တလေးသို့သွားမည်ဟု အိမ်ကထွက်သွားပြီး နေ့လယ်လောက်မှ အိမ်သို့ ရုတ်တရက်ပြန်လာရာတွင် အိမ်ရှေ့ဖိနပ်ချွတ်မှာ ကတ္တီပါသဲကြိုးအစိမ်းရောင်နှင့် ယောကျ်ားစီးဖိနပ်တစ်ရံကိုတွေ့လိုက်ရ၏။

ရင်ထဲကို ချွန်ထက်သောအရာနှင့် အထိုးခံလိုက်ရသလို နာကျင်နေ၏။ ကားကို အိမ်မှာထားခဲ့သဖြင့် ဂိုဒေါင်တံခါးပင် မဖွင့်

www.burmeseclassic.com

www.burmeseclassic.com



ရသေး၊ တတ္တစိတို့ အိမ်နှင့် ခပ်လှမ်းလှမ်းမှာရပ်ပြီး ဆင်းလျှောက်ခဲ့ခြင်းဖြစ်၏။ ဒီအချိန် သမီးလေး ဆန်းစသော်တာလည်း ကျောင်းသွားပြီ၊ မငယ်၏အသံလည်းမကြားရ။

တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ တံခါးကိုအသာအယာတွန်းဖွင့်လိုက်၏။ ခြေဖွနင်း၍ ဘုရားခန်းဆီ အရင်လျှောက်သွား၏။

မည်သူ့ကိုမျှမတွေ့ရ. . .။

အိပ်ခန်းဆီလျှောက်သွားပြီး တံခါးကိုဖွင့်လိုက်၏။

"ဟင်. . ."

မမျှော်လင့်ဘဲ တံခါးပွင့်သွားသဖြင့် ခုတင်ပေါ်မှာ တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်၍အိပ်နေသော ရွှေဟသ်ာနှင့် သုတအောင်တို့ အံ့အားသင့်စွာဖြင့် တံခါးပေါက်ဆီသို့ကြည့်ကြသည်။

ဥက္ကာရဲကျော်အား တွေ့ကြသောအခါ မိမိတို့ သေမင်းအားတွေ့လိုက်ရသည့်အလား လန့်ဖျပ်၍ အိပ်ရာပေါ်မှ ခုန်ဆင်းလိုက်





ကြသည်။

"ဒါဘာလုပ်တာလဲ. . . ဘာလုပ်နေကြတာလဲ။ မိုက်ရိုင်းလှချည်လားကွ"

ဒေါသဖြင့် ဥက္ကာရဲကျော်အော်ရင်း သုတအောင်ဆီ ပြေးသွားကာ သုတအောင်၏မျက်နှာကို လက်သီးဖြင့်ထိုးလိုက်လေသည်။

"ကို. . . ကို။ ဒီလိုမလုပ်ပါနဲ့"

"ဘာလဲ. . . နင့်လင်ငယ်ထိလို့လား။ သစ္စာမရှိတဲ့မိန်းမယုတ်. . ."

"ဖြန်း. . ."

စိတ်ထဲမှာ ပေါက်ကွဲစွာ ရွှေဟသ်ာ၏ပါးကို ရိုက်ပစ်လိုက်သည်။ တစ်ချက်ရိုက်၍ အားမရသေး။ ဒေါသအရှိန်ဖြင့် နောက်ထပ် သုံးလေးချက် ဘယ်ပြန်ညာပြန်ရိုက်ပစ်လိုက်သည်။

"မလုပ်ပါနဲ့. . . ကျွန်မတော့်ကိုအပြစ်ပေးပါ။ မဟသ်ာမှာအပြစ်မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခွေးမသား၊ နှစ်ယောက်စလုံးသေအောင်သတ်ပစ်မယ်"

ဉက္ကာရဲကျော်က ဒေါသအရှိန်တက်ပြီး လူသတ်ချင်စိတ် ပေါက်နေတာဖြစ်၏။ ဆရာသုတအောင်ဆိုသူအား လက်သီးဖြင့် ထိုးကြိတ်ဖို့ကြိုးစားသည်။

သုတအောင်ကလည်း ဒေါသတကြီးဖြင့်ဝင်လာသော ဥက္ကာ ရဲကျော်၏လက်သီးများကိုရှောင်တိမ်းရင်း နှစ်ယောက်သားမှာ ဝရုန်းသုန်းကားနှင့် လုံးထွေးသတ်ပုတ်နေသလိုဖြစ်နေ၏။

ရွှေဟသ်ာကလည်း ကြားဝင်၍ဆွဲသည်။

"ကို. . . ကို. . . လက်လွန်ခြေလွန်ဖြစ်ကုန်မယ်။ သတိထား ပါ။ ဒီကိစ္စကို ဒီလိုဖြေရှင်းလို့မရနိုင်ဘူး။ ဆရာ. . . ဆရာ၊ အမြန် ပြန်ပါတော့။ ကို. . . ကိုသတိထားပါဦး။ ကျွန်မကိုပဲ ကိုကြိုက် သလိုရိုက်ပါ။ ကိုပေးချင်တဲ့အပြစ်ပေးပါ"

သုတအောင် အိမ်မှအမြန်ပြေးထွက်သွား၏။

ဥက္ကာရဲကျော်ကို လိုက်မသွားနိုင်အောင် ရွှေဟသ်ာကဆွဲ ထားသည်။





"မင်းတော်တော်သစ္စာမရှိတဲ့မိန်းမပဲ။ ဒီလိုဖောက်ပြန်တတ် မယ်လို့ ငါထင်တောင်မထင်မိဘူး။ မင်းအကြောင်း အိမ်နီးချင်း တွေတောင် ရိပ်မိနေပြီ။ အဲဒါ. . . မင်းမသိဘူးမဟုတ်လား။ တော် တော်အရှက်နည်းတဲ့မိန်းမ။ အဲဒီကောင်က ဘာကောင်မို့ ဒီလောက် စွဲလမ်းနေရတာလဲ။ ငါတစ်ယောက်လုံးရှိရက်နဲ့ မင်းဘာလုပ် တာလဲ။ ယုတ်မာအောက်တန်းကျလှချည်လား"

"ပြောချင်သလိုသာ ပြောပါတော့. . . ကိုရယ်။ တကယ့်တို ကျွန်မမှားတယ်။ ကျွန်မစိတ်ဓာတ်အောက်တန်းကျတယ်။ ကျွန်မ ကိုယ်ကျွန်မလည်း မုန်းမိတယ်။ ဘာကြောင့်ဒီလိုဖြစ်လဲဆိုတာ လည်း ကျွန်မအံ့ဩမိတယ်"

"ဘာလဲ. . . မင်းက ယောကျ်ားတစ်ယောက်နဲ့တောင် အား မရနိုင်ဘူးလား"

သူ ဒေါသစိတ်အထွတ်အထိပ်ရောက်ကာ ပိုးစိုးပက်စက်ကို ပြောဆိုနေမိသည်။

"ကဲ. . . သွားရတော့သွားတော့။ မင်းမျက်နှာကို ငါမကြည့်



www.burmeseclassic.com

www.burmeseclassic.com



ချင်တော့ဘူး။ ငါ. . . လူသတ်မိလိမ့်မယ်”

ရွှေဟသ်ာက တရှုံ့ရှုံ့ငိုနေသည်။

“ဟော့. . . ငါ ရှေ့လာငိုပြမနေနဲ့။ ကျက်သရေမရှိတဲ့မင်းရဲ့မျက်နှာကို ငါမကြည့်ချင်တော့ဘူး။ ထွက်သွားစမ်းကွာ။ ပြောနေတာ. . . ကြားလား”

“ကျွန်မတောင်းပန်ပါတယ်။ ဒီလိုဖြစ်မိတာဟာ ကိုကိုမုန်းလို့လည်းမဟုတ်ဘူး။ ဖောက်ပြန်ချင်တဲ့စိတ်နဲ့လည်း မဟုတ်ဘူး။ သူ့စကားတွေယုံပြီး မလွှဲသာမရှောင်သာဖြစ်သွားရတာ”

“တော်ပြီကွာ၊. . . မကြားချင်ဘူး။ အခုထွက်သွားဆိုထွက်သွား”

“သမီးလေးပြန်လာအောင် စောင့်ပါရစေဦး. . . ကိုရယ်”

“သမီး. . . ဟုတ်လား၊ မင်းနဲ့သမီးနဲ့ တန်လား။ ငါ့သမီးကြီးလာရင် သူ့အမေကြောင့် အရှက်ကွဲလိမ့်မယ်။ ငါ့သမီးကို အခုငါကိုယ်တိုင် ကျောင်းက သွားခေါ်ပြီး မင်းနဲ့ဝေးရာကိုပို့မယ်။ ငါအခုသွားမယ်။ မင်းက မင်းလိုချင်တဲ့ပစ္စည်းယူပြီး ငါပြန်မရောက်





ခင်. . . အိမ်ကဆင်းသွားတော့”

ထိုအချိန်ကစပြီး ဥက္ကာရဲကျော်နှင့် ရွှေဟသ်ာတို့လမ်းခွဲခဲ့ကြတာဖြစ်သည်။

●

မိန်းမကိုမုန်း၊ စိတ်နာသော ဥက္ကာရဲကျော်သည် သမီးကိုခေါ်ပြီး အိမ်ပြန်မလာတော့ပေ။ သမီးနှင့် မန္တလေးရှိ အစ်မကြီးဒေါ်နီလာအိမ်သို့သွား၏။

ဒေါ်နီလာတို့ကလည်း စီးပွားရေးကောင်းနေချိန် ရန်ကုန်သို့ပြောင်းရန်စီစဉ်နေချိန်မို့ သမီးလေး ဆန်းစသော်တာကိုစောင့်ရှောက်ရင်း ရန်ကုန်သို့ပြောင်းလာကာ ဥက္ကာရဲကျော်နေသောအိမ်မှာပင် နေခဲ့ကြ၏။ ဥက္ကာရဲကျော်ထက်အငယ် ရတနာကျော်ကလည်း နောက်ဆုံးနှစ်တက္ကသိုလ်စာမေးပွဲဖြေပြီးသဖြင့် ရန်ကုန်မှာပင် ဘွဲ့လွန်ဆက်တက်၏။

www.burmeseclassic.com



ရှန်တုန်မှာ မနေချင်ဘူးဆိုပြီး ဥက္ကာရဲကျော်က ဖားကန့် အောင်ဒေါ်စိမ်းတွင်းအလုပ်များခိုင်းရန် တောင်းမန်ပြီး ဖားကန့်သို့ ထွက်လာခဲ့၏။ ရန်ကုန်၊ မန္တလေးနှင့် ဖားကန့် သွားချီလာချီလုပ်ရသော်လည်း ဖားကန့်မှာပင် ဥက္ကာရဲကျော်အနေများသည်။

မမျှော်လင့်သော နာကြည်းကြေကွဲဖွယ်ရာ၊ စိတ်နာစရာ အဖြစ်တွေကို မေ့ပျောက်နိုင်စွမ်းမရှိဘဲ ရင်မှာတနုံ့နုံ့ခံစားနေရသောကြောင့် ဥက္ကာရဲကျော်သည် အရက်ကိုပိုသောက်လာမိ၏။

သောက်တာမှ လူမှန်းသူမှန်းမသိအောင်ကိုမူးရူးပြီးသောက်တာဖြစ်သည်။ လုပ်ငန်းရှိသည့်နေရာမှာလည်း အငြိမ်မနေ။ တစ်ခုမဟုတ်တစ်ခုလုပ်နေရမှ။

ဖားကန့်အနီးရှိ ဆင်ကြီးတော၊ ရေနီရွာ၊ စမ်းမြိုင်စသော ရွာတွေအထိလျှောက်သွား။ တောလိုက်မုဆိုးတွေ တောလိုက်ရာလည်း အဖော်အဖြစ်ပါသွားသည်။

လူလည်း ဖြစ်သလိုနေရာ၊ အသားတွေ ညိုမောင်းပြီး မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးတွေနှင့် ရန်ကုန်ပြန်ရောက်လျှင် အိမ်က





လူတွေကပင် ချက်ချင်းမမှတ်မိကြပေ။

ဖားကန့်တွင် တစ်လခန့်နေပြီး ရန်ကုန်သို့တစ်ခေါက်ပြန်ရသည်။ အလုပ်ကိစ္စပြီးလျှင် ဖားကန့်ပြန်သွားရသည်။

"ဟွန်း. . . အရက်စော်ကလည်း နံနေတာပဲ။ မိုးလင်းတာနဲ့ အရက်သောက်လာတယ်ထင်ပါရဲ့"

သက်မှူးဖော်သီက ဥက္ကာရဲကျော် ရုံးခန်းထဲဝင်လာလျှင် နှာခေါင်းရှုံ့၍ပြောသည်။

"မိုးလင်းတာနဲ့ သောက်တာလား. . .၊ အရက်သောက်လွန်းလို့ လူကိုယ်မှာ အရက်နံ့စွဲနေတာဖြစ်မှာ။ ပါးသိုင်းမွေးတွေနဲ့ ဘာအိုက်တင်လုပ်တာလဲ။ လူပုံစံက ဗီဒီယိုဇာတ်ကားထဲက လူဆိုးပုံဖြစ်နေတယ်"

သက်ဦးကေသီကပြောရင်း နှာခေါင်းကို လက်ကိုင်ပဝါနှင့် ပိတ်သည်။

"ဟဲ့. . . စကားပြောရင် ခပ်လှမ်းလှမ်းကပြော။ ရှင့်ဆီက အရက်နံ့နံတယ်"



www.burmeseclassic.com

www.burmeseclassic.com



အရက်နံ့ပျောက်ရန် သူ့ကွမ်းစားထားသည်။

သူတို့တစ်ကိုယ်လုံး အမွှေးနံ့တွေ ဆွတ်ဖြန်းပြီး ကြောင့်ကြောင့် မော့မော့နေတတ်သောအပျိုကြီးညီမနှစ်ယောက်က သူတို့စီးသောတားကိုလည်း အမွှေးနံ့တွေဖြန်းထား၏။

သူတို့နေသောအခန်းကိုလည်း သင်းပျံ့အောင်ထားတတ်သည်ဆိုတော့ ဥက္ကာရဲကျော်ပါးစပ်က အရက်နံ့ရတာကို နှာခေါင်းရှုံ့ကြပေလိမ့်မပေါ့။

"ရှင်. . . အဲဒီလိုဗရမ်းဗတာနေလို့ မိန်းမက ပစ်ပြေးတာဖြစ်မှာပဲ"

သူ့မိန်းမနှင့်ပတ်သက်၍ပြောလျှင် ဥက္ကာရဲကျော်ဆတ်ဆတ်ခါတုန်လှုပ်ကာ ပေါက်ကွဲလေသည်။

"ကျွန်တော့်အကြောင်း ကြိုက်သလိုပြော။ မိန်းမအကြောင်းတော့ ထည့်မပြောနဲ့။ ဒီမိန်းမအကြောင်း ကြားလည်းမကြားချင်ဘူး၊ သတိလည်း မရချင်ဘူး။ ကျွန်တော်အရက်သောက်ပြီး ညစ်ပတ်နံစော်နေပေမယ့်. . . အလုပ်ကိုမထိခိုက်ရင် တော်ရောပေါ့။





ကျွန်တော့်အလုပ်ကို တာဝန်မကျေပြွန်လို့လား၊ အရင်ထက်ပိုလုပ်တယ်။ စွမ်းအားရှိသလောက် အားသွန်ခွန်စိုက်လုပ်တယ်"

ဥက္ကာရဲကျော်အပြတ်ပြောပြီး ထွက်ခွာလာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## တောကြီးမြိုင်လယ်

"ဆရာ. . . ဒါတွန်တော်တို့ကိုယ်တိုင်ချက်တဲ့ တောအရက်၊ အရမ်းကောင်းတယ်။ သောက်ကြည့်ပါလား"

အာလူးက ပြောရင်းနှင့်မှ အကြွမ်းအိုးနှင့်ထည့်လာသော အရက်ကို အကြွမ်းပန်းကန်ထဲငှဲ့ပေးသည်။

"မြည်းစရာကရောကွ"

"ဆရာ. . . အမြည်းကောင်းကောင်းကြိုက်မှန်းသိလို့ ကြက်မဒန်းလေးကိုကြော်လာတယ်။ တောကြက်နဲ့ တောအရက် သိပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဖက်တယ်။ ဒါက. . . ခေါ်ပုပ်ကြော် ဆရာ"

"အေး. . . ကောင်းတယ်"

တွင်းငယ်ရွာမှ အာလူးတို့တဲမှာ ညနက်သည်အထိ အရက်သောက်ပြီးမှပြန်လာခဲ့သည်။

"ကျွန်တော်ပြန်လိုက်ပို့မယ်. . . ဆရာ"

"ရတယ်။ မင်းက. . . ငါ့ကို မူးနေတယ်မှတ်လို့လား။ ဟားဟား. . . အေး။ မူးတော့မူးတယ်။ ဒါပေမဲ့. . . အိမ်တော့ရောက်အောင်ပြန်နိုင်ပါသေးတယ်ကွာ။ ငါနေတဲ့တဲကိုမရောက်ခင် လမ်းမှာ လမင်းကြီးသာနေတဲ့အရသာနဲ့ တောပန်းရနံ့လေးတွေ ခံစားသွားချင်တယ်။ ကဲ. . . မင်းနေခဲ့တော့"

"ဟုတ်ကဲ့. . . ဆရာ။ မူးနေတာတောင် ကဗျာဆန်ချင်သေးတယ်နော့"

လပြည့်ညရောက်ခါနီးပြီမို့ လရောင်က လင်းလှဲ့နေလေ၏။ သဘာဝအလျှောက်ပေါက်ရောက်နေသော တောပန်းရနံ့များကလည်း သင်းပျံ့ပျံ့ ရှိနေသည်။





ဟသ်ာရယ်. . .၊ ဒီလိုညမျိုးဟာ အရမ်းလွမ်းဖို့ကောင်းတယ်။ မင်းကို ငါ သတိရ တမ်းတနေတာ ဘာဖြစ်လို့လဲသိလား။

မင်းနဲ့ချစ်ခဲ့တဲ့အဖြစ်ကို မမေ့နိုင်သေးတော့ မင်းရက်စက်တာကို စိတ်နာစွာနဲ့ ငါကြေကွဲနေတယ်ကွာ။

ဒီလောက်ချစ်ခဲ့ကြပါလျက်နဲ့ ဘာကြောင့်များ ဖောက်ပြန်သစ္စာမဲ့ချင်တာလဲဆိုတာ နားမလည်နိုင်တော့ဘူး။ ဘာပဲဖြစ်ဖြစ် ဖောက်ပြန်တာဟာ ဖောက်ပြန်တာပဲ။ မိန်းမဆိုတာ ယောကျ်ားကို မယုံကြည်စိတ်မချရတဲ့အမျိုးအစားတွေပါလား။

ကောင်းကင်ပေါ်က မှိတ်တုတ်မှိတ်တုတ်လုပ်နေသော ကြယ်ပွင့်ကလေးတွေကို မော့ကြည့်ရင်း သူပြုံးလိုက်၊ ရယ်လိုက်၊ ငိုလိုက်နှင့် တစ်ယောက်တည်းစကားပြောကာ လမ်းလျှောက်လာပြီး သူပြန်ရမည့်လမ်းစပျောက်သွားသည်။

သူ့အားကြည့်ရသည်မှာ စိတ်မမှန်သူ အရူးတစ်ယောက်နှင့်တူနေသည်။ သူ့မျက်လုံးတွေ ရီဝေနေသည်။ လရောင်ဖြင့်မြင်နေရသောသစ်ပင်ဝါးပင်တွေကြားမှာ အဖြူရောင်အရိပ်တစ်ခုဟာ ရွှေ

www.burmeseclassic.com



မွေ့ လှုပ်ရှားနေသလိုတွေ့နေရ၏။

ထိုဖြူဖြူအရိပ်နောက် သူလိုက်နေမိ၏။

သူငယ်စဉ်က အသက်ဆယ့်ရှစ်နှစ်သားအရွယ်က သည်လို တောလမ်းကလေးမှာ ရွှေဟသ်ာ၏လက်ကိုဆွဲ၍ သာယာကြည်နူး စွာ လျှောက်လည်ခဲ့တာကိုသတိရ၏။

ရွှေဟသ်ာတို့ရွာက လူတွေ၊ ဆင်ရိုင်းဖမ်းကြစဉ်က အဖြစ် အပျက်ပင်။ ရွာသားတွေက အော်ကြ တစ်ကြ ခြောက်လှန့်၍ ဆင် တွေကို ကျုံးထဲရောက်အောင် မောင်းသွင်းနေကြစဉ် မိမိတို့နှစ် ယောက်က အကြောက်အလန့်မရှိ၊ တစ်ယောက်လက် တစ်ယောက် တွဲပြီး ရင်ခုန်ကြည်နူးစွာ တောထဲမှာ မြူးရွှင်ခဲ့ကြတာမဟုတ်လား။

ဪ. . . ရွှေဟသ်ာရယ်။

ခုတော့ မင်းက နာမည်နဲ့တောင် မလိုက်ဖက်အောင်ကို ကောက်ကျစ် ဖောက်ပြန်နေတတ်ပါလား။ သူ့မှာ နာကြည်း ကြေကွဲ စိတ်တွေဖြင့် ဘဝပျက်မတတ် ခံစားနေရချိန်၊ ရွှေဟသ်ာတစ် ယောက်ကတော့ တခြားယောကျ်ားတစ်ယောက်၏ရင်ခွင်မှာ ပျော်





ရွှင်နေပေလိမ့်မည်။

"တောက်"

သူ ခံပြင်းစွာ တောက်ခေါက်လိုက်၏။

"တောက်"

"တောက်"

"တောက်"

"တောက်"

သူ တောက်ခေါက်သလိုပင် တစ်စုံတစ်ယောက်။ မဟုတ်ဘူး။ လူသုံးလေးယောက်က တောက်ခေါက်သလိုကြားလိုက်ရ၏။

"ဘာလဲ"

ပဲ့တင်သံလည်း မဟုတ်ပါဘူး။ သူ့ရှေ့တွင် ဖြူဖြူလွလွအရာ တစ်ခု တလွင့်လွင့်ပြေးနေသလိုပင်။

"ရှေ့ကအကောင်. . . ဘာကောင်လဲ"

"ငါ့ကိုလှောင်နေတာလား"

"ဟား. . . ဟား. . . ဟား. . . ဟား. . . ဟား"



www.burmeseclassic.com

www.burmeseclassic.com



ရယ်သံလိုလို၊ လေတိုး၍ သစ်ပင်တွေ ယိမ်းနွဲ့လှုပ်ရှားသံလိုလို ငြီးငြီးငြင်ငြင်ကြားနေရ၏။

"ဘာတွေလဲ"

သူ့မျက်လုံးများက လမ်းတစ်ဖက်တစ်ချက်သို့ ဝေ့ဝဲ၍ကြည့်လိုက်သည်။ လရောင်ဖြင့် မြင်နေရသောအရာများက သစ်ပင်၊ ဝါးပင်များအကြား မည်းမည်းအရိပ်တွေ။ သူက ခြေစုံရပ်ပြီးကြည့်နေသောအခါ ထိုအရိပ်တွေလည်းငြိမ်နေကြ၏။ သူက ရှေ့ဆက်၍ လျှောက်လျှင်လည်း သူ့နောက်မှလိုက်လာသလို လှုပ်ရှားသံတွေကြားရ၏။

သူ့ကိုယ်သူ မလုံသလိုဖြစ်ကာ လှည့်ကြည့်၏။

အရာရာသည် ငြိမ်သက်နေပြန်သည်။

"ရှီ . . . ရှီ . . . ရှီ . . . ရှီ"

"မကြောက်နဲ့၊ ဘာမှမရှိဘူး"

ဟုအားတင်းပြီး သူလေချွန်၍ဆက်လျှောက်သည်။

"ရှီ . . . ရှီ . . . ရှီ . . . ရှီ"





သူ့လိုပဲ လေပြန်ချွန်သံကြားရ၏။

သူ့နားတွေ မကောင်းတော့ဘူးလား။ သူ့ရှေ့မှာ ဖြူဖြူအရိပ်ကိုတွေ့ပြန်၏။ ဘယ်လမ်းဘယ်နေရာကို ရောက်နေမှန်းပင် မသိတော့။ ရှေ့ဆက်၍ သူလျှောက်လာခဲ့သည်။

"ရှီ . . ရှီ . . ရှီ"

လေချွန်သံသဲ့သဲ့လေး ကြားနေရ၏။ သူလည်း လေမချွန်ပါဘူး။ တောထဲသွားလျှင် လေမချွန်ရဘူး၊ သီချင်းမဆိုရဘူးဟု သူ့အဘွားပြောသံကြားဖူး၏။ တောထဲက မကောင်းဆိုးဝါးနာနာဘာဝတွေက လိုက်ပြီးအသံပေးတတ်တယ်တဲ့။

သူ့ခြေထောက်တွေ လေးလံလာ၏။ သူ့ခန္ဓာကိုယ်ကိုပင် သူမသယ်ချင်လောက်အောင်ဖြစ်၍ ခန္ဓာကိုယ်သည် ယိုင်နွဲ့လာသည်။ မျက်လုံးထဲမှာ ဖြူဖြူအရိပ်တွေ မြင်လိုက်၊ မည်းမည်းအရိပ်တွေမြင်လိုက်။ သူသွားရာနောက် တရွေ့ရွေ့လိုက်လာကြသောအရာတွေသည် ဘာတွေလဲ။

●



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား . . ဘုရား . . . ကယ်ပါ။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"

သူ တတ်သမျှမှတ်သမျှဘုရားစာတွေရွတ်ပြီး ဆက်ပြေးနေမိ၏။ လမ်းစလည်းပျောက်၊ ဘယ်ဆီဘယ်ရောက်မှန်းမသိ၊ စွတ်ရွတ်ပြေးတာ မြက်ပင်များသည် သူ့တစ်ရပ်လောက်ရှိနေ၏။

မြက် ရိုင်းပင်များကြားမှ သူသည် ပြေးရင်းက အလွန်ပင်မောဟိုက်ကာ မျက်လုံးများမှာလည်း ပြာဝေမှုန်မှိုင်းကာ ဘာမှ မမြင်ရသလောက်ဖြစ်ပြီး တစ်စုံတစ်ခုနှင့်တိုက်မိကာ ဝရုန်းသုန်းကား ဇောက်ထိုးခွက်လန်ကျသွားတော့လေသည်။

သူနှင့် တိုက်မိသူကား အကျႌအနက်၊ ရှမ်းဘောင်းဘီအနက်ဝတ်ထားသော ဆေးဆရာကြီးဦးအောင်ပွင့်ပင်ဖြစ်သည်။

"အင်း . . . ငါတစ်ယောက်လုံးကိုတောင် မမြင်တဲ့ဒီကောင်။ ကေန္တ တစ္ဆေခြောက်လို့ ကြောက်ပြီးပြေးလာတာဖြစ်ရမယ်"

ဦးအောင်ပွင့်သည် သူ၏ကြီးမားတုတ်ခိုင်သောလက်တစ်ဖက်တည်းဖြင့် ဥက္ကာရဲကျော်အား လက်မောင်းရင်းမှကိုင်ဆွဲ၍





ဒရွတ်တိုက်ခေါ်လာခဲ့သည်။

သူနေထိုင်သောတဲအနီးရောက်မှ ဥက္ကာရဲကျော်အား မ,ချီကာ တဲပေါ်တင်ပေးလိုက်၏။ ဥက္ကာရဲကျော်ကား နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်လျက်ရှိလေသည်။

● ● ●

www.burmeseclassic.com

www.burmeseclassic.com

## သရုပ်ဖော်ချော်

"မင်း . . သတိရပြီလား"

ကြည်လင်ဝီသစွာသောအသံဝါကြီးကို ကြားလိုက်ရသဖြင့် ဥတ္တရာရဲကျော်၏မျက်လုံးများ ဖျပ်ခနဲပွင့်လာသည်။

သျှောင်တစောင်းထုံး၍ မုတ်ဆိတ်မွေးအရှည်များရှိသော အင်္ကျီနက်၊ ရှမ်းဘောင်းဘီပွပွဝတ်ထားသော ဦးအောင်ပွင့်၏ အသွင်အပြင်ကို တအံ့တဩငေးကြည့်နေပြီးမှ အိပ်ရာက ထလိုက်၏။ ရုတ်တရက် ထမရအောင်ဖြစ်နေသည်။

**ရွှေဝဠေဒေဝသာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ကိုယ်တွေလက်တွေ နာနေမှာပေါ့။ ဟိုမှာ ရေ ရှိတယ်။ မျက်နှာတွေဘာတွေသစ်လိုက်ဦး။ ပြီးရင် ဆေးတိုက်မယ်"

ဘယ်နေရာကို သူရောက်နေတာပါလိမ့်ဟုတွေးရင်း ပလုပ်ကျင်း မျက်နှာသစ်သည်။ သူ့တစ်ကိုယ်လုံးမှာ ပွန်းပဲ့သည့်ဒဏ်ရာတွေနှင့် နာကျင်နေသည်။

"ရော့ . . . အဲဒီဆေးကို ရေနွေးနဲ့သောက်လိုက်"

ရေနွေးကရားထဲမှ ရေနွေးတစ်ခွက်ငှဲ့ပေးကာ ဆေးမှုန့်နှင့် ရေကိုဖျော်၍တိုက်သည်။ ဆေးရည်ကား ခါးလွန်း၍ သူ့မျက်နှာ တစ်ခုလုံးရှုံ့မဲ့နေတာကြည့်ပြီး ဦးအောင်ပွင့်ကပြုံးသည်။

"ဒီဆေးရည်ကို လက်ကဒဏ်ရာတွေလိမ်းလိုက်"

ဆေးရည်က အညိုရောင် ခပ်ပျစ်ပျစ်။ ဆီနှင့်ဖျော်ထားသဖြင့် စေးထန်းနေ၏။ သို့သော် လက်တစ်ခုလုံးကို ပွတ်လိမ်းလိုက်သောအခါ ပူရှိန်းရှိန်းနှင့် ဒဏ်ရာများ၊ နာကျင်မှုများ ချက်ချင်းသက်သာသွားသလိုခံစားရ၏။

"ကျွန်တော် ဘယ်ကိုရောက်နေတာလဲအဘ"





"တောထဲတစ်နေရာပေါ့ကွာ။ မင်းကရော ဒီတောထဲဘယ်လိုရောက်လာတာလဲ။ ပြောပြပါဦး"

"ကျွန်တော်က . . . ရန်ကုန်မှာနေပါတယ်။ ကျောက်စိမ်းကျောက်မျက်ကုမ္ပဏီမှာ အလုပ်လုပ်ပါတယ်။ တာဝန်အရ ဖားကန့်ကျောက်စိမ်းတွင်းကိုလာရင်းက . . . တွင်းငယ်ရွာမှာ ညကသူငယ်ချင်းနဲ့ အရက်သောက်ပါတယ်။ အပြန်မှာ လမ်းမှားသွားတယ်ထင်ပါတယ်။ ပြီးတော့ ဘာဖြစ်မှန်းမသိတော့ဘူး"

"မင်းတ အရက်မူးတာရော၊ တစ္ဆေခြောက်တာရော၊ ရောပြီး . . . ကြောက်လန့်တကြားပြေးလာတာမဟုတ်လား။ ငါ့တောင်ဝင်တိုက်မိပြီး သတိမေ့သွားတာ။ အမှန်တော့ သတိမေ့သွားတာမဟုတ်ပါဘူး။ သတိမရတော့လောက်အောင် အသိစိတ်တင်းခဲ့ပြီး အိပ်သွားတာ"

"ဟုတ်လား"

သူသိပ်ပြီးနားမလည်ပါ။ ညက တွေ့ကြုံရသည့်အကြောင်းတွေ ပြန်သတိရလာ၏။ အကောင်ကြီးတစ်ကောင် သူ့နောက်မှ



www.burmeseclassic.com

www.burmeseclassic.com



လိုက်လာခဲ့တာကို သတိရပြီး ကြက်သီးတွေထလာ၏။

"ကျွန်တော်တစ္ဆေခြောက်ခံရတာလား. . . အဘ"

"အေး. . . ဒီလောက်ခေါင်တဲ့နက်တဲ့နေရာမှာ ဒီကောင်တွေ အများကြီးရှိတယ်။ လူတွေကိုခြောက်လှန့်တတ်တယ်"

"အဘကိုရော"

"ငါ့ကိုလည်း ခြောက်လှန့်တာပေါ့။ ငါမကြောက်တတ်တော့ သူတို့မခြောက်နိုင်တော့ဘူး။ ကုသိုလ်ကံနိမ့်တဲ့လူတွေ. . . သူတို့ ခြောက်လှန့်တာ ခံရတာပေါ့။ ဘာပဲဖြစ်ဖြစ် စိတ်မာတ်ခိုင်မာပြီး ရတနာသုံးပါး. . . မပြတ်ဆည်းကပ်နေရင် သူတို့ဘာမှလုပ်လို့ မရဘူး"

"အဘက ဒီတောထဲနေတာလား။ မကြောက်ဘူးလား"

"အေး. . . ငါ့အကြောင်းနဲ့ငါနေတာပေါ့။ ဘာကြောင့်လဲ၊ ဘာလုပ်တာလဲဆိုတာ မေးမနေပါနဲ့ကွာ။ ပြောရတာရှည်တယ်"

ဝါးကြမ်းခင်းထားသောတဲလေးအတွင်းမှ ဆေးမြစ်ဟုထင်ရသည့် သစ်ပင်အမြစ်တုံးတွေ၊ နွယ်ပင်တွေ၊ ဟိုတစ်စု၊ သည်တစ်စု ရှိနေ၏။ တဲ၏ဘေးမှာ အဖိုလေးချပြီး ထင်းတုံးများဖြင့် မီးမွှေးကာ ထမင်းအိုးတည်ထားတာတွေ့ရသည်။

"ကဲ. . . ထမင်းစားရအောင်။ ဒါမှ မင်း. . . အားပြည့်သွားမှာ"

ထမင်းပူပူနွေးနွေးကို ဆီဆမ်းစားဖြူး၍ကျွေးသည်။ ဖဲငုံကို ငရုတ်သီးနှင့် ရောကြော်ထားသည်။ အသားဟင်း မပါသော်လည်း စားလို့ကောင်းသည်။

ထမင်းစားပြီး ဦးအောင်ပွင့်နှင့်အတူ အလုပ်တွေ့ ကူလုပ်ပေး၏။

"အဘက ဆေးဆရာကြီးလား"

"ဆိုပါတော့ကွာ"

"ဒါ အဘ အမြဲနေတဲ့အိမ်တော့ မဟုတ်တန်ကောင်းပါဘူး"

"ဟုတ်တယ်။ ဆေးပင်တွေ ရှာဖွေစုဆောင်းဖို့ ရောက်နေတာ။ ငါတစ်ယောက်တည်း မဟုတ်ဘူး။ တပည့်တစ်ယောက်လည်း ရှိတယ်။ သူက ရွာထဲခဏပြန်တာ။ လာပါတော့မယ်။ သူလာရင်





ရွှေပဒေသာစာပေ

www.burmeseclassic.com



ငါတို့ တစ်ခါတည်းပြန်ကြမယ်။ မင်းကိုပါ လိုက်ပို့ပေးလိုက်မယ်"

သူ့အကြောင်းကိုယ့်အကြောင်းပြောရင်းနှင့် ပိုမိုရင်းနှီးသွားကြသည်။

"မိန်းမတွေကို. . . ကျွန်တော် စိတ်ပျက်စိတ်ကုန်တာအပြင် မုန်းလည်းတော်တော်မုန်းတာ"

"အေး. . . မင်းနဲ့ငါတူတာပဲ"

"ဒီမိန်းမတွေကို ဘယ်လိုတုံ့ပြန်ကလဲ့စားချေရင် ကောင်းမလဲလို့။ ကျွန်တော့်မိန်းမ ရွှေဟသ်ာ၊ ကျွန်တော့်ကိုအထင်သေးပြီး အမြဲနှိပ်ကွပ်ဆက်ဆံတတ်တဲ့ အပျိုကြီးသက်ဦးကေသီ. . .၊ တစ်ယောက်တစ်မျိုးစီ၊ မုန်းစိတ်နာဖို့ကောင်းတယ်"

ဦးအောင်ပွင့် ခေါင်းတညိတ်ညိတ်လုပ်နေသည်။

"တုံ့ပြန်ကလဲ့စားချေတာ ကောင်းတဲ့စိတ်တော့မဟုတ်ဘူး။ ဒါပေမဲ့. . . မင်းရုပ်မင်းအရွယ်လေးနဲ့ ဒီလောက်မိန်းမတွေက နှိပ်စက်တယ်ဆိုတော့ မခံချင်စရာပဲ။ မိန်းမတွေက. . . မင်းကို အရှုံးအမူးစွဲလမ်းစေတဲ့ပီယဆေး. . . ထိုးပေးလိုက်မယ်။ ချမ်းသာတဲ့





မိန်းမပဲဖြစ်ဖြစ်၊ ဘယ်လောက်မာနကြီးတဲ့မိန်းမဖြစ်ဖြစ်၊ မင်းကိုပဲ စွဲလမ်းနေစေရမယ်"

"သူတို့ ကျွန်တော့်ကိုစွဲလမ်းတော့ ကျွန်တော်ဘာဆက်လုပ်ရမလဲ"

"မင်းကိုသိပ်မုန်းတယ်ဆိုတဲ့မိန်းမ၊ မင်းကို သိပ်စွဲလမ်းနေသက်နေမှတော့ မင်းဖြစ်စေချင်သလို သူ့ကိုခိုင်းပေါ့။ မင်း သူ့ကိုနိုင်လို့ရပြီလေ"

"ဟုတ်တယ်။ ဟုတ်တယ်နော်. . . အဘ"

ဥက္ကာရဲကျော် ကောင်းကောင်းကြီးသဘောပေါက်သွားပြီး ဆရာကြီးပြောသော ပီယဆေးကိုလိုချင်သွားသည်။

"ဒါဆို ကျွန်တော့်ကို အဲဒီဆေးဖော်ပေးပါဆရာကြီး"

"အင်း. . . ဆေးကလွယ်တော့ မလွယ်ဘူး။ အစွမ်းထက်တဲ့ဆေးမို့ ခက်ခက်ခဲခဲဖော်ရမှာ"

"ဘယ်လိုခက်ခဲလို့လဲ. . . ဆရာကြီး"

"မင်းကိုယ်တိုင် သတ္တိရှိရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"သတ္တိရှိရမယ်။ ဟုတ်လား"

"အေး. . . မင်းက ကြောက်တတ်တယ်ဆိုတော့"

"ဟာ. . . မကြောက်ပါဘူး။ အဘရှိနေရင်. . . ကျွန်တော် မကြောက်ဘူး။ ဘယ်လိုမျိုးသတ္တိရှိရမှာလဲ။ ဘယ်လိုအန္တရာယ် တွေ့ရမှာလဲ"

"မင်းစိတ်ကို မင်းနိုင်အောင်ထိန်းနိုင်ပါ့မလား"

"ထိန်းပါ့မယ်"

"ဒီအကြောင်း တခြားလည်းလျှောက်မပြောရဘူး"

"စိတ်ချပါ"

"လွယ်လွယ်ကူကူမပြောနဲ့လေ။ သေချာစဉ်းစားပါဦး။ ဟို မှာ. . . ငါ့တပည့် လာနေပြီ။ ဒီကပစ္စည်းတွေ သိမ်းထားတာနဲ့ အတော်ပဲ"

ဦးအောင်ပွင့်၏တပည့်ဆိုသူမှာ အသက်သုံးဆယ်လောက် ပင် ရှိဦးမည်။ အသားနီစပ်စပ်နှင့် ဆံပင်အရှည်ထားသည်။

"သူ့နာမည်က. . . ငွေမောင်းတဲ့။ အားကိုးရပါတယ်။ လာ





ဟေ့. . . မင်းကို ငါမျှော်နေတာနဲ့။ ဒီနေ့ပဲ ရွာပြန်ကြရအောင်။ ဟောဒီမောင်ဥက္ကာကိုလည်းပြန်ပို့ရင်း. . ."

ကိုငွေမောင်းတွင် စားသောက်စရာတချို့ပါလာသည်။

ခေတ္တခဏနားပြီးလျှင် ကိုငွေမောင်းယူလာသော ကြက်သား ကြော်နှင့်ထမင်းစားကြသည်။

ရှာဖွေစုဆောင်းထားသည့် ဆေးမြစ်များ၊ သစ်ဖုသစ်ဥ များကို တောင်းနှစ်တောင်းနှင့်ထည့်ပြီး တောထဲမှပြန်လာကြ၏။

သစ်ပင်များ ထူထပ်စွာ ပေါက်ရောက်နေသော သစ်တော ကြီးမို့ နေရောင်မကျရောက်။ အပူရှိန်မပြင်းဘဲ လမ်းခရီးမှာ အေး စိမ့်နေ၏။

"တွင်းငယ်နဲ့ မြိုင်သာယာဟာ ငါးမိုင်သာသာလောက်ပဲဝေး တာ။ ရွာချင်းဆက်နေတာပါကွ။ မင်း. . . သေချာစဉ်းစားပြီးမှ ငါ့ဆီလာခဲ့။ သိပ်အကြာကြီးတော့ မစဉ်းစားနဲ့။ သုံးရက်ပဲ ငါ အချိန်ပေးမယ်။ ဘယ်သူ့ကိုမှလည်းမတိုင်ပင်နဲ့။ တိုင်ပင်ရင် အကြံ ပျက်တယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . ကျွန်တော် ဒီဆေးကို တကယ်လိုချင်တာပါ အဘရယ်။ ဘယ်လိုရန်မျိုးဖြစ်ဖြစ် မကြောက်ပါဘူး"

"သချိုင်းထဲမှာ ဆေးဖော်ရမှာကွ"

"ရတယ် . . . အဘ"

"လူသေကောင်နဲ့တွဲအိပ်ရမှာ"

"အိပ်ပါ့မယ် . . . အဘရာ။ ဒီလောက်တော့ စွန့်စားရမှာ။ အဘရှိနေမယ်ဆိုရင် ကျွန်တော်မကြောက်ဘူး"

"အေး . . . ကောင်းပြီ . . . ကောင်းပြီ"

● ● ●



## သင်္ချိုင်းထဲမှာ . . .

"ဝူး . . . အူး . . . အူး . . . အူး"

ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးအူသံကြီးသည် ကြောက်မက်ချောက်ချားဖွယ်ရာကောင်းနေသည်။ ရွာအပြင် သုသာန်ထဲမှာတော့ လူသုံးယောက် တိတ်ဆိတ်စွာလှုပ်ရှားနေကြသည်။

ဦးအောင်ပွင့်က သချိုင်းမြေပုံတစ်ခုထိပ်မှာ ထိုင်နေ၏။ သူ့ရှေ့မှာ စကောဝိုင်းတစ်ချပ်တွင် ဖက်ခင်း၍ ထမင်းနှင့်ဟင်းပုံထား၏။



www.burmeseclassic.com

www.burmeseclassic.com



အင်းကွက်များ ရေးသွင်းထားသော ဝါဆိုဖယောင်းတိုင်လို ဖယောင်းတိုင်အကြီးစားနှစ်တိုင် ထွန်းထား၏။ အင်းကွက်များ ရေးထားသောစက္ကူကို မီးရှို့ပြီး ပြာများကို ရေနှင့်ဖျော်ပေး၍ ဥက္ကာရဲကျော်က သောက်ရ၏။ ကိုငွေမောင်းတစ်ယောက်တည်း သချိုင်းကို ပေါက်တူးဖြင့်တူးဖော်ရ၏။

"ဒီနေ့မှ မြေချတဲ့အလောင်းကွ။ တမင်တကာ သက်သက် ခပ်ဖွဖွလေး မြေဖို့ထားခိုင်းတယ်"

ကိုငွေမောင်းက ပြောလိုက်သည်။

"ရော့. . . အဲဒါကို ထူထူပျစ်ပျစ်လေးလိမ်းလိုက်"

ကြွေဇလုံလေးထဲမှာ နံ့သာဖြူနှင့် နံ့သာနီရော၍ သွေးထားသောအရည်များရှိ၏။ ထိုအရည်ကလည်း လက်နှင့်ထိသည့်အခါ အေးစက်နေ၏။ မိန်းကလေး၏မျက်နှာမှာ ခပ်ထူထူကလေးလိမ်းပေးလိုက်သည်။

"အဲ့ဒီထဲ. . . မင်းဝင်အိပ်။ ကပ်ကပ်သပ်သပ်ပဲအိပ်ရမှာ။ မျက်လုံးကို အဝတ်မည်းစည်းပေးမယ်။ ဘာကောင်တွေ့တွေ့၊ ဘာ





သံကြားကြားမလှုပ်နဲ့။ ငြိမ်ငြိမ်သာနေ. . . ဟုတ်ပြီလား"

ဥက္ကာရဲကျော်၏မျက်လုံးမှာ အဝတ်အမည်းကို စည်းပေးထားသဖြင့် ဘာမှမမြင်ရတော့။ ဥက္ကာရဲကျော်ကလည်း မျက်လုံးကို စုံမှိတ်ထား၏။

စိတ်ထဲကတော့ ဘုရားစာဆိုနေသည်။

အပြင်မှ ဦးအောင်ပွင့်၏ ဘုရားစာရွတ်သံ၊ ဂါထာမန္တန်ရွတ်သံ၊ သချိုင်းတွင်းရှိ အစောင့်အရှောက်များ မေတ္တာပို့သံဖြင့် အဆက်မပြတ်ကြားနေရ၏။

ဘုရားစာရွတ်နေရင်း၊ အာရုံပြုနေရင်းမှ ဥက္ကာရဲကျော် အိပ်ပျော်သွားသည်။ သို့သော် မျက်လုံးထဲမှာ အရောင်တွေမြင်နေရ၏။ စိမ်းစိမ်း၊ ဝါဝါ၊ နီနီ၊ ဖြူဖြူအရောင်များ လင်းခနဲ၊ လက်ခနဲဖြစ်နေ၏။

"ဟီး. . . ဟီး. . . ဟီး. . . ဟီး"

ရယ်သံလိုလို၊ ငိုသံလိုလို အသံကြီးနှင့်အတူ သတ္တဝါတစ်ကောင် ပေါ်လာ၏။ မျက်နှာမှာ မီးသွေးတုံးလို မည်းနက်နေပြီး



www.burmeseclassic.com

www.burmeseclassic.com



မှုတ်လုံးနှစ်လုံးမှာ ပြူးကျယ်ကာ မီးလုံးကြီးနှစ်လုံးလိုလင်းတောက်နေ၏။

သူ့တစ်ကိုယ်လုံးမှာ အမွေးအမျှင်များဖြင့်ဖုံးအုပ်ပြီး အဝတ်မပါ ဗလာကိုယ်ထီးဖြစ်သည်။ အိပ်နေသောဥက္ကာရဲကျော်အား ငုံ့ကြည့်ပြီး လက်နှစ်ဖက်ကိုမြှောက်လိုက်စဉ် ဥက္ကာရဲကျော် ခုန်ထပြီး အခေါင်းတလားထဲမှထွက်ပြေးသည်။

"ရှူး"

သတ္တဝါကြီး ဒေါသဖြင့် နှာမှုတ်သံမှာ ကျယ်လောင်လှ၏။ သူ့နောက်သို့လိုက်လာသော သတ္တဝါကြီးအား ပြန်လှည့်မကြည့်မိဘဲ အားကုန်ပြေးနေသည်။

ဥက္ကာရဲကျော် ရှေ့မှမြင်ကွင်းကြောင့် တုံ့ခနဲရပ်လိုက်၏။

ရှေ့မှာရပ်နေသည့်အကောင်ကြီးကတော့ လူလိုလို၊ မျောက်လိုလိုအကောင်။ အကောင်ကြီး၏အရပ်က သူ့ထက်နှစ်ဆလောက်မြင့်သည်။

သူ့အား ပြူးကျယ်ဝိုင်းစက်သောမျက်လုံးများဖြင့် ငုံ့ကြည့်





နေ၏။ ဘယ်လိုလုပ်ရမလဲ။ ရှေ့ဆက်ပြေးလို့လည်းမဖြစ်။ နောက်ကြောင်းလှည့်ရန်မလွယ်။ ဘယ်နှယ့်ပါလိမ့်။ ရှေ့သို့ခြေတစ်လှမ်းချင်း တိုးလာသောအကောင်ကြီးကိုကြောက်၍ နောက်သို့ပြန်လှည့်သောအခါ နောက်မှလိုက်လာသော သတ္တဝါကြီးနှင့် ရင်ဆိုင်တည့်တည့်တိုးမိ၏။

ဥက္ကာရဲကျော်သည် သတ္တဝါကြီး၏ ချုပ်နှောင်ဖမ်းဆီးခြင်းမှလွတ်မြောက်ရန် သူ၏ညာခြေဖြင့် လှမ်းကန်လိုက်သည်။ သတ္တဝါကြီး၏ရင်ဘတ်ကို ဘုတ်ခနဲမြည်အောင်ထိမှန်ပြီး သတ္တဝါကြီးနောက်သို့ဆုတ်သွားသည်။

သူ့ကိုယ်သူလည်း ဥက္ကာရဲကျော် အံ့ဩသွားမိ၏။ ဘယ်ကဘယ်လို သူ့မှာ ခွန်အားတွေပြည့်လာပါလိမ့်။ သတ္တဝါကြီးက ရှေ့သို့တိုးလာပြီး လက်နှစ်ဖက်ဖြင့် သူ့အား ဖမ်းဆီးရန်ကြိုးစားသည်။ သူက လက်နှစ်ဖက်ကြားမှ ရှောင်ထွက်ပြီး အပေါ်သို့ခုန်လိုက်၏။

အလွန်ပေါ့ပါးစွာ သူ့ကိုယ်သည် မြောက်တက်ကာ လေမှာပျံဝဲနေသလိုဖြစ်နေ၏။ သူ့အောက်သို့ ခုန်အဆင်းမှာ သတ္တဝါကြီး



www.burmeseclassic.com

၏မျက်နှာကို ခြေထောက်ဖြင့်ကန်လိုက်၏။

"အား . . . ဂရား . . . ရား . . . ရား"

သတ္တဝါကြီး အော်ပြေးသည်။

သူ့ထက်နှစ်ဆလောက်မြင့်သောအကောင်ကြီး ရောက်လာပြန်၏။

အကောင်ကြီးကို သူဓားဖြင့်တိုက်ပစ်လိုက်၏။ ပြီးတော့ ခုန်ပျံတက်ကာ အကောင်ကြီး၏မေးရိုးသို့ လက်သီးများ ဆက်တိုက်ပစ်သွင်းလိုက်သည်။ သူ၏လက်သီးများကိုရှောင်တိမ်းရင်းမှ အကောင်ကြီးသည် သူ့ကို မ,ချီမြှောက်ရန်ကြိုးစားသည်။

သို့သော် သူ့ကို အကောင်ကြီးဖမ်းမမိ။ သူသည် ပေါ့ပါးသွက်လက်စွာခုန်ပျံပြီး အကောင်ကြီးကိုတိုက်ခိုက်နေသည်။

ဘာကြောင့်များ ဒီလောက်ပေါ့ပါးပြီး လျှင်မြန်နေတာ၊ ခွန်အားတွေကြီးနေတာလဲဆိုတာ သူ့ကိုယ်သူပင် အံ့ဩနေမိ၏။

အကောင်ကြီး၏မျက်လုံးများသည် ပြူးသည်ထက် ပြူးကျယ်လာသည်ဟုတင်ရ၏။ အရောင်တွေကလည်း ဝင်းဝင်းတောက်နေ



သည်။ အကောင်ကြီး၏မျက်လုံးမှ မီးလျှံတွေထွက်လာသည်။ သူ ရှောင်တိမ်းရင်းမှ ခေါင်းမှာပတ်ထားသောပဝါကို ဖြုတ်လိုက်၏။

ထိုပဝါတွင် အင်းကွက်များ ရေးဆွဲထား၏။ ပြီးတော့ ဝိဇ္ဇာလက်ရေးဟုခေါ်သောလက်ရေးမျိုးဖြင့် ဆရာကြီးဦးအောင်ပွင့်ကိုယ်တိုင် မန္တန်တွေရေးပေးထားသည်မဟုတ်လား။

အကောင်ကြီး၏မျက်လုံးမှထွက်လာသော မီးခိုးမီးလျှံများကို ပဝါဖြင့် ကာထားလိုက်၏။ မီးခိုးမီးလျှံများသည် ပဝါကိုထိတွေ့ပြီးသည်နှင့် အကောင်ကြီးဆီပျံ့လွင့်ကာ အကောင်ကြီးအား မီးများလောင်ကျွမ်းကုန်ကာ၊ အကောင်ကြီးသည် အခိုးအငွေ့အဖြစ်ပြောင်းကာ၊ လုံးဝကွယ်ပျောက်သွားတော့၏။

ကြည့်စမ်း . . .

သိပ်စွမ်းတဲ့ ပဝါပါလား . . .

ဒါကြောင့် ဆရာကြီးက ဘာမှမကြောက်နဲ့လို့ပြောတာ။

"ဟား . . . ဟား . . . ဟီး . . . ဟီး . . . ဟီး"

အက်ရှရှအသံဖြင့် ရယ်သံကြားလိုက်ရပြီး မီးလုံးအနီကြီး



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့မှာ ဝဲပျံနေ၏။

"ဘာကြီးလဲ"

မီးလုံးအနီကြီး သူ့ရှေ့သို့ရောက်လာပြီး၊ တောင်ဝှေးကိုင်ထားသောမိန်းမကြီးအသွင် ပြောင်းသွား၏။ မိန်းမကြီး၏အသားအရောင်က ဝါနေသည်။ နှုတ်ခမ်းများက ထူပြီးမည်းနေ၏။ ပါးနှစ်ဖက်က အတွင်းသို့ချိုင့်ဝင်ပြီး မေးကရှည်ပြီး ချွန်သည်။ ရင်စေ့အကျီလက်ရှည်အနက်နှင့် ထဘီကလည်း အနက်ရောင်ဝတ်ထား၏။

မိန်းမကြီးက တောင်ဝှေးကိုမြှောက်ပြီး လေမှာ ဝှေ့ယမ်းလိုက်သောအခါ အလွန်ကြီးမားသော သိမ်းငှက်ကြီးတစ်ကောင် ပေါ်လာလေ၏။ တောင်ပံတဖျတ်ဖျတ်ခတ်ရင်း သိမ်းငှက်ကြီးက ဥက္ကာရဲကျော်၏ခေါင်းပေါ် ဝဲပျံလာသည်။

သူ့အား ထိုးဆိတ်ရန် ဝဲပျံနေသော သိမ်းငှက်ကြီးအား သူက ပဝါနှင့်လှမ်းရိုက်လိုက်၏။ သိမ်းငှက်ကြီးက တဂစ်ဂစ်နှင့် အော်မြည်ရင်း အပေါ်သို့တက်သွား၍ အောက်သို့ပြန်ဆင်းကာ၊ ဥက္ကာ





ရဲကျော်အား ထိုးဆိတ်ရန် ရွယ်လိုက်လုပ်နေသော်လည်း ပဝါနှင့် ဝှေ့ယမ်းနေသောကြောင့် သူ့အနားသို့ကပ်ရန် မတတ်နိုင်ဖြစ်နေပါသည်။

သည်လို ပဝါနှင့်မရိုက်ဘဲ ဝဲပျံနေသည့်သိမ်းငှက်ကြီးအား လေးနှင့်မြားသုံး၍ပစ်ခွင်းနိုင်လျှင် ကောင်းလေစွဟု တွေးမိစဉ်ပင် သူ့လက်ထဲက ပဝါကြီးသည် လေးနှင့်မြားအသွင် ပြောင်းသွားလေသည်။

ထူးဆန်းလိုက်တာဟုတွေးရင်းပင် မြားတံကို လေးတွင်တည့်ချိန်ပြီးပစ်လိုက်လေသည်။ မြားသည် သိမ်းငှက်ကြီး၏နဖူးတည့်တည့်သို့ထိမှန်ကာ မီးဟုန်းဟုန်းတောက်ပြီး သိမ်းငှက်ကြီးသည် ပြာမှုန်များအဖြစ် လွင့်စင်ကွယ်ပျောက်သွားလေသည်။

တောင်ဝှေးကိုင်ထားသောမိန်းမကြီးသည် တောင်ဝှေးကိုမြှောက်၍ လေမှာဝှေ့ယမ်းလိုက်ပြန်သည်။ ထိုအခါတွင် ရုတ်တရက်ဘယ်တပျံလာမှန်းမသိသောလင်းနို့ကောင်ကြီးများ ပျံလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လင်းနို့ကောင်ကြီးများက မရေမတွက်နိုင်အောင်ပင် များပြားသည်။ မည်သို့လုပ်ရပါမည်လဲတွေးမိသည့်ခဏ၊ လက်ထဲမှ လေးသည် ပဝါအဖြစ်ပြောင်းလဲသွား၏။ သူ့ခေါင်းပေါ် ဝဲပျံနေသောလင်းနို့ကောင်များအား ပဝါဖြင့်ပင် ဝှေ့ယမ်းရိုက်ခတ်လိုက်၏။

လင်းနို့အုပ်ကြီးကား ပဝါဖြင့်ရိုက်တိုင်းရိုက်တိုင်း တစ်ကောင်ပြီးတစ်ကောင်ပျောက်သွားရာ လက်တညောင်း မနားတမ်းရိုက်မှ လင်းနို့ကောင်များ ပျောက်ကွယ်သွားသည်။

တောင်ဝှေးကိုင်ထားသောမိန်းမကြီးသည် ဒေါသအမျက်ပြင်းစွာထွက်ဟန်ဖြင့် တောင်ဝှေးကို လေမှာဝှေ့ယမ်းလိုက်ပြန်၏။ ထိုအခါ အလွန်ကြီးမားသောမြွေကြီးတစ်ကောင် လွန့်လူးလျက်ပေါ်လာပြန်၏။

မည်သည့်မြွေအမျိုးအစားဟုပင် မပြောနိုင်အောင် မြွေကြီးက ကြီးမားပြီး အရောင်က အပြာရောင်မှာ အနက်ရောင်အစင်းတွေနှင့်ဖြစ်၏။ ခေါင်းက လုံးနေပြီး မျက်လုံးနှစ်လုံးသည် တလက်လက်တောက်ပကာ အရောင်တွေထွက်နေသည်ဟုထင်ရ၏။

မြွေကြီးသည် သူ့ရှိရာသို့ရွေ့လာကာ ကြီးထွားရှည်လျားသောအစွယ်တို့ဖြင့် သူ့အားပေါက်ရန် ရွယ်လိုက်၏။ သူက ရှောင်တိမ်းရင်းမှ ပဝါဖြင့်လှမ်းရိုက်လိုက်၏။

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

ဓမ္မံ သရဏံ ဂစ္ဆာမိ

သံဃံ သရဏံ ဂစ္ဆာမိ"

သူ့နှုတ်မှမပြတ်ရွတ်ရင်း မြွေကြီးအား လှမ်း၍ပဝါဖြင့်ရိုက်နေရာ ပဝါထဲမှ ရောင်စဉ်တန်းများထွက်ကာ မြွေကြီး၏ခေါင်းနှင့်ခန္ဓာကိုယ်မှာ မီးပွင့်တွေပွင့်သွားကာ မြွေကြီးပျောက်ကွယ်သွားလေသည်။

ထိုအခါ မိန်းမကြီးသည် ဒေါသတွေပို၍ကြီးကာ သူ့လက်ထဲမှတောင်ဝှေးဖြင့် ဥက္ကာရဲကျော်ရှိရာကို ပစ်ပေါက်လိုက်လေ၏။ တောင်ဝှေးသည် လေထဲမှာ ဝှစ်ခနဲမြည်ကာ အရှိန်အဟုန်ပြင်းစွာဖြင့်ပြေးလာ၏။





ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဥက္ကာရဲကျော်သည် တောင်ဝှေးကြီးကို ကြောက်လန့်တကြား ဖြင့် ပဝါဖြင့်လှမ်းရိုက်ရာ ပဝါသည် တောင်ဝှေးအား ပတ်မိပြီး တမင်တကာချည်တုပ်နှောင်သလို တင်းကျပ်သွား၏။ တစ်ဖက်က ပဝါကိုကိုင်ပြီး ဝှေ့ယမ်းသလောက် တောင်ဝှေးသည် ပျံ့ဝဲနေပြီး အရောင်တွေထွက်လာကာ အပိုင်းပိုင်းကျိုးရာမှ အမှုန်တွေဖြစ် ပြီးပျောက်ကွယ်သွားလေသည်။

တောင်ဝှေးကြီးအမှုန်ဖြစ်သွားတာတွေ့ရပြီး မိန်းမကြီးဆွေ့ ဆွေ့ခုန်နေစဉ် ဥက္ကာရဲကျော်က ပဝါဖြင့် မိန်းမကြီးအား ပြေး၍ ရိုက်လိုက်ရာ မိန်းမကြီးသည် ကြောက်လန့်တကြားထွက်ပြေးကာ မှောင်ထဲမှာ ပျောက်ကွယ်သွားလေသည်။

ဥက္ကာရဲကျော်သည် ပတ်ဝန်းကျင်ကို အတန်ကြာအောင်ရပ် ၍ကြည့်နေပြီး မည်သည့်အရိပ်အယောင်မှ မတွေ့သည့်အခါ ပဝါ ကို ခေါင်းမှာပြန်ပတ်လိုက်၏။

နားထဲမှာ သာယာနာပျော်ဖွယ်ရာ ဘုရားရှိခိုးသံ ကြားရ သဖြင့် အသံလာရာကို မှန်း၍လျှောက်သွားသည်။ ကျောက်ဂူကြီး





၏အဝင်ဝကိုတွေ့ပြီး အတွင်းသို့ဝင်လိုက်မိ၏။

အတွင်းမှာ အရောင်တွေလင်းနေသော်လည်း မည်သည့် မီးကိုမှထွန်းထားခြင်းမရှိ။ ကျောက်ဂူကြီးထဲ တော်တော်ဝင်သွား မိမှ ရေကန်ကြီးတစ်ကန်ကို တွေ့လေသည်။ ရေကန်ကြီးအတွင်း ရေက ကြည်စိမ်းလဲ့နေပြီး ကြာဖြူ ကြာနီပန်းများပွင့်နေ၏။

ရေကန်၏အလယ်မှာ ကျွန်းငယ်လေးဖြစ်ပေါ်ကာ ကျွန်း အလယ်တွင် ညောင်ပင်တစ်ပင်ရှိ၏။ ညောင်ပင်ဟုဆိုရသော် လည်း ညောင်ရွက်များမှာ ရွှေရောင်တောက်ပကာ ညောင်ပင် အောက် ပလ္လင်ပေါ်တွင် ကြည်ညိုသပ္ပာယ်ဖွယ်ရာ ဗုဒ္ဓဆင်းတုတော် တစ်ဆူကို ဖူးမြင်ရလေသည်။

သူသည် ရိုသေစွာ လက်အုပ်ချီ၍ကန်တော့လိုက်စဉ် . . .

"မောင်ဥက္ကာ"

"မောင်ဥက္ကာ"

"မောင်ဥက္ကာ"

ရုတ်တရက် သူ့ကိုခေါ်သည့်အသံနှင့်အတူ သူ့ကိုဆွဲထူလိုက်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ဆတ်ခနဲ အိပ်ရာကနိုးသွားလေသည်။

"ထ. . . ထ။ မင်း အိပ်ပျော်သွားတယ်ထင်တယ်။ မျက်လုံး အုပ်ထားတာဖြုတ်လိုက်"

သူ့အား ဦးအောင်ပွင့်နှင့် ကိုငွေမောင်းက ဆွဲထူလိုက်၏။

"ဟောဒီအလောင်းကဆံပင်ကို မင်းကိုယ်တိုင်ဖြတ်ယူခဲ့"

"အကုန်ဖြတ်ရမှာလား"

"တစ်ထွာလောက်ပါကွာ"

မိန်းမပျိုအလောင်းမှ ဆံပင်တစ်ထွာခန့်ဖြတ်ပြီး အင်းကွက်များဆွဲထားသော မှိုင်းကိုင်စက္ကူနှင့်ထုပ်ယူခဲ့၏။

"အလောင်းကို. . . ကျွန်တော်တို့ ဖျက်ဆီးခဲ့တာမဟုတ်ဘူးနော်။ ကာယကံရှင်တွေသိရင် တော်တော်စိတ်ဆိုးမှာပဲ"

သူက စိုးရိမ်ပူပန်စွာပြောလိုက်မိ၏။

"စိတ်မဆိုးပါဘူး။ ကာယကံရှင်တွေကို ခွင့်တောင်းခဲ့ပြီးပြီ။ သူတို့ရက်လည်ဆွမ်းသွတ်ဖို့ အလှူငွေပေးခဲ့တာကွ"

ကိုငွေမောင်းက ပြောလိုက်၏။





"ဒီရွာကလူတွေက ဆရာကြီးအကြောင်းသိနေလို့ ခွင့်ပြုပါတယ်။ မင်းလည်း ဘာမှမစိုးရိမ်နဲ့။ တော်တော်သတ္တိကောင်းတဲ့လူပဲ။ မင်းကို. . . မကောင်းဆိုးဝါးတွေက မခြောက်လှန့်ဘူးလား။ သချိုင်းစောင့် မဖဲဝါတို့၊ ဘာတို့လေ"

"အိပ်မက်တွေမက်တာ။ ကျွန်တော် အိပ်ပျော်သွားသလိုပဲ။ ဘာမှမဖြစ်ပါဘူး။ အိပ်မက်ထဲမှာတော့ ကျွန်တော်က သူ့ရဲကောင်းကြီး။ အကောင်တွေအားလုံးကို အနိုင်တိုက်ခိုက်နိုင်တာ"

"ဟား. . . ဟား။ ဆရာကြီးက အင်းတွေတိုက်ထားလို့ပါကွ။ မင်းရဲ့ပင်ကိုစိတ်ကလည်း ကောင်းတယ်။ တချို့ဆို ရူးကြောင်ကြောင်ဖြစ်သွားတတ်တယ်"

သချိုင်းတွင် လုပ်စရာကိစ္စ၊ သိမ်းဆည်းစရာများပြီးလျှင် ရွာသို့ပြန်လာခဲ့ကြ၏။

"အစောင့်အရှောက်တွေ. . . မကျွတ်မလွတ်တဲ့သူတွေကို မေတ္တာပို့အမျှဝေတော့လည်း အနှောင့်အယှက်သိပ်မတွေ့ဘူးပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်. . . အဲလိုအိပ်နေတော့ ဆရာကြီးက ဂါထာမန္တန်တွေရွတ်နေတာပဲလား"

"အင်း. . . အဲဒါတွေရွတ်ပြီး အင်းဆွဲရတာပေါ့"

အိမ်သို့ရောက်ပြီးလျှင် ဦးအောင်ပွင့် ပြင်ခိုင်းသလို ကန်တော့ပွဲနှင့် လက်ဖက်ပွဲများပြင်ပေးရ၏။

ပြီးတော့ မိန်းမပျိုလေး၏ပါးမှာ လိမ်းကျံထားသော နံ့သာရည့်ခြောက်သောအခါ ကိုငွေမောင်းက ခြစ်၍အမှုန့်များယူလာသည်ဖြစ်ရာ ထိုအမှုန့်နှင့် အင်းချပ်ကိုရောချေ၊ ဆံပင်ကို စုတ်တံလိုအသုံးပြု၍ ဥက္ကာရဲကျော်၏လက်ဝဲတွင် ယန္တြပုံတစ်ခု ရေးဆွဲလိုက်လေ၏။

ပြီးလျှင် ဂါထာမန္တန်များ ရွတ်ဖတ်၍ပေးလိုက်သည်။

"အဲဒီလက်က ယန္တြပုံကို. . . ထိမိကိုင်မိတဲ့မိန်းမမှန်သမျှမင်းကို စွဲလမ်းနှစ်သက်မှာပဲ မောင်ဥက္ကာရေ၊ ဒါပေမဲ့. . . ဒီဆေးဟာ ဘယ်လောက်အထိ ကြာရှည်ခံမယ်ဆိုတာတော့မသိဘူး။ ပြီးတော့. . . သူများတွေကို ပညာပေးရုံလောက်ပဲအသုံးပြုပါ။ ဒီထက်





လွန်ကဲပြီး သူများတွေဒုက္ခရောက်အောင်လုပ်မယ်ဆိုရင် ကိုယ်လည်း. . . ဘေးအန္တရာယ်ကြုံတွေ့တတ်တယ်"

"ဟုတ်ကဲ့ပါ. . . အဘ"

www.burmeseclassic.com

www.burmeseclassic.com

## မှန်းနိုင်သေးလား . . . မမ

"သြော်. . . ရှင်ရောက်လာပြီလား။ နိုင်ငံခြားက အဝယ်တော်တွေ ရောက်နေတယ်နော်။ ရှင်နဲ့အတူပါလာမယ့်ပစ္စည်းတွေကို ကျွန်မတို့စောင့်နေကြရတယ်"

ရုံးခန်းအတွင်း ဝင်လိုက်သည်ဆိုလျှင်ပင် သက်ဦးကေသီ၏အပြစ်တင်သလို၊ ငေါ့သလိုပြောလိုက်သံကို အရင်ကြားလိုက်ရ၏။

"မနေ့ကတည်းက. . . မျှော်နေတာ။ အရိုင်းတုံးတွေမတွေ့



www.burmeseclassic.com

www.burmeseclassic.com



ရခင် ကျွန်မတို့ဆီက. . . သွေးထားတဲ့ အချောထည်တွေကိုပြပြီး အချိန်ဆွဲထားရတယ်။ ရှင်လုပ်လိုက်ရင် ဒီလိုချည်းပဲ၊ မသေမချာ မတိမကျနဲ့"

"တောင်းပန်ပါတယ် မကေသီရယ်၊ အဲဒါ ကျွန်တော့်ကြောင့် ချည်းမဟုတ်ပါဘူး၊ ကားဆရာတွေကြောင့်လည်းပါတယ်။ ပစ္စည်း တွေတင်တာလည်း နောက်ကျတယ်"

သူက မျက်နှာကို အတတ်နိုင်ဆုံး၊ အချိုသာဆုံးအမူအရာ ထား၍ လေပြည်ကလေးနှင့် နူးညံ့စွာပြောလိုက်သည်။

"ကျောက်မျက်ကော်ပိုရေးရှင်းရဲ့အစည်းအဝေးကို ရှင်မပါ ဘဲ ကျွန်မတစ်ယောက်တည်းတက်ခဲ့ပြီ. . .။ တရုတ်ပြည်က ပြပွဲ အတွက် ကျွန်မတို့ဘာတွေပြမယ်ဆိုတာ ကျွန်မတင်လိုက်ပြီ"

"ဟုတ်ကဲ့. . . ကျွန်တော်မပါလည်း မကေသီတစ်ယောက် တည်းနဲ့ ဒီကိစ္စတွေ ဖြစ်မြောက်အောင်မြင်အောင်လုပ်နိုင်မယ်ဆို တာ ယုံကြည်ပါတယ်။ ဂုဏ်ယူပါတယ်မကေသီရယ်"

သူက တကယ်ပင် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူဟန်ဖြင့်





လက်ကိုကမ်းပေးလိုက်ရာ အပျိုကြီးမကေသီတစ်ယောက် ဘဝင် လေဟပ်သလိုခံစားရကာ သူ့ အမြဲအော်ငေါက် ဆက်ဆံနေသော ဥက္ကာရဲကျော် လက်ကမ်းပေးတာကို ပြန်၍တုံ့ပြန်ကာ လက်ဆွဲ နှုတ်ဆက်လိုက်လေရာ ဥက္ကာရဲကျော်၏ညာလက်ဝါးပေါ်မှာ ဆွဲ ထားသောယန္တြပုံနှင့် ထိမိသည့်ခဏ၊ သက်ဦးကေသီ၏လက်ဖဝါး တွင် ကျင်ခနဲခံစားရကာ တစ်ကိုယ်လုံးကြက်သီးဖြန်းဖြန်းထသွား ရ၏။

လက်ဖဝါးချင်းအထိအတွေ့သည် နူးညံ့နွေးထွေးကာ လက် မှတစ်ဆင့် တစ်ကိုယ်လုံးရှိအကြောတွေ လှုပ်ခါသွားကာ ရှိန်းဖိန်း သောခံစားမှုကို ခံစားရလေ၏။ သက်ဦးကေသီသည် သူ့လက်ကို လွှတ်မပေးဘဲ အတန်ကြာကိုင်ထားသော ဥက္ကာရဲကျော်၏မျက်နှာ ကို အသေးသားကြည့်နေမိ၏။ ဥက္ကာရဲကျော်၏မျက်နှာသည် ဒီ နေ့ အထူးပင်ကြည့်ကောင်းနေပါလား။

ခါတိုင်းလို ပြောင်ချော်ချော်၊ မထိတထိ၊ မှုန်တုပ်ကုပ်မဟုတ် ဘဲ အလွန်သဘောကောင်း ရိုကျိုးဖော်ရွေဟန်တွေနှင့် ရှုစိသက်



www.burmeseclassic.com

www.burmeseclassic.com



စဖွယ်ဖြစ်နေတာ ထူးဆန်းနေသလားလို့ပါ။

သက်ဦးကေသီ၏ ပြောင်းလဲသွားသောအမူအရာကြောင့် ဥက္ကာရဲကျော်က ပြုံးမိသည်။

အို. . . ရှင့်အပြုံးက လင်းလက်နူးညံ့နေပါလား။

ကျွန်မလက်ကိုမလွှတ်လိုက်ပါနဲ့။ အချိန်ကြာကြာလေးကိုင်ထားပေးလိုက်စမ်းပါ. . . ကိုဥက္ကာလေးရယ်။

သူ့လက်ပေါ်မှာ ရေးဆွဲထားသောယန္တြက အစွမ်းပြပြီထင်ပါရဲ့ဟု ဥက္ကာရဲကျော်ကလည်း တွေးလိုက်မိသည်။

"မကေသီရဲ့လက်တွေက သိပ်နူးညံ့တာပဲ။ လက်ချောင်းလေးတွေကလည်းသွယ်သွယ်လေး။ အနုပညာလက်ဆိုတာ ဒါမျိုးပဲထင်ပါရဲ့။ ကျွန်တော် ကျောက်စိမ်းလက်စွပ်တစ်ကွင်း လုပ်လာတယ်။ မကေသီကိုလက်ဆောင်ပေးပါရစေနော်"

လက်ကို ညင်သာစွာ ပွတ်ကြည့်ပြီးမှ လွှတ်ပေးလိုက်၏။ အပျိုကြီး ရှက်သွေးလွှမ်းသောမျက်နှာနှင့် ချင့်ရဲမပြေဖြစ်သွားတာကိုသိသားပဲ။





"လက်စွပ်ပေးတာများ ခွင့်တောင်းနေရလားကိုဥက္ကာရဲ့"

"တောင်းရတာပေါ့။ မကေသီက ဘာညာအဓိပ္ပာယ်ထင်လွဲနေမှာစိုးတယ်လေ"

"ဟင် ဘာအထင်လွဲရမှာလဲ။ ပေးလေ. . . အဲဒီလက်စွပ်"

"အခုပါမလာဘူး။ မနက်ဖြန်ကျရင်ပေးမယ်။ မကေသီလက်နဲ့တော်မှာပါ"

"အင်း. . . ဝတ်ရသေးတာပေါ့လေ"

အခြေအနေက တော်တော့်ကိုပြောင်းလဲသွားပါကလား။ အရင်ကဆို သူ့ကိုတွေ့သည်နှင့် အပြစ်တစ်မျိုးမဟုတ် တစ်မျိုးရှာပြီး ရန်တွေ့နေကျ၊ အော်ငေါက်နေကျ အပျိုကြီးမကေသီတစ်ယောက် ဒီနေ့မှ သဘောတွေဖွတ်ရွှတ်ကောင်းနေပါလားဟရို့။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## အစွမ်းထက်တဲ့ ပီယဆေး

• ကျောက်စိမ်းလက်စွပ်က အမှန်တကယ်လုပ်လာခဲ့တာပင် ဖြစ်သည်။ သူ့အနေနှင့် ဖားကန့်နှင့် ရန်ကုန်အကူး မန္တလေးတွင် လည်းဝင်၍ အရောင်းအဝယ်လုပ်တတ်သည်။

ကျောက်စိမ်းတန်းကွင်းလက်စွပ်ကလေးသည် ရိုးရိုးရှင်းရှင်း တလေးနှင့် ချစ်စရာကောင်းစွာလှပနေပေသည်။ သက်ဦးကေသီ ၏ ညာဘက်လက်ခလယ်မှာ ဝတ်ဆင်ပေးလိုက်၏။ ကိုယ်တိုင် ယုယကြင်နာဟန်ဖြင့် လက်စွပ်ဝတ်ပေးတာကိုကြည့်ရင်း သက်ဦး



www.burmeseclassic.com

www.burmeseclassic.com



တေသီရင်ထဲမှာ လိပ်ပြာတောင်ပံခတ်သလို တဖျပ်ဖျပ်ခုန်နေလေ၏။

ဒီကောင်လေး၊ သိပ်ပြီးယုယတတ်ပါလား။

"အတော်ပဲမကေသီ၊ ကြည့်ပါဦး. . . လှလိုက်တာ၊ မတေသီရဲ့အသားဖြူဖြူဝင်းဝင်းလေးနဲ့ ကျောက်စိမ်းအရောင်က သိပ်လိုက်ဖက်ညီတာပဲ"

"ဟုတ်တယ်နော်။ အဲဒါ ဘယ်ကလုပ်လာတာလဲ၊ မန္တလေးပန်းတိမ်လက်ရာလား"

"ဟုတ်တယ်. . .။ ရွှေကနည်းပြီး ကျောက်စိမ်းကိုအသားပေး ဖော်ပြထားတာလေ"

"ကျေးဇူးပဲ။ ကိုဥက္ကာကို အရမ်းအရမ်းကျေးဇူးတင်တာ။ ဒါရွှေနဲ့လုပ်ထားတာဆိုတော့ ပိုက်ဆံအကုန်အကျများမှာပဲလေ"

"ရပါတယ်. . . မကေသီရယ်"

သက်ဦးကေသီ လက်စွပ်ဝတ်ထားသောသူမ၏လက်ကို အနီးသို့ကပ်ကြည့်လိုက်၊ အဝေးသို့မြှောက်ကြည့်လိုက်လုပ်နေသည်။





"ဒါဆို. . . တို့ကလည်း ဒီနေ့ ကိုဥက္ကာကို ညစာထမင်းကျွေးဦးမယ်။ ညနေအဆင်သင့်စောင့်နေ။ တို့လာခေါ်မယ်နော်"

ညနေကျတော့ ရုံးက စောစောဆင်းကြသည်။ အိမ်ပြန် ရေချိုး၊ အဝတ်အစားလဲပြီး သက်ဦးကေသီ လာခေါ်တာကိုစောင့်သည်။ သက်ဦးကေသီကိုယ်တိုင် ကားမောင်း၍လာခေါ်သည်။

"ဒီလက်စွပ်တစ်ကွင်းတည်းတောင် ဒီလောက်လှနေတာ။ ဒါမျိုး. . . နောက်ထပ်နှစ်ကွင်းလုပ်မယ်။ ဆင်တူဖြစ်အောင်ကို ဥက္ကာက လုပ်ပေးနော်. . .။ စိန်တန်းကွင်းလေးတွေနဲ့ရောပြီး စိန်တစ်ရစ်မြတစ်ရစ်ဝတ်မယ်"

"ဟုတ်ကဲ့. . . ဒီတစ်ခေါက် ကျွန်တော်မန္တလေးပြန်ရင် လုပ်ခဲ့မယ်လေ"

"အဲဒီအထိစောင့်ရမှာလား"

"လက်စွပ်ဆင်တူလုပ်မယ်ဆို. . .။ ကျောက်စိမ်းကတော့ မမကြီးဆီမှာ ယူလို့ရတယ်"

"ဒီမှာပဲလုပ်ပေး။ မန္တလေးလည်း ပြန်မလွှတ်ချင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . ဘာဖြစ်လို့"

"ကိုဥက္ကာ မရှိရင် . . . ကုမ္ပဏီမှာ ကိုယ်တစ်ယောက်တည်း အရမ်းပင်ပန်းတယ်။ မသွားပါနဲ့တော့ကွယ်။ ဒီမှာလည်းလုပ်စရာတွေ အများကြီး။ တရုတ်ပြည်ကုန်စည်ပြပွဲအတွက် ပြင်ဆင်ရဦးမယ်။ ဒီတစ်ခါ တရုတ်ပြည်သွားရင် ကိုဥက္ကာလည်း လိုက်ခဲ့ရမယ်နော့"

"တယ်ဟုတ်ပါလား"

အပျိုကြီးမကေသီတစ်ယောက် ဥက္ကာရဲကျော်အား မျက်စိအောက်က အပျောက်မခံနိုင်အောင်ရှိချေတော့သည်။ သက်ဦးကေသီအမူအရာတွေ ပြောင်းလဲသွားတာ၊ သက်မှူးဟေသီရောကုမ္ပဏီကလူတွေပါ သိနေသည်။

စကားကိုမာမာထန်ထန်ပြော၍ အမြဲတမ်းစိတ်တိုနေတတ်သောသက်ဦးကေသီသည် ဥက္ကာရဲကျော့်ရှေ့မှာ အသက်ဆယ့်လေးငါးနှစ်ရွယ်အပျိုပေါက်စမလေးလို ရှက်အားတွေကြွယ်၍ ချွဲနွဲ့ဖွာစကားပြောဆိုတတ်နေ၏။





အပြင်အဆင်တွေကလည်းပြောင်းလဲကာ၊ ညီမဖြစ်သူထက်ပင် ခေတ်ဆန်လွန်းနေပြီ။ ဆံပင်ကို အညိုရောင်ဆိုး၍ ရေလှိုင်းဆံပင်ကောက်ထား၏။

ခါတိုင်းကုမ္ပဏီတွင် ကုမ္ပဏီယူနီဖောင်းဝတ်၊ အိမ်ပြန်ရောက်လျှင် အိမ်နေရင်း အကျီအဖြစ် ဘလောက်စ်ပွပွလေးဝတ်ကာ စာဖတ်လိုက်၊ ဗီဒီယိုခွေကြည့်လိုက်။ အိမ်မှာ တစ်ခုခုလုပ်စားလိုက်လုပ်နေတတ်သောအစ်မဖြစ်သူသည် ယခုအခါ ကုမ္ပဏီက ပြန်ရောက်တာနှင့် ရေချိုး၊ ခေတ်ဆန်သောအဝတ်အစားတွေဝတ်၊ အလှအပတွေလိမ်းခြယ်ကာ အပြင်ထွက်ဖို့ပြင်နေတတ်တာကို ညီမဖြစ်သူသက်မှူးဟေသီက အံ့ဩထူးဆန်း နားမလည်နိုင်ဖြစ်နေသည်။ ဖုန်းကလည်း အမြဲပြောနေသည်။

"မမ . . . ဘယ်လိုဖြစ်နေတာလဲ။ ဝတ်စားထားတာကလည်းကြည့်ဦး"

သူ့အစ်မကို နှာခေါင်းရှုံ့ကြည့်ရင်း ပြောလိုက်၏။

သက်ဦးကေသီသည် ဂျင်းစကတ်အတိုကိုဝတ်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



အတော်ကြာ လည်ပင်းဟိုက်လွန်းသည်။

"ဒင်နာရှိတယ်။ ဖော်ရင်းနာတွေပါတယ်ဆိုတော့. . . ဒီလို ဝတ်တာ ဘာမှမဖြစ်ပါဘူး"

"ဟွန်း. . . ဒင်နာကလည်း နေ့တိုင်းရှိနေတာလား။ ခါတိုင်း ညီမကိုအမြဲခေါ်တာ။ ခုတော့. . . ဟိုလူနဲ့ပဲသွားတာမဟုတ်လား။ ဖော်ရင်းနာတွေရှိရင် ကိုယ်က ပိုပြီးမြန်မာဆန်ဆန်ဝတ်စားရမှာ။ မမဟာက. . . မဟုတ်တော့ဘူးနော်"

"အလုပ်နဲ့ပတ်သက်လို့ ညီမကို မခေါ်တာ။ ကိုဥက္ကာလုပ်နေတဲ့အလုပ်တွေဆိုတော့ သူပါမှဖြစ်တာ"

"ဒီမှာမမ။ အရင်က ဒီလူကို မမလောက်ကြည့်မရတာ မမပဲရှိတာ။ အခုမှ. . . ကိုဥက္ကာ၊ ကိုဥက္ကာနဲ့ ပါးစပ်ဖျားက မချတော့ဘူး။ တတွဲတွဲသွားလာနေတာ မျက်စိတောင်ရှက်တယ်။ ဒီလူနဲ့ မမ. . . ရှိုးမှရှိုးရဲ့လား"

"အေး. . . ထင်ချင်သလိုထင်။ တကယ်တော့ ကိုဥက္ကာက ချစ်စရာလေးကိုး။ သူ့ကို မိန်းမက ပစ်သွားတာဆိုတော့ မမလည်း





သနားမိတာပေါ့။ ညီမအမြင်မရှင်းလို့ပါ။ တကယ်ပေါင်းကြည့်ရင် ကိုဥက္ကာက သိပ်ကြင်နာတတ်တာ"

"တော်ပါ"

ပြောမရသောအစ်မအတွက် သက်မှူးဟေသီ စိတ်ပျက်ရုံကလွဲပြီး ဘာမှမတတ်နိုင်ပါ။

● ● ●

www.burmeseclassic.com

www.burmeseclassic.com

## မချစ်ဘူးတော့ ရှုံးချင်တယ်

သက်ဦးကေသီက သီချင်းဆိုချင်သည်ဆို၍ ထိုနေ့က အင်းလျားလမ်းမှာရှိသည့် ကေတီဗီတွင် သီချင်းသွားဆိုဖြစ်သည်။ ညဆယ့်တစ်နာရီထိုးမှ ပြန်လာကြ၏။

"မကေသီက သီချင်းဆိုလည်းကောင်း၊ အသံလည်း သိပ်ကောင်းတာပဲ"

"မင်းကွာ. . . မြှောက်ချင်တိုင်းမြှောက်နေတော့တာပဲ။ ထင်ခါတလေ စိတ်လွတ်လူလွတ် ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင်နေချင်



www.burmeseclassic.com

www.burmeseclassic.com



လို့။ အိမ်မှာ၊ ရုံးမှာ လူကြီးလုပ်နေရတာ ပင်ပန်းတယ်လေ"

"ဟုတ်တယ်နော်. . . မကေသီ"

"မကေသီလို့မခေါ်နဲ့။ မမလို့ခေါ်ကွာ"

"ဟုတ်. . . ဟုတ်. . . မမ"

"ကိုဥက္ကာလည်း အဆိုကောင်းပါတယ်။ ခုလိုမမနဲ့ နေရတာ ပျော်လား"

"ပျော်တာပေါ့မမရယ်"

"ဒါဆို. . . မမနဲ့အတူနေမလား"

"ဗျာ"

"မောင်လို့ခေါ်မယ်နော်"

"ဟုတ်"

"ကျွန်တော်က ချစ်တယ်လို့ဖွင့်ပြောရင် မမစိတ်ဆိုးမှာပေါ့။ ဒါကြောင့် ကြင်နာရုံပဲကြင်နာပြနိုင်တာ"

"မောင်ရယ်။ အချစ်မှာ. . . မျက်စိမရှိဘူးဆိုတာ သိပ်ဟုတ်တယ်။ ပြီးတော့ အချစ်မှာ အဆင့်အတန်းခွဲခြားမှုလည်းမရှိဘူး။





အချစ်ဟာ လူအတန်းအစားအားလုံးရဲ့ဆုံစည်းရာပဲ"

"ဟုတ်တယ်မမ"

"မမကိုဖက်ထားစမ်းပါ။ မောင့်ရင်ခွင်ထဲမှာ ခဏလောက် အိပ်စမ်းပါရစေကွယ်"

အပျိုကြီး။ ကဲချင်တော့လည်း သိပ်အကဲပိုနေပြီ။

သက်ဦးကေသီကျေနပ်အောင် အကြင်နာတွေပေးကာ အလိုလိုက်ရသော်လည်း ဥက္ကာရဲကျော်ရင်ထဲမှာ ကြိတ်၍စကားနာထိုးနေမိသည်။

"အသုံးမကျတဲ့အကောင်၊ စည်းကမ်းမရှိတဲ့အကောင်လို့ ခိုင်ဗျားပြောခဲ့တဲ့ဥက္ကာရဲကျော်ဟာ ခုတော့လည်း ခင်ဗျားမျက်စိထဲမှာ ရွှေမင်းသားလေးဖြစ်နေပြီတဲ့လား. . . ဒေါ်သက်ဦးကေသီရယ်"

"ဟောဒီမှာ ဟန်းဖုန်းတစ်လုံး ဝယ်ထားတယ်။ အဲဒါ မောင့်ကိုပေးဖို့။ မောင်ဘယ်သွားသွား။ ဘယ်ရောက်ရောက် မမဆီဖုန်းနဲ့စကားပြောနိုင်အောင်။ မမကလည်းလေ မောင့်ကိုသတိရတဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း၊ လွမ်းတဲ့အကြောင်းတွေ ပြောနိုင်တာပေါ့. . . မောင်"

သက်ဦးကေသီက လက်ကိုင်ဖုန်းတင် ဝယ်ပေးတာမဟုတ်။ ကုမ္ပဏီတွင် တစ်လတစ်သိန်းလစာပေးနေရာက တစ်လတစ်သိန်းငါးသောင်း၊ ခရီးစရိတ်က ငါးသောင်း၊ စုစုပေါင်း နှစ်သိန်းတိုးမြှင့်ပေးလေသည်။

ပြီးတော့. . .

"မောင့်ကားက နံပါတ်နိမ့်တယ်။ မော်ဒယ်လည်းနိမ့်တယ်။ အဲဒီကား အမြန်ရောင်းလိုက်။ ကားအသစ်ဝယ်နိုင်အောင် လိုတဲ့ငွေ မမစိုက်ပေးမယ်"

"ဟာ. . . အားနာစရာဗျာ"

"ဒါအားနာရမယ့်လူတွေလားလို့. . . နော်"

ဥက္ကာရဲကျော်အပေါ် သက်ဦးကေသီ၏စေတနာရေစီးကမ်းပြိုလိုက်ကာ မေတ္တာမိုးတွေ ဖြိုးဖြိုးဝေနေပုံကို ညီမဖြစ်သူသက်မှုးဟေသီက လက်ဖျားခါရအောင် အံ့ဩနေမိသည်။

ဥက္ကာရဲကျော်တစ်ယောက်တည်းသာမဟုတ်။ မောင်နှမတွေ





တံကောင်းနေပုံက ဥက္ကာရဲကျော် စျေးပေါပေါဖြင့်ဝယ်ထားသော ကျောက်စိမ်းတုံးကိုခွဲလိုက်သောအခါ အလွန်အဖိုးတန်သော သိန်းရာနှင့်ချီ၍တန်သော ကျောက်စိမ်းရရှိလိုက်သောကြောင့် ဒေါ်နီလာသည် ရန်ကုန်မှာရှိသောအိမ်ကို ပြင်ဆောက်၊ လုပ်ငန်းတွေတိုးချဲ့နှင့် စီးပွားအလွန်ဖြစ်နေသည်။

ဥက္ကာရဲကျော်ကလည်း ကျောက်စိမ်းတင်မဟုတ်။ စိန်၊ ရွှေ ပတ္တမြား၊ နီလာ၊ တခြားရတနာပစ္စည်းများကိုပါ ဝယ်ရောင်းသည့် လုပ်ငန်း ပေါက်မြောက်စွာအဆင်ပြေနေသည်။

ဒေါ်နီလာက 'သုခပြည့်စုံ' ကျောက်မျက်ကုမ္ပဏီတစ်ခု တည်ထောင်ထားသည်။ ဗိုလ်ချုပ်ဈေးတွင်လည်း ရတနာပစ္စည်းအရောင်းဆိုင်ဖွင့်ထားလေသည်။ စီးပွားရေးအဆင်ပြေပြီး ဘာလုပ်လုပ်အောင်မြင်နေသောအခါ ဥက္ကာရဲကျော် ပိုပြီးအပျော်အပါးလိုက်စားကာ အောက်ခြေလွတ်သွားလေသည်။

သက်ဦးကေသီအပျိုကြီးနှင့်တွဲ၍သွားလာရတာ ငြီးငွေ့လာ၏။ အပျိုကြီး၏ တမင်တကာချွဲ၍နွဲ့၍ပြောသံတွေအား နားကြား

www.burmeseclassic.com



ပြင်းကပ်စရာဖြစ်လာသည်။ သက်ဦးကေသီက ကြည်သလောက် အငယ်မက ဥက္ကာရဲကျော်အား လုံးဝမကြည်။ သူ့အစ်မနှင့်တတွဲတွဲ လုပ်နေတာကိုလည်း မကျေနပ်။

ကားအသစ်ကြီးစီးပြီး လက်ကိုင်ဖုန်းတကိုင်ကိုင်နှင့် ဥက္ကာရဲကျော်၏အမူအရာက မြောက်ကြွမြောက်ကြွဖြစ်နေသည်ဟုထင်မိသည်။

"မမ. . . အခုသုံးလအတွင်း မမသုံးတဲ့ငွေတွေ အရမ်းများနေပြီ"

အစ်မဖြစ်သူအားလည်း မကျေနပ်။ စာရင်းစာအုပ်များ ယူလာပြီးပြောသည်။

"ကုန်စည်ပြပွဲသွားရတော့ အဲဒီစရိတ်တွေက များမှာပေါ့"

"ဟင်. . . အဲဒီစာရင်းကိုထား။ ဒီမှာ ကိုဥက္ကာကိုထုတ်ပေးထားတဲ့ငွေတွေက အများကြီး။ အဲဒါ. . . ဘာတွေသုံးသလဲဆိုတာ စာရင်းမပြသေးဘူး"

"ကိုဥက္ကာက အလုပ်များနေတော့ စာရင်းလုပ်ဖို့အချိန်မရှိ





ဘူးလေ။ မမကိုတော့. . . ဘာတွေသုံးတယ်ဆိုတာ ပြောပါတယ်။ စာရင်းတင်ဖို့ သူ့ကိုပြောလိုက်ဦးမယ်"

"မမဘဏ်ထဲက ငွေသိန်းသုံးဆယ် ထုတ်ထားတယ်မဟုတ်လား"

"ဟဲ့. . . အဲဒါငါ့ကိုယ်ပိုင်ပိုက်ဆံလေ။ အလုပ်နဲ့. . . ဘာမှမဆိုင်ဘူး"

"အဲဒီလောက်အများကြီး. . . မမဘာတွေသုံးလဲ။ ဘာတွေဝယ်လဲ"

"ဒီလိုလာမမေးနဲ့လေ။ ကိုယ့်ပိုက်ဆံ ကိုယ်သုံးစရာရှိလို့သုံးတာပေါ့"

အစ်မဖြစ်သူ၏ဖြေပုံကို လုံးဝဘဝင်မကျ။ သက်မှူးဟေသီ နှုတ်ခမ်းစူလိုက်၏။

"မမ ဘာဖြစ်နေလဲ။ အရင်ဆို ဘာလုပ်လုပ် ဘာသုံးသုံး ညီမကိုတိုင်ပင်တယ်။ အခု ညီမအပေါ်မှာ အရမ်းလျှို့ဝှက်တယ်။ ဟိုလူနဲ့တတွဲတွဲလုပ်နေတာ မမသိပ်ကျေနပ်နေတယ်ပေါ့" ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား။ တို့ဥက္ကာဆိုတဲ့လူလည်း မမနဲ့တွဲပြီးမှ တစ်ကိုယ်လုံးရွှေတွေ ညွှတ်လို့ သူ့ကားကလည်း. . . မမဝယ်ပေးတာဆို"

"ဩော်. . . သူ့ကိုခဏချေးပေးထားတာပါ။ သူက အရမ်း အလုပ်တွေ အဆင်ပြေနေတာ။ သူ့အစ်မဆိုင်မှာ သွားကြည့်စမ်း၊ နိုင်ငံခြားသားတွေချည်းပဲ။ ရတနာတွေ ဝယ်နေကြတာ။ ဟိုက အလုပ်တွေအရမ်းအဆင်ပြေလို့ မမတို့ကုမ္ပဏီက အလုပ်ထွက် သွားမှာတောင် စိုးရတယ်"

"ထွက်ချင်လည်းထွက်ပေ့ါ။ သူ့လိုလူမျိုးများ ပေါလွန်းလို့"

"အဲဒီလိုမပြောနဲ့။ သူ့အဖေကလည်း. . . မမတို့ကုမ္ပဏီရဲ့ ရှယ်ယာဝင်လေ။ အဲဒါကြောင့် သူ့အလုပ်ကြိုးစားတာပေ့ါ။ ဒီနှစ် ကျောက်မျက်ပြပွဲမှာ မမတို့ကုမ္ပဏီက အများဆုံးကျောက်စိမ်း ရောင်းခဲ့ရတာမဟုတ်လား"

"အဲဒီ သူ့အစွမ်းကြောင့်ချည်းလည်း မဟုတ်ပါဘူး"

သက်မှူးဟေသီ လုံးဝမကျေနပ်။ ဥက္ကာရဲကျော်အား ခေါ် မေးပြန်သည်။





"ရုံးကား ပြင်ဆင်စရိတ်ရယ်၊ ညေ့ခံပွဲစရိတ်ရယ်၊ ဟောဒီ မှာ အကြမ်းရေးထားတယ်။ ကျွန်တော် အလုပ်တွေများလွန်းလို့ စာရင်းအတိအကျလုပ်မပေးနိုင်တာပါ။ အဲဒါတွေကို ပြန်စိစစ်ပြီး မဟေသီလုပ်ပေးမယ်ဆိုရင် ကျေးဇူးတင်ပါတယ်"

"ပြစမ်းပါဦး။ ရှင့်စာရင်းစာရွက်၊ ဘောက်ချာတွေရော"

"ဟောဒီမှာ"

"အင်း. . . စာရင်းရေးထားတဲ့လက်ရေးကလည်း တော် တော်စုတ်ပြတ်သတ်တာပဲ"

"မဟေသီလို လက်ရေးဝိဇ္ဇာမှမဟုတ်တာ။ စာရင်းပြန်လုပ် ပေးနော်. . . ဟုတ်လား"

"ကောင်းပြီလေ။ လုပ်ပေးရမှာပေ့ါ။ ရှင့်စာရင်းကတော့ အမှန်အကန်နော်"

"ဟုတ်ကဲ့ပါ။ ကျေးဇူးတင်ပါတယ်။ မဟေသီလုပ်ပေးမှ ဒီ စာရင်းတွေလည်း မှန်သွားမှာ။ ကျွန်တော်တစ်ယောက်တည်းတော့ မလွယ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ထားခဲ့လိုက်။ အကြွမ်းစိစစ်ထားနှင့်မယ်"

"ဟုတ်ကဲ့ပါ. . . ကျေးဇူးပါ"

ပြောပြောဆိုဆိုနှင့် ဥက္ကာရဲကျော်က သက်မှူးဟေသီကို ညာလက်ကမ်းပေးပြီး လက်ဆွဲနှုတ်ဆက်လိုက်သည်။ သက်မှူးဟေသီကြောင်ငေးငေးဖြင့် သူမ၏လက်ကိုကမ်းပေးလိုက်သည်ခဏ၊ တစ်ကိုယ်လုံးမှာနွေးထွေးကာ လက်မှတစ်ဆင့် သွေးကြောတွေမှာ တစ်ခုခုစီးဝင်သွားသလို ခံစားလိုက်ရ၏။

ဥက္ကာရဲကျော်က လက်ကိုဆက်လက်ကိုင်ထားရင်း ပြုံးဖိန့်ဖိန့်လုပ်နေသည်။ သက်မှူးဟေသီသည် ဥက္ကာရဲကျော်၏မျက်နှာကိုစိုက်ကြည့်နေရင်း ရင်တွေတသိမ့်သိမ့်ခုန်လာသည်။

"စာရင်းတွေ သေချာလုပ်ပေးနော်။ အားကိုးပါတယ်"

ပြောရင်းမှ လက်ကိုယူ၍ နှုတ်ခမ်းဖြင့်ထိလိုက်သည်။

"ဟင်"

ပြီးမှ ခေါင်းညွှတ်၍အရိုအသေပေးဟန်လုပ်ကာ ထွက်သွား၏။ သက်မှူးဟေသီ ဘာမှပြန်မပြောနိုင်ဘဲ ငိုင်ကြည့်နေသည်။





သူ့နှုတ်ခမ်းဖြင့် ထိတွေ့သောလက်ဖမိုးမှာ ပူနွေးရှိန်းဖိန်းနေ၏။ တကယ်တော့ သူ့ကိုဒီလိုငိုင်ကြည့်နေရမှာလား။ ဟင်. . . ဘာမှပြောချင်စိတ်မရှိအောင်ပါလားရှင်။

ညကျတော့ သက်မှူးဟေသီသည် ဥက္ကာရဲကျော်၏လက်ရေးဖြင့် ရှုပ်ပွနေသောစာရင်းတွေကို ပြန်ကူး၍ စနစ်တကျလုပ်ပေးနေမိ၏။

စာရင်းလုပ်ရင်းမှ ဥက္ကာရဲကျော်၏နှုတ်ခမ်းနှင့် ထိတွေ့ခဲ့သောနေရာကို ခဏခဏပွတ်ကြည့်မိသည်။ ခုထိ ပူနွေးနွေးရှိန်းမြမြဖြစ်နေဆဲ။

သြော်. . . ကိုဥက္ကာရယ်။

ရှင့်ကို ကျွန်မမုန်းလို့မရတာ ဘာဖြစ်လို့ပါလိမ့်။ ထူးဆန်းနေပါလားနော်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## စွဲမိရွှေဘဝင်

"ကိုဉက္ကာ"

ရုံးသို့ရောက်သည်နှင့် ဉက္ကာရဲကျော်၏အလာကိုပင် သူမမျှော်နေမိသည်။ ဉက္ကာရဲကျော်၏ကားလေး ရုံးဝင်းထဲဝင်လာတာတွေ့သည်နှင့် သက်မှူးဟေသီသည် အဝင်တံခါးမကြီးဘက်သို့မျက်နှာကိုလှည့်ထားလေ၏။

အကျီအဖြူလက်ရှည်၊ ဘောင်းဘီရှည်အနက်ဝတ်ထားသော ဉက္ကာရဲကျော်၏အသွင်အပြင်က သန့်ရှင်းခန့်ညားနေသည်ဟု ထင်



www.burmeseclassic.com

www.burmeseclassic.com



ခါး၊ နှုံးသုံး ပလတ်စတစ်ဖိုင်အနီရောင်လေး၊ လက်ကပိုက်၍ ရုံးထဲဝင်လာသောသူ့ကိုပြုံးကြည့်ကာ သက်မှူးဟေသီက ခေါ်လိုက်၏။

ဥက္ကာရဲကျော်က စားပွဲအနီးသို့ရောက်လာ၏။

"ဟုတ်ကဲ့. . . မင်္ဂလာပါမဟေသီ"

"စာရင်းတွေ ကျွန်မစစ်ကြည့်ပြီးပြီ။ ရေးလည်းရေးလိုက်ပြီ"

"ဟုတ်လား. . . မြန်လိုက်တာ"

"စာရင်းက ဘာရှိတာမှတ်လို့။ ဘောက်ချာ မရှိတာတွေကိုလည်း ဖြည့်ရေးပေးလိုက်တယ်။ စာရင်းလက်ကျန်ငွေနဲ့ ကိုဥက္ကာမှာရှိတဲ့ငွေ. . . ကိုက်ရဲ့လား"

စာရင်းဖိုင်ကို ယူကြည့်လိုက်၏။

"ဟုတ်ကဲ့။ အဲဒီလောက်ပါပဲ"

"ဒါဆို. . . လက်မှတ်ထိုး"

"ကျေးဇူးပါ. . . မဟေသီ။ ကျွန်တော်ရေးထားတာတွေက ရှုပ်ယှက်ခတ်နေတာ။ ညက စာရင်းရေးရင်း ကျွန်တော့်ကိုကျိန်





ဆဲမှာ"

"သေချာတာပေါ့။ နောက်ကို အဲဒီလိုပစ်စလက်ခတ်မလုပ်စမ်းပါနဲ့။ လူကြီးဖြစ်နေပြီ"

"ဟုတ်ကဲ့"

ရိုရိုသေသေခေါင်းညိတ်ပြလိုက်၏။

"ရှင် ဘာကြောင့်ခုမှလိမ္မာပြနေတာလဲ"

"တကယ်လိမ္မာနေတာပါခင်ဗျာ"

"ဒါလား. . . လိမ္မာတဲ့ရုပ်"

"ကျေးဇူးတင်တဲ့အနေနဲ့ တစ်ခုခုကျွေးပါရစေ။ ထမင်းချိုင့်ပါလား။ ဒါဆို ညနေစာကျွေးမယ်။ ရုံးဆင်းရင် သွားစားမလား"

"ရှင်တကယ်စေတနာရှိတာလား။ ဒါဆို. . ."

"ဟေး. . . ကိုဥက္ကာလေး၊ ဘာလုပ်နေတာလဲ။ စောင့်လိုက်ရတာ။ လာလေ. . ."

သူ့အခန်းမှ သက်ဦးကေသီထွက်လာပြီး ပြောလိုက်သည်။

"ဟုတ်ကဲ့. . . မမ။ ဒီမှာ စာရင်းကိစ္စပြောနေလို့။ ပြီးပြီ



www.burmeseclassic.com

www.burmeseclassic.com



နော်"

ဥက္ကာရဲကျော်က ပြောလိုက်ပြီး သက်မှုုဟေသီဘက် လှည့်ကာ. . .

"ညနေစောင့်နော်။ ကျွန်တော့်ကို"

ဥက္ကာရဲကျော် အနီးမှထွက်သွားတာကိုကြည့်ရင်း သက်မှုုဟေသီရင်ထဲမှာ ပျော်တာလိုလိုဘာလိုလိုဖြစ်၍ကျန်ခဲ့သည်။ သူက တစ်ခုခုလိုက်ကျွေးမယ်ဆိုတာ ငြင်းလိုက်ဖို့ကောင်းတာ။ ဘာလို့မငြင်းမိတာပါလိမ့်။ အို. . . ကိုယ်လည်း သူ့ကိုခင်မင်နှစ်သက်မိပြီထင်ပါရဲ့။

●

"ဘာစားမှာလဲ. . . မှာလေဗျာ"

"စတော်ဘယ်ရီမစ်ရှိတ်ရယ်။ ဟန်ဘာဂါရယ်"

"ဟုတ်ပြီ"





စားသောက်ဆိုင်အခန်းက မီးရောင်မှိန်မှိန်လေးအောက်မှာ သက်မှုုဟေသီအလှက ဝင်းပနေ၏။ ရုံးဆင်းလာပေမယ့် နွမ်းနယ်မနေ၊ လန်းဆန်းလို့နေသည်။

"ကျွန်တော်နဲ့လိုက်လာတာ မကေသီသိလား"

"မသိဘူး။ မမကလည်း ဒီကအပြန် ဆံပင်သွားညှပ်မယ်ဆိုလို့ သူနဲ့မလိုက်ဘူးဆိုပြီးပြောလိုက်တာ"

"မကေသီက ဆံပင်ခဏခဏညှပ်တယ်နော်။ မဟေသီကတော့ မမလောက်အလှမပြင်ဘူး"

"ဘာလဲ. . . မမလောက်မလှဘူးလို့ပြောချင်တာလား"

"ဟာ. . . မပြင်ဘဲနဲ့ဒီလောက်လှနေတာ။ ပြင်စရာလိုသေးလို့လားဗျာ။ အဲဒီလိုမပြင်တဲ့ဒီဇိုင်းက ပိုမိုက်သေးတယ်"

"ဟင်း. . . ဟင်း. . . ဟင်း"

သက်မှုုဟေသီ ရယ်သည်။

"ရှင်ဒီလိုအပြောကောင်းလို့ မမခိုက်နေတာ"

"ဟာ. . . မကေသီနဲ့ ကျွန်တော်ဘာဆိုင်လို့လဲ။ အရှည်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တလည်းကွာပါတယ်။ အစ်မတစ်ယောက်လို ကျွန်တော်ဆက်ဆံနေတာ။ သူက စိတ်တိုစိတ်မြန်ဒေါသကြီးလွန်းလို့. . . ကျွန်တော်ချော့ပေါင်းနေတာ။ တခြားမထင်နဲ့"

"ဪ"

သက်မှုံးဟေသီက ဥက္ကာရဲကျော်အား သေချာစူးစိုက်ကြည့်မိ၏။

"ရှင် အဲဒီလိုပြောပေမယ့် ကျွန်မတော့မယုံဘူး"

"ယုံပါဗျာ။ ကျွန်တော်နဲ့ မကေသီ ဘာဆိုဘာမှမဖြစ်ပါဘူး"

"ဘာဖြစ်လို့ ကျွန်မကိုရှင်းပြနေတာလဲ"

"အထင်လွဲမှာစိုးလို့။ မဟေသီအထင်လွဲမှာမခံနိုင်ဘူး"

"ဟင်း"

သက်မှုံးဟေသီ သက်ပြင်းချလိုက်၏။

"စားလေ. . .။ မဟေသီလည်း အလုပ်လုပ်ရင်တော်ကျလွန်းတာမို့ ကျွန်တော် လေးစားမိတာပါ။ ကျွန်တော်ကတော့ သိတဲ့အတိုင်း အလုပ်လည်းများ. . . စည်းကမ်းလည်းမကျ။ ဒါပေမဲ့





ကျွန်တော့်ကိုတော့ ပေါ့ပေါ့လျော့လျော့စဉ်းစားပေးပါ"

"အခု ရှင် အရင်လိုအဆူခံရတော့လို့လား။ မမဆို ဒေါသတွေ ဘယ်ရောက်ကုန်မှန်းမသိတော့ဘူး"

"ဟုတ်. . . ဟုတ်ကဲ့။ ကျွန်တော့်ကို ကြင်နာကြတာသိပါတယ်"

သူ့ပုံက တကယ့်ကို ရိုသေကျိုးနွံနေတဲ့ပုံစံမျိုးဆိုတော့လည်း ကျွန်မတို့ညီမတွေ အပြစ်မတင်ရက်တာများလားလို့ သက်မှုံးဟေသီတွေးမိ၏။

ဘာပဲပြောပြော ကိုဥက္ကာဟာ မမပြောနေသလို ချစ်စရာကောင်းနေတာတော့အမှန်ပင်။ ကိုယ်လည်း သူ့ကိုနှစ်သက်မိနေတာထင်ပါရဲ့။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## ချစ်ဒေါသ

သမီးလေးဆန်းစံသော်တာနေသော်ကျောင်းကို ရွှေဟသ်ာ ရောက်ခဲ့တာ ဒါပထမအကြိမ်မဟုတ်။ ယခင်ကျောင်းမှနေ၍ သည် ကျောင်းသို့ပြောင်းရွှေ့ခဲ့တာသိသဖြင့် မကြာခဏ သမီးကိုအလွမ်း ပြေလာကြည့်ခဲ့မိတာမဟုတ်လား။

ကျောင်းဆင်းလာပြီမို့ ကလေးတွေရော၊ မိဘတွေပါ ရော ထွေးရှုပ်ယှက်ခတ်နေသည့်ကြားက သမီးလေးဆန်းစသော်တာကို သူမမြင်တွေ့နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



သမီးက အသက်ခုနစ်နှစ်အရွယ်၊ နှစ်တန်းတွင် ပညာသင်ကြားနေပေပြီ။ ဆံပင်ကို အလယ်မှနှစ်ဖက်ခွဲ၍ ဖဲကြိုးနီလေးဖြင့် စည်းထား၏။ ဆန်းစသော်တာအားလာကြိုသူမှာ ရတနာကျော် ဖြစ်သည်။

"ဟင်. . . ဟိုမှာမေမေ"

သမီးက မျက်စိလျှင်သည်။ အမေဖြစ်သူကိုတွေ့ပြီး ကျောင်းဝင်းထဲမှအပြေးထွက်လာ၏။

"မေမေ. . . မေမေ"

ရတနာကျော်က ဆန်းစသော်တာနောက်သို့အမီလိုက်လာ၏။

"သမီးလေး. . . မေ့မေ့သမီးလေး"

ရွှေဟသ်ာက သမီးအားဆီးကြိုပွေ့ဖက်ပြီး နမ်းရှုံ့လိုက်၏။ သားအမိနှစ်ယောက်အလွမ်းသယ်ပုံကိုကြည့်ရင်း ရတနာကျော် စိတ်မကောင်းဖြစ်မိသည်။

"သမီး. . . မေမေ့ကိုမှတ်မိသေးတယ်နော်။ သမီးကသိပ်ပြီး





ချစ်စရာကောင်းလာပါလားကွယ်"

"မမနေကောင်းလား"

ရတနာကျော်ကလည်း နှုတ်ဆက်လိုက်၏။

"အင်း. . . ကောင်းပါတယ်။ ရတနာတို့လည်း ရန်ကုန်ပြောင်းလာကြပြီပေါ့။ အားလုံးနေကောင်းကြတယ်နော်"

"ဟုတ်ကဲ့. . . မမဘယ်မှာနေလဲ။ အဆင်ပြေရဲ့လား"

"အဆင်မပြေလည်း ပြေအောင်နေရတာပေါ့။ မမမိုက်ပြစ်နဲ့မမခံရတာပါကွယ်။ ရွာကိုလည်းမပြန်ရဲဘူး"

"တီ. . . တီ. . . တီ. . . တီ"

ထိုစဉ်ပင် ဟွန်းသံဆူညံစွာပေး၍ ဥက္ကာရဲကျော်၏ကားရောက်လာ၏။ ရွှေဟသ်ာကိုတွေ့သည်နှင့် ဒေါသစိတ်တွေကြီးထွားလာသည်။ ကားတံခါးကိုဖွင့်၍ဆင်းလာပြီး သမီး၏လက်ကိုဆောင့်ဆွဲလိုက်သည်။

"ဒါ. . . လမ်းမကြီးမှာ ဘာလုပ်နေတာလဲ။ တတ်စမ်း ကားပေါ်။ ရတနာ. . . နင် ငါ့စကားနားမထောင်ဘူးပေါ့လေ။ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



မိန်းမမျိုးကို ငါ့သမီးနဲ့ပေးတွေ့စရာမလိုဘူး။ ဒီမှာ. . . မင်းလို ကလေကချေ၊ အလေအလွင့်၊ အကျင့်စာရိတ္တမကောင်းတဲ့မိန်းမနဲ့ ငါ့သမီးမတန်ပါဘူးကွာ. . .။ မင်းကိုတွေ့ရင် ခွင့်မလွှတ်နိုင်တဲ့ မင်းရဲ့ဖောက်ပြန်မှုတွေသတိရပြီး လူသတ်ချင်စိတ်ပေါက်တယ်။ သွား . . . ငါ့မျက်စိရှေ့ကသွား။ နောက်ဘယ်တော့မှ ငါ့သမီးကို လာမတွေ့နဲ့. . . မတွေ့ရဘူး"

ဒေါ်သတကြီးအော်ငေါက်ပြောဆိုပြီး ကားပေါ် တက်၊ တံခါးကိုဆောင့်ပိတ်၍ တစ်ရှိန်ထိုးမောင်းထွက်လာခဲ့သည်။ ရွှေဟသ်ာ ဘယ်လိုကျန်ရစ်ခဲ့သည်ကို ရတနာကျော်တို့တူအရီး လှည့်မကြည့်ရဲ။ ဥတ္တာရဲကျော်၏ဒေါသကိုကြောက်ကြသည်လေ. . .။

●

"တောက်"

ဥတ္တာရဲကျော်ရင်ထဲမှာ မကျေနပ်ခြင်း၊ ဒေါသဖြစ်ခြင်း၊





ပေါက်ကွဲခြင်းတို့ဖြင့် တောက်ခေါက်လိုက်၏။ ပြီးခဲ့မြီထင်ခဲ့သော အရာသည် တကယ်တော့မပြီးခဲ့သေးပါလား။ မေ့လို့မရ။ နာကြည်းလို့မဝ။ ဒေါသအမြှုက်မီးသည် တငွေ့ငွေ့လောင်ကျွမ်းနေဆဲပါပေ၊

တကယ်တော့ ရွှေဟသ်ာသည် သူ၏အချစ်ဦး၊ ပြီးတော့ အချစ်ဆုံး ဖြစ်ခဲ့တာမဟုတ်လား။ အချစ်ကြီးတော့ အမျက်ကြီးတာ အမှန်ပေ။

သူ့အချစ်ကို မလေးမစား ဖောက်ပြန်ရက်လေခြင်းလို့ ကြေကွဲစွာ၊ နာကြည်းစွာဖြင့်ပေါက်ကွဲကာ ရင်ထဲမှာ သံချွန်ဖြင့်ထိုးခံရသလို နာကျင်နေ၏။ အလကားပါ။ မိန်းမတွေဟာ ယုံကြည်ဖို့၊ ချစ်ခင်ဖို့၊ သစ္စာရှိစွာ ကြင်နာဖို့လုံးဝမကောင်း။

စိတ်ထဲမှာ ဝေယောက်ယက်ခတ်ကာ ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေသည်။ ထို့ကြောင့် စိတ်သက်သာရာရမလားလို့ နိုက်ကလပ်သို့ ထွက်လာခဲ့မိခြင်းဖြစ်၏။

စင်မြင့်ပေါ်မှာ သီချင်းဆိုနေကြသောမိန်းကလေးတွေတစ်ယောက်ပြီးတစ်ယောက် သူငေးငိုင်ကြည့်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တစ်ယောက်ကိုမှ စိတ်မဝင်စား။ စွဲမက်စဖွယ်လည်း မကောင်း။ ဒါပေမဲ့ . . . ယောကျ်ားတွေက ပန်းကုံးတွေစွပ်လိုက်၊ လက်ခုပ်လက်ဝါးတီး၍အားပေးလိုက် လုပ်နေလေသည်။

"တစ်ယောက်တည်း. . . ပျင်းနေပြီလား။ ကျွန်မ ဒီမှာထိုင်မယ်နော်"

နှာခေါင်းထဲမှာ သင်းခနဲရနံ့တစ်ခုရပြီး ချိုသာသောအသံကိုကြားရသဖြင့် လှည့်ကြည့်လိုက်၏။ အနက်ရောင်ဝတ်စုံကိုဝတ်ထားသော ဖြူဖြူဖွေးဖွေးမိန်းကလေးတစ်ယောက်။

"ထိုင်လေ"

"သူ့ကိုကြည့်နေတာကြာပြီ။ တစ်ယောက်တည်းငေါင်နေတာတွေ့လို့ ကျွန်မအဖော်လုပ်ပေးချင်လာတယ်"

ဥက္ကာရဲ့ကျော် မဲ့ပြုံးပြုံးမိ၏။

"ဘာဖြစ်နေလဲ"

မိန်းကလေးက မေးဆတ်ပြ၍မေးသည်။

"ဘာမှမဖြစ်ပါဘူး။ ဘာစားချင်လဲ. . . မှာလေ"





"ရတယ်။ ရှင်မှာချင်တာမှာ"

မိန်းကလေးအမည်က 'အိရွှေစင်' တဲ့။

"ကျွန်မအိမ်ထောင်ကျခဲ့ဖူးတယ်။ သူက ရက်စက်ယုတ်မာတယ်။ ကလေးတစ်ယောက်နဲ့ထားခဲ့တယ်။ ကျွန်မလည်း စိတ်လေလွင့်ပြီးဘဝပျက်ခဲ့တယ်"

ပွင့်ပွင့်လင်းလင်းပြောတတ်သောအိရွှေစင်ကို သူသဘောကျသလိုလိုရှိလာ၏။ ဒီလောက်လှတဲ့မိန်းကလေးကို ပစ်သွားတဲ့ယောကျ်ားလည်း ရှိသေးတာပဲကိုး။

အိရွှေစင်နှင့်တွဲ၍ကခဲ့သည်။ အပြန်မှာ အိရွှေစင်နေသည့်အိမ်သို့ သူကိုယ်တိုင်ပြန်ပို့ပေးခဲ့သည်။ နောက်နေ့တွေမှာလည်း အိရွှေစင်ဆီပဲသွားဖြစ်ခဲ့၏။

"မောင်ဘယ်ရောက်နေတာလဲ. . .။ မမကိုအဆက်အသွယ်မလုပ်ပါလား"

သက်ဦးကေသီဆီက ဖုန်းလာသည်။

"ကျွန်တော်မအားဘူး။ အရေးကြီးတဲ့ကိစ္စရှိလို့။ နောက်မှ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆက်နေ်"

သူ ဖုန်းကိုပိတ်လိုက်၏။

ကြာတော့ သက်ဦးကေသီစိတ်တိုစွာဖြင့် သံသယတွေဝင်လာသည်။

● ● ●

## ဘာရယ်မသိတဲ့စိတ်

"ဟင်. . . တွေ့ပြီ။ သူက အသစ်တွေ့နေတာကိုး"

သက်ဦးကေသီ ဟင်းခနဲဖြစ်သွားရတာက ဥက္ကာရဲကျော်နှင့် အိရွှေစင်တွဲကနေတာ မြင်သောကြောင့်ပင်တည်း။ သံသယစိတ်တွေနှင့် သူမက ဥက္ကာရဲကျော်၏ခြေလှမ်းတွေကို နောက်ယောင်ခံလိုက်ခဲ့တာမဟုတ်လား။ အိရွှေစင်သည် ငယ်လည်းငယ်၊ ချောလည်းချောတာအမှန်ပင်။

ဒါပေမဲ့ ဒီလိုပွဲမျိုးမှာလာကနေသော မိန်းမတစ်ယောက်ဟာ



www.burmeseclassic.com

www.burmeseclassic.com



အထင်ကြီးစရာမရှိပါဘူး။ ဥက္ကာရဲကျော်နှင့် အိဇ္ဇေစင်တို့ထွက်လာတာကိုစောင့်နေခဲ့သည်။

"မောင်. . . မောင်ရေ"

သူမ၏ခေါ်သံကိုမကြားသလိုနှင့်ဥက္ကာရဲကျော်က ကားဆီသို့လျှောက်သွား၏။

"မောင်. . . ဒီမှာ. . . မ,ခေါ်နေတာ မကြားဘူးလား"

ဥက္ကာရဲကျော်၏ပခုံးကို ဖက်ရင်းပြောလိုက်၏။ အိဇ္ဇေစင်က အံ့ဩစွာကြည့်ပြီးမှ နှုတ်ခမ်းကိုမဲ့သည်။

"မောင်. . . မနဲ့လိုက်ခဲ့"

"ကျွန်တော်မလိုက်နိုင်သေးဘူး။ ဒီမှာသူ့ကိုပြန်ပို့ပေးရမယ်"

"ဩော်. . . သူလား. . . ဘာအရေးကြီးလို့လဲကွယ်။ သူက မောင်မပို့လည်း ပို့မယ့်သူတွေအများကြီး။ သူ ဒါလုပ်စားနေတာပဲ"

"ဟင်. . . ရှင်တယ်စော်ကားပါလား။ ဘယ်လိုမိန်းမကြီးလဲ"

ဥက္ကာရဲကျော်ကလည်း ဒေါသထွက်သွား၏။

"မောင့်အတွက် မ,ထက် ပိုအရေးကြီးတဲ့သူရှိလို့လား။ လာ





ပါ. . . နှမောင်ရယ်။ ပြောစရာတွေရှိတယ်"

"မရဘူး. . . မမမှာ ကားပါတယ်မဟုတ်လား။ ပြန်လေ။ ကျွန်တော် မနက်ရုံးလာတော့ တွေ့ရမှာပဲ။ ကျွန်တော့်ကိုယ်ရေးကိုယ်တာတော့ ဝင်မပါပါနဲ့ဗျာ"

"မောင်နော်။ မောင့်ရဲ့ကိုယ်ရေးကိုယ်တာကိစ္စဆိုတာ ဘာလဲ။ မောင် ဘယ်မိန်းမနဲ့မှပတ်သက်စရာမလိုဘူး။ မောင့်ကို မပဲပိုင်ဆိုင်တယ်။ ဟဲ့. . . ဟိုမိန်းမ၊ နင်ပိုက်ဆံဘယ်လောက်လိုချင်လဲ. . . ပြောစမ်း။ မောင့်ကိုတော့ တွယ်ကပ်မနေနဲ့"

"ဟာ. . . မမ။ ဘာတွေပေါက်ကရပြောနေတာလဲ။ မမနဲ့ ကျွန်တော်ဘာမှမဆိုင်ဘူး"

ဥက္ကာရဲကျော် ခါးခါးသီးသီးငြင်းလိုက်သည်။

"ဘာဖြစ်လို့မဆိုင်ရမှာလဲ။ မမအချစ်ကိုလည်း မောင့်ကိုပေးထားပြီးပြီ။ မမဘဝကိုလည်း မောင်ပဲပိုင်တယ်။ အဲဒီဟာမလေးကိုရှင်းပြလိုက်စမ်း။ သူက. . . ဘာပတ်သက်စရာရှိလို့လဲ။ အပျက်မ"

"ဖြန်း"



www.burmeseclassic.com

www.burmeseclassic.com



ရန်စွယ်နှင့်ငေါ်ငေါ်ဖြစ်နေသူကို ဥက္ကာရဲကျော်ရိုက်လိုက်မိ၏။

“ဟင်. . . မောင်. . . မောင်. . . မကိုရိုက်တယ်။ မောင်၊ မကိုရိုက်တယ်. . . ဟုတ်လား။ ဒီကောင်မအတွက် မကိုဒီလိုရိုက်ရက်တယ်. . . ဟုတ်လား။ ဟင်း. . . ဟင်း။ မ,ဟာ မိဘကတောင် ဒီလိုရိုက်ဖို့မပြောနဲ့ စကားနဲ့တောင် မာမာပြောတာမဟုတ်ဘူး။ အခုမှ. . . ဒီလိုရိုက်ခံရတယ်လို့ အသည်းနာတယ်။ အဲဒီကောင်မကြောင့်တဲ့လား. . . သိရောပေါ့”

မချင့်မရဲပြောရာကနေ ဒေါသအထွတ်အထိပ်ရောက်ပုံဖြင့် သက်ဦးကေသီဆွေ့ဆွေ့ခုန်ပြီး အိရွှေစင်၏ဆံပင်ကိုဆွဲဆောင့်လိုက်ရင်းမှ အိရွှေစင်နှင့် သက်ဦးကေသီတို့ လုံးထွေးသတ်ပုတ်နေကြသည်။

“မကေသီ. . . ခင်ဗျား. . . ခင်ဗျားလွန်တယ်ဗျာ။ ဖယ်စမ်း လူမြင်မကောင်း”

ဥက္ကာရဲကျော် ဝင်ဖြန်ဖြေ၍မရလောက်အောင် ရှုပ်ထွေး





တုန်သည်။ အိရွှေစင်ကလည်း လုံးဝမခံ။ သက်ဦးကေသီ၏မျက်နှာကို လက်သည်းရှည်များဖြင့်ကုတ်ဖဲ့သည်။

ဟိုတယ်ကြီးရှေ့မှာ အဲသည်လိုမိန်းမနှစ်ယောက် သတ်ပုတ်နေကြသောကြောင့် လူတွေလည်း ဝိုင်းအုံကြည့်ရှုကြကုန်သည်။ သူတို့နှစ်ယောက်က မရှက်။ ဥက္ကာရဲကျော်က ရှက်လာ၏။

“ခင်ဗျားတို့ဗျာ. . . တော်ဗျာ၊ ဘာဖြစ်နေကြတာလဲ။ ကြည့်မကောင်းပါဘူး။ မမ. . , ဖယ်ဗျာ၊ သွားပါ။ အိရွှေစင်. . . တက်။ ကားပေါ်မြန်မြန်တက်”

အိရွှေစင်အား ကားပေါ်အမြန်တက်စေသည်။ ပြီးတော့ သူကားပေါ်တက်မည့်အလုပ် သက်ဦးကေသီက အတင်းဆွဲထား၏။

“မသွားရဘူး. . . မောင်မသွားရဘူး။ မနဲ့လိုက်ခဲ့”

“လွှတ်ဗျာ. . . ခင်ဗျားပြန်တော့”

“မပြန်ဘူး။ မောင်နဲ့မှအတူပြန်မယ်”

“ဟာ. . . တယ်ရှုပ်တာပဲ”

သူလက်မောင်းအားအတင်းဆွဲသဖြင့် ရုန်းတန်းပြီးကွင်းပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။

သက်ဦးကေသီ လမ်းပေါ်လဲသွားစဉ် သူ့ကားကိုအမြန်စက်နှိုးလိုက်၏။

"မသွားရဘူး. . . မောင်မသွားရဘူး"

သက်ဦးကေသီခုန်ဆွခုန်ဆွနှင့် ကားနောက်မှလိုက်လာ၏။ မရနိုင်တော့သည့်ဆုံး လမ်းမပေါ်မှ အုတ်ခဲကိုကောက်၍ ကားအား ပေါက်သည်။ ဝိုင်းအုံကြည့်နေသူများ လန့်သွား၏။

"ဟာ. . . ပေါက်ကုန်ပြီ။ စိတ်မှမှန်ရဲ့လားမသိဘူး"

"ဘာကြည့်နေကြတာလဲ။ ဒါမျောက်ပွဲမဟုတ်ဘူး"

"ဟား. . . ဟား. . . ဟား. . . ဟား"

"အံမာ. . . ရယ်တယ်၊ နင်တို့ရယ်နိုင်ကြသေးတယ်ဟုတ်လား။ တော်တော်ပျော်နေကြတယ်ပေါ့"

"တကယ်ရူးနေတာကွယ့်"

ဝိုင်းကြည့်နေသူတွေကို လမ်းပေါ်မှတွေ့တာနှင့်ကောက်ပြီး ပစ်နေတော့ အပြင်လူတွေထွက်ပြေးကြ၏။





"သြော်. . . သြော်။ ဒါကျတော့ ကြောက်တယ်။ တော်တော်အသုံးမကျတဲ့လူတွေ။ ဟော့. . . ဒီမှာသက်ဦးကေသီတဲ့။ ဘယ်တော့မှ သူများအကြောမခံဘူး။ ဘယ်သူတွေလဲ ငါ့ကိုရယ်တာ။ ဟိုကောင်နဲ့ဟိုကောင်မကိုမရှင်းခင်. . . ညည်းတို့ကိုရှင်းမယ်။ ဟိုကောင်ဟာ ငါ့အကောင်. . . ငါချစ်သူ၊ ငါ့ယောကျ်ားသီလား။ ဟိုကောင်မက နင်တို့ဟိုတယ်ထဲက အပိုင်းသမ"

ဟိုတယ်ထဲက အလုပ်သမားတွေရော၊ ဧည့်သည်တွေပါ ရုံးစုရုံးစုဖြင့် ထွက်ကြည့်နေကြသည်။

"ဘာကြည့်နေတာလဲ. . . ဟိုကောင်မ. . . ငါ့လင်ကိုလုမယ့်ကောင်မ"

"ဂျိမ်း"

"ဟာ. . . ဆော်တယ်ဟ"

"ချလွမ်"

ဟိုတယ်ရှေ့က ကားမှန်တွေကွဲ၊ ပန်းအိုးတွေဖျက်ဆီးနှင့်မို့ သက်ဦးကေသီအား ဟိုတယ်လုံခြုံရေးတွေကဖမ်းဆီးပြီး ရဲစခန်းသို့



www.burmeseclassic.com

www.burmeseclassic.com



ပို့လိုက်ကြခဲလေသည်။

●

အစ်မဖြစ်သူ အိမ်ပြန်မရောက်သေးသဖြင့် သက်မှူးဟေသီ အထူးစိတ်ပူပင်နေရသည်။ နောက်တစ်နေ့ရုံးတက်သည်အထိ သက်ဦးဧကသီ၏သတင်းမကြားရသေး။

ဥက္ကာရဲကျော်လည်း ရုံးမတက်။

ကေနွ. . . သူတို့နှစ်ယောက် အတူရှိနေကြတာလား။ သက်မှူးဟေသီ, အစ်မဆီကိုရော၊ ဥက္ကာရဲကျော်ဆီကိုပါ ဖုန်းခေါ်သည်။ သူတို့၏လက်ကိုင်ဖုန်းအသီးသီးကိုပိတ်ထားသဖြင့် ဖုန်းပြောခွင့်မရ။

"မဟေသီ. . . ဒီမှာဖုန်းလာနေတယ်"

ရုံးဝန်ထမ်းတစ်ဦး အရေးကြီးဟန်ဖြင့်ခေါ်လိုက်သဖြင့် သက်မှူးဟေသီက သက်ဦးဧကသီ၏ရုံးခန်းထဲကဖုန်းကို သွားကိုင်လိုက်





၏။

"ဟဲလို"

". . . . . . . . . . . . . . . . ."

"ဟုတ်ကဲ့ပါ"

". . . . . . . . . . . . . . . . ."

"ရှင်. . . ဟုတ်ကဲ့။ ဒါဆို အဲဒီမှာရှိနေတယ်ပေါ့"

". . . . . . . . . . . . . . . . ."

"ဟုတ်ကဲ့. . . ဟုတ်ကဲ့"

အစ်မဖြစ်သူ၏သတင်းကို သိလိုက်ရသဖြင့် သက်မှူးဟေသီ ဆောက်တည်ရာမရအောင် တုန်လှုပ်သွားသည်။

အိမ်သို့ဖုန်းဆက်၍ အန်တီနုအား အကျိုးအကြောင်းပြောပြကာ၊ မိမိလာခေါ်မည့်အကြောင်းပြောလိုက်၏။

"ဘာဖြစ်လို့တဲ့လဲ"

အန်တီနု စိုးရိမ်ထိတ်လန့်နေ၏။

"မမက ဟိုတယ်ရှေ့မှာ သောင်းကျန်းနေတော့ လူတွေက



www.burmeseclassic.com

www.burmeseclassic.com



ဖမ်းချုပ်ပြီး ရဲစခန်းပို့တာ။ ရဲစခန်းကလည်း စိတ်မမှန်ဘူးဆိုပြီး စိတ်ကျန်းမာရေးဆေးရုံကိုပို့လိုက်တာတဲ့။ လိုအပ်မယ့်ပစ္စည်းတွေ ယူပြီး မမဆီသွားတွေ့ရအောင်"

● ●

စိတ်ကျန်းမာရေးဆေးရုံမှာ သက်ဦးကေသီအား တွေ့လိုက်ရသောအခါ အန်တီနု ရင်တွေဆို့တက်သွား၏။

"သမီး. . . သမီး. . . ကေသီ"

"မမ"

"ဘာလဲ. . . ဘာတွေလာခေါ်နေတာလဲ။ ငါ့နာမည်ကေသီ မဟုတ်ဘူး. . . မြစိမ်းရှင်တဲ့။ ဖားကန့်သိုက်ကိုစောင့်တဲ့ အရှင်သခင်မပဲ။ ကြည့်စမ်း. . . ဟိုမိန်းမ ငါ့ကိုကြည့်နေတာများ၊ လက်အုပ်ချီပြီး ရှိုရှိုသေသေဆက်ဆံ။ ဟီ. . . ဟီ. . . ဟီ. . . ဟိ"

တကယ့်ကိုအံ့သြစရာပါလား။





သူ့ကိုယ်သူလည်း မမှတ်မိ။

ညီမနှင့် အဒေါ်ကိုလည်းမသိ။

"ဟော. . . မောင်တော်ဗညားဥက္ကာကို တွေ့ရင်ပြောလိုက်။ သခင်မလေး ဒီမှာစောင့်နေတယ်လို့။ ဟီ. . . ဟိ။ ပြောသာပြောရတယ်။ မောင်တော်က မြနန်းရွှေဂူ ပတ္တမြားသိုက်မှာ သိုက်ပေါင်းချုပ်အစည်းအဝေး သွားတက်နေတာလေ"

"မမ. . . ညီမကိုတောင် မမှတ်မိတော့ဘူးလားဟင်"

ကြေကွဲရင်နင့်စွာဖြင့် သက်မှူးဟေသီပြောရင်းမှ မျက်ရည်တွေကျလာ၏။

"ဘယ်က ညီမလဲ။ အမယ်. . . ညည်းက ဘာဖြစ်လို့ငိုနေတာလဲ။ ငါလင်လည်း လုသေးရဲ့။ ညည်းကပဲ မျက်ရည်ကျရတယ်လို့။ ဩော်. . . တရားကျဖို့ကောင်းတယ်"

"သမီး. . . အိမ်ပြန်လိုက်ခဲ့မလားဟင်"

အန်တီနုက ခေါ်လိုက်၏။

"အိမ်ပြန်လိုက်ခဲ့ရမယ်။ ရှင်က. . . ဘာလဲ။ ဘာသဘော



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကျွန်မကို ခေါ်နေရတာလဲ။ ကျောက်စိမ်းတွေ အများကြီးရှိတယ် ဆိုတာသိလို့ ပြန်ပေးဆွဲမလို့လား။ မလုပ်နဲ့. . . ကျွန်မ မနေ့ကပဲ ရဲစခန်းက ပြန်လာတယ်။ ကျွန်မကို မတရားသဖြင့် ဖမ်းချုပ်တဲ့ လူတွေကို တိုင်ချက်ဖွင့်ခဲ့ပြီးပြီ။ ပြဿနာ လာမရှာနဲ့နော်။ ကျောက်စိမ်းတွင်း အောင်ချင်သလား. . .။ ပြင်သစ်ဝိဇ္ဇာ ဘွန်ဒီးဗရိုးစ်ကို ကော်ဖီမစ်နဲ့ ကိတ်မုန့်ကပ်လှူပြီးတောင်း။ ဟဲလို. . . ဘွန်ဒီးဗရိုး။ I want to rich where is the Jade Ruby and Diamond. . Please help me . . . ဟား. . . ဟား. . . ဟား"

"ဒုက္ခပါပဲမမရယ်. . ."

ရင်နာကြေကွဲစွာဖြင့်ပင် သက်ဦးကေသီအား ဆေးရုံမှာ ထားခဲ့ရလေသည်။

● ● ●



အချစ်နှင့်. . .အမုန်း

"ဟေသီ"

သက်မှူးဟေသီသည် ဖျတ်ခနဲလှည့်ကြည့်လိုက်၏။ သူ့ဆီသို့လျှောက်လာနေသော ဥက္ကာရဲကျော်အားတွေ့လိုက်ရ၏။ အင်္ကျီအနက်၊ ဘောင်းဘီရှည်အနက်ဝတ်ထားပြီး နေကာမျက်မှန်တပ်ထားသည်။

ယောကျ်ားပီသစွာ တင့်တယ်စွာ ကြည့်ကောင်းနေသော သူ့အသွင်အပြင်ကြောင့် မိန်းမတွေ နှစ်သက်ကြတာပဲထင်ရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူမှာ ညို့အားပြင်းသော်မျက်လုံးတစ်စုံလည်း ရှိသည်လေ။

"ဖားကန့်က အမြန်ချောပို့နဲ့ပို့လိုက်တာပါ"

အနားရောက်မှ တင်မောင်ချို့အသံကြားလိုက်ရ၏။

သူမလက်ဆီ့ စာအိတ်တစ်အိတ်ကမ်းပေးတာကို လှမ်းယူရင်းကြည့်လိုက်၏။ ဥက္ကာရဲကျော်မှမဟုတ်ဘဲ။ တင်မောင်ချို့ကို *ဘယ်နှယ့်ကြောင့် ဥက္ကာရဲကျော်လို့ထင်ရတာပါလိမ့်။*

ခုမှမဟုတ်ဘူး. . .။ ဥက္ကာရဲကျော်၏မျက်နှာအမူအရာတွေမကြာခဏမြင်ယောင်ပြီး ကြည်နူးနေမိတာမဟုတ်လား။ ဘာကြောင့် ဒီလိုဖြစ်ရတာလဲ။ ဒီယောကျ်ားကြောင့် မမတစ်ယောက်စိတ်ဝေဒနာရှင်ဖြစ်သွားရတာကို စိတ်နာဖို့မကောင်းဘူးလား။

တကယ်ဆို ဟေသီ့မမ၊ သက်ဦးကေသီဘဝမှာ မိဘတွေကလည်း သမီးဦးမို့ ဖူးဖူးမှုတ်အလိုလိုက်။ အမြဲတမ်းစိတ်ပျော်ရွှင်စွာ နေထိုင်လာခဲ့ရာက ဒီလူနဲ့တွေ့မှ အလိုမကျတာ၊ ဒေါသဖြစ်တာ၊ စိတ်နာကြည်းစရာတွေနဲ့ မခံစားနိုင်အောင်ဖြစ်ပြီး ပေါက်ကွဲ





တော့ စိတ်ဝေဒနာရှင်အဖြစ်ရောက်ရတာပဲဖြစ်မည်။

"ဒီလူကို ဘာလို့စွဲလမ်းနှစ်သက်ရမှာလဲ"

"မုန်းစမ်း. . . မုန်းလိုက်စမ်း။ သစ္စာမရှိတဲ့ယောကျ်ား"

တန်ဖိုးမရှိတဲ့ ကလေကချေအမျိုးအစားထဲမှာပါတဲ့ ဥက္ကာရဲကျော်အား မမြင်မတွေ့ရလျှင်ကောင်းမှာပဲ။ ခုတော့ သူက အလုပ်ဆင်းနေသည်။ မတွေ့ချင် မြင်လျက်သား။

ဒီလူဘာလုပ်နေလဲလို့ သက်မှူးဟေသီတိတ်တိတ်လေး ခြေရာခံလိုက်ပြီးစုံစမ်းခဲ့သည်။ တော်တော်ကြောက်စရာကောင်းတဲ့လူပဲ။ အလုပ်ချိန်ပြီးတာနှင့် အရက်သောက်။ အပျော်အပါးလိုက်စားရင်း အချိန်ဖြုန်းနေတာမို့ ဒီလိုလူတစ်ယောက်အတွက် သူ့မမဘဝပျက်ရတာ မတန်လိုက်တာ။

ဒီလိုလူမျိုးကို ဘယ်လိုတုံ့ပြန်အပြစ်ပေးရမှာလဲလို့ စဉ်းစားမိကာ ဒီလိုအရက်ကို အမုန်းသောက်နေသူ၏နှလုံးလည်ပတ်မှုရပ်သွားအောင်လုပ်ရတာအလွယ်လေးမို့ ဥက္ကာရဲကျော်အရက်သောက်နေရာသို့ သွားနှုတ်ဆက်ကာ အရက်တွေပိုတိုက်လိုက်၏။



www.burmeseclassic.com

ဒါဆိုရင် သူ့အရမ်းအိပ်ပျော်သွားမှာ။ ဘာမှမလုပ်နိုင်အောင် အိပ်ချင်လို့မှိန်းနေမှာဆိုတော့ သူကိုယ်တိုင်ကားမောင်းပြန်မည့် ဥက္ကာရဲကျော်အတွက်မလွယ်။

ထိုနေ့က ဥက္ကာရဲကျော်တစ်ယောက်တည်း ကားမောင်းပြန်သွားတာကို မမှိတ်မသုန်ကြည့်ရင်း ဥက္ကာရဲကျော်၏သတင်းတစ်ခုခုတော့ ကြားရလိမ့်မည်ဟုထင်နေခဲ့သည်။



## ဖောက်လွှဲဖောက်ပြန်

"မောင်ဥက္ကာ. . . မောင်ဥက္ကာ"

အဝေးမှခေါ်နေသံသည် တဖြည်းဖြည်းအနီးသို့ရောက်လာသလိုထင်ရ၏။

"မောင်ဥက္ကာ"

"ဗျာ"

"ဩော်. . . နိုးပြီလား။ မင်းအိပ်ပျော်သွားတယ်ထင်ပါရဲ့"

ဥက္ကာရဲကျော်၏လှုပ်ရှားမှုကိုကြည့်ရင်း ဒေါက်တာစောဝဏ္ဏ

www.burmeseclassic.com



တ ပြောလိုက်သည်။

"ဖြည်းဖြည်းထ. . . မောင်ဥက္ကာ"

လို့ပြောရင်း ဒေါက်တာစောဝဏ္ဏက ဥက္ကာရဲကျော်၏ညာ ဘက်လက်ကို ဆွဲယူလိုက်၏။

"ဟာ"

ဥက္ကာရဲကျော် ဆတ်ခနဲလက်ကိုပြန်ဆွဲလိုက်၏။

"ဘာလုပ်တာလဲ"

မာမာထန်ထန်မေးလိုက်သော ဥက္ကာရဲကျော်၏မျက်လုံးတွေ သည် ရဲရဲနီနေ၏။ ဒေါက်တာစောဝဏ္ဏပင် ထိတ်လန့်တုန်လှုပ် သွားသည်။

"မောင်ဥက္ကာရဲ့ညာလက်ဖဝါးမှာ. . . ယန္တြပုံဆွဲပေးတယ် ဆိုလို့ ဘယ်လိုပုံမျိုးလဲသိချင်လို့ကြည့်တာပါ"

ချိုချိုသာသာပြောလိုက်၏။ ဥက္ကာရဲကျော် သူ့လက်ဖဝါးကို ဖြန့်ကြည့်လိုက်၏။

"ဟင်"





"ဘာဖြစ်လို့လဲ"

"မရှိတော့ဘူး။ ကျွန်တော့်လက်ဖဝါးမှာ ဘာပုံမှမရှိတော့ ဘူး"

ဒေါက်တာစောဝဏ္ဏလည်း မြင်သည်။ ဥက္ကာရဲကျော်ပြော သည့် ဆရာကြီးဆွဲပေးသည့်ယန္တြပုံဆိုတာမရှိ။

"ဘယ်လိုဖြစ်တာလဲ။ ဘယ်တုန်းက ပျက်သွားတာလဲ"

"ကျွန်တော့်ကို ခင်ဗျားဘာလုပ်လိုက်လဲ။ ကျွန်တော့်လက် ထဲကပုံကို ခင်ဗျားဖျက်ပစ်တာမဟုတ်လား"

ဥက္ကာရဲကျော် ဒေါသဖြင့်အော်လိုက်၏။

"မဟုတ်တာကွာ။ ဦးက မင်းကိုဘာမှမလုပ်ရသေးပါဘူး"

"ကျွန်တော့်ကိုအိပ်ပျော်အောင်လုပ်ပြီး ဒီလက်ဝါးကပုံကို ဖျက်ပစ်တာမဟုတ်လား။ ခင်ဗျားလူလိမ်လူညာ. . . သွားတော့။ ခင်ဗျားဆေးကုတာ မခံချင်ဘူး။ သွား. . . သွား"

"မောင်ဥက္ကာ. . . မင်းဘာဖြစ်နေတာလဲ။ မင်းလက်ဝါးမှာ ယန္တြပုံရှိတယ်ဆိုလို့ ငါကြည့်တာ။ ဘာနဲ့ရေးထားတာမို့ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက်ကြာကြာခဲ့ပြီး . . . ဘယ်အချိန်ကပျက်သွားတာလဲဆိုတာ မင်းသတိထားမိရဲ့လား"

"မကြားချင်ဘူး . . . သွား . . . သွားတော့"

ဥက္ကာရဲကျော်၏အော်သံကြောင့် ဒေါ်နီလာနှင့် ရတနာကျော်တို့ဝင်လာသည်။

"ဥက္ကာဘာဖြစ်နေတာလဲ။ ဘာဖြစ်လို့ ဒီလောက်အော်နေရတာလဲ"

"ဖေဖေ"

ဆန်းစသော်တာလည်း အခန်းထဲဝင်လာပြီး ဖခင်ဖြစ်သူအနီးကပ်သွား၏။

"သမီး . . . ဖေဖေ ဒီမှာမနေချင်ဘူး။ ဖေဖေ ဒီလူတွေကို ကြောက်တယ်"

သမီးဖြစ်သူအားဖက်၍ ဥက္ကာရဲကျော်ငိုနေပြန်သည်။

"ဖေဖေ . . . ဘာဖြစ်လို့လဲဖေဖေ"

"ဖေဖေ့ကိုဒုက္ခရောက်အောင် လုပ်နေကြတာ။ ဘာဖြစ်လို့





ဒုက္ခတွေ တစ်ခုပြီးတစ်ခုတွေ့ရတာလဲ"

ဒေါ်နီလာနှင့် ဒေါက်တာစောဝဏ္ဏတို့ အခန်းပြင်သို့ထွက်လာကြ၏။

"အခြေအနေဆိုးသလား . . . ဦးရယ်"

"အင်း . . . သူ့ကို အပြင်လူတွေနဲ့ပေးမတွေ့ဘဲ၊ အိမ်မှာပဲ ငြိမ်ငြိမ်သက်သက်နားနေပါစေ။ ဆေးတွေပေးခဲ့မယ်။ ချော့မော့ပြီးတိုက်ပေတော့။ အစားအသောက်၊ အနေအထိုင်မှန်သွားရင်တော့ ပုံမှန်ပြန်ဖြစ်သွားလိမ့်မယ်။ သူ့အကြောင်း . . . သူပြောပြနေတာတော့အဟုတ်ပဲ။ ဒါပေမဲ့ . . . ဒါတွေဟာ အမှန်ဖြစ်ချင်မှဖြစ်မယ်။ သူ့လက်ဖဝါးမှာဆွဲထားတဲ့ အဆောင်ယန္တြဆိုတာ အရင်တာ မြင်မိလား"

"သတိမထားမိပါဘူးဦး"

"သူ့ကို အစွဲတွေဘာတွေချွတ်တတ်တယ်ဆိုတဲ့ ဆရာတစ်ယောက်ယောက်နဲ့လည်း ပြကြည့်ပါဦး။ ပြီးတော့ . . . ဘာသာရေးနဲ့စိတ်ငြိမ်းချမ်းအောင် လုပ်နိုင်ရင်လည်းကောင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာစောဝဏ္ဏက ဆေးကို ဆယ်ရက်စာပေးသွား၏။

●

"ဖေဖေ. . . ဆေးသောက်လိုက်ပါဦး"

ဆန်းစသော်တာက အဖေဖြစ်သူကိုဆေးတိုက်၏။

"ဘာဆေးလဲသမီး"

"အားဆေး. . . ဒါမှဖေဖေနေကောင်းလာမှာ"

"ဆေးချည်း. . . သောက်လို့မရဘူး။ အစားလည်းများများစားမှ"

"ဘာစားချင်လဲဖေဖေ"

"အမဲသားကြော်. . . အမဲသားနှပ်"

"အိမ်မှာ. . . အမဲသားမချက်ရဘူးတဲ့"

"အမဲသားမှ သွေးအားကောင်းမှာသမီးရဲ့။ အဲဒါမစားရရင် ဖေဖေ. . . အကြောတွေတက်တယ်"●





ဒေါ်နီလာ ထိတ်လန့်တုန်လှုပ်သွား၏။ ဒါပေမဲ့. . . မောင်ဖြစ်သူအကြိုက် ဝယ်ကျွေးခိုင်း၏။ အမဲသားတော့ မချက်နဲ့။ ဆိတ်သားပဲကျွေးဆိုသဖြင့် ဒေါ်အေးကျင်က ဆိတ်သားဝယ်ချက်ရလေသည်။

အိမ်မှာ အသန်းက မနေဆိုကာ ထွက်သွားသဖြင့် မှုမှုဆိုသောမိန်းကလေးတစ်ယောက် ခေါ်ထားရ၏။

"ကျင်ကျင်. . . ဟိုမှာညှော်သည်လာနေတယ်။ ကျင်ကျင့်ကိုမေးတာ"

မှုမှုလာပြောသဖြင့် ကြည့်လိုက်ရာ ဆင်ဝင်အောက်မှာ ကားတစ်စီးရပ်ထားသည်ကိုတွေ့လိုက်ရ၏။ ကားပေါ်မှဆင်းလာသူကား သက်မှူးဟေသီဖြစ်သည်။

"သြော်. . . မဟေသီ၊ လာပါရှင်၊ အထဲဝင်ပါ။ ကိုလေးကိုလာကြည့်တာလား"

"ဟုတ်ကဲ့"

"မနီလာတို့တော့ မရှိကြဘူး။ ကိုလေးလည်း ခုပဲသမင်းစား



www.burmeseclassic.com

www.burmeseclassic.com



"ဂျိမ်း"

"အမယ်လေး"

ဂျိမ်းခနဲမြည်သံကြီးကြောင့် ဒေါ်အေးကျင်လန့်၍အော်လိုက်ခြင်းဖြစ်သည်။ အသံလာရာနောက်သို့ လှည့်ကြည့်လိုက်သောအခါ တံခါးကို ဒေါသတကြီးတွန်းဖွင့်လိုက်သဖြင့် တံခါးနှင့်အုတ်နံရံဆောင့်ကာ မြည်ဟည်းသွားခြင်းဖြစ်၏။

တံခါးဝမှ ဥက္ကာရဲကျော် မျက်ထောင့်နီကြီးဖြင့်ကြည့်ကာ ရပ်နေ၏။ အသားက ဖြူဖပ်ဖြူရော် သွေးမရှိသလိုဖြစ်နေပြီး မျက်လုံးများက ရဲရဲနီနေ၏။

"ဘာလဲ. . . ဘယ်မှာလဲ. . . တစ္ဆေ။ ဘယ်သူလဲ ဖုတ်ဝင်နေတာ"

အသံကြီးကလည်း အက်ရှရှ တုန်ယင်ယင်နှင့် ချောက်ချားဖွယ်ကောင်းနေသည်။

ဒေါ်အေးကျင်က ကြက်သီးတွေဖြန်းဖြန်းထကာ ထိတ်လန့်နေ၏။ သူတို့နှစ်ယောက်ပြောတာ ဥက္ကာရဲကျော်ကြားသွားပြီမဟုတ်





ပါလား။

"ဘယ်မှာလဲ တစ္ဆေ။ ဘယ်သူ့ကိုပြောတာလဲ၊ ဖုတ်ဝင်နေတာ. . . ဟင်"

ထပ်မံ၍မေးရင်း ရှေ့သို့ တစ်လှမ်းချင်းလျှောက်လာ၏။

"မင်းကလား. . . ငါ့ကို။ မကောင်းဆိုးဝါးပူးကပ်နေတာမင်းကွ။ ငါ့ကိုသေအောင်လုပ်တာ မင်းမဟုတ်လားဟေ့သီ"

စူးရဲသောအကြည့်ဖြင့်ကြည့်ရင်း သက်မှူးဟေသီဆီသို့ ဦးတည်၍သွား၏။

သက်မှူးဟေသီမှာလည်း ထိတ်လန့်ကြောက်ရွံ့ကာ အသားတွေက တဆတ်ဆတ်တုန်နေလေသည်။

ဘာပြန်ပြောရမှန်းမသိ။

လူအား စားတော့ဝါးတော့မလိုကြည့်ရင်း သူ့ဆီလျှောက်လာနေသောဥက္ကာရဲကျော်အား ကြောက်ရွံ့စွာကြည့်ရင်းမှ နောက်သို့ဖြည်းဖြည်းချင်းဆုတ်၏။

"မင်းလား. . . ငါ့ကိုသေစေချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်သေတာလား၊ လက်ဖွဲ့ကြိုးကြောင့် သေပြီးသောအလောင်းမှာ ပူးကပ်နေသောတစ်စုံတစ်ရာ ထွက်ခွာသွားတာလား၊ သေချာမသိနိုင်ပါ။

သေချာတာကတော့ ဒေါ်သ၊ မောဟတရားများဖြင့် သေဆုံးခြင်းအတွက် မကျွတ်မလွတ်နိုင်ခြင်းပင်ဖြစ်လေသတည်း။

BURMESE CLASSIC

ဥက္ကာရသေဟ

www.burmeseclassic.com